The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 33 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 20, 2018

# ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ သန်း ၉၀၀ ခန့်လျော့နည်းလာ

စာမျက်နှာ - ၈ ➢




## နိုင်ငံခြားငွေဈေး မြင့်လာ၍ ပြည်တွင်းတပ်ဆင်ကားများသာ လူကြိုက်များနေ

စာမျက်နှာ - ၂၂ ➢

## ပြည်ပသို့ နွားတင်ပို့မှုကြောင့် အညာဒေသတွင် နွားဈေးခုန်တက် နွားမွေးသူများ တွက်ခြေကိုက်နေ

စာမျက်နှာ - ၂၄ ➢

## ဦးစားပေးကုန်ပစ္စည်းများစာရင်း ထုတ်ပြန်လိုက်ခြင်းသည် လက်လီလက်ကား ရောင်းဝယ်ရေးကဏ္ဍကိုတစ်ခေတ်ဆန်းလိုက်ခြင်းဖြစ်သည်

စာမျက်နှာ - ၂၀ ➢

## စိန်တလုံးသရက်



စာမျက်နှာ - ၁၂ ➢




ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအင်ဂျင်နီယာဌာန (အဆောက်အအုံ) ၏ ခွင့်ပြုပုံစံပါ စံနှုန်းများအတိုင်းအာမခံ ဆောက်လုပ်သည်။

Contact : PHONE MYAT AUNG
(Office)
T : +95 1 535599, +95 1 503608
+95 9 5072358
(Email)
moeconstruction.pma@gmail.com



တို့တောင်သူတွေ ဘဝစိတ်အေးဖို့ သီးနှံအာမခံထားကြစို့
GLOBAL WORLD INSURANCE CO., LTD
ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီ
Crop Insurance
သီးနှံအာမခံ
Hotline
09 - 33087771
အမှတ်(၆၂)၊ ဗဟိုစည်အိမ်ရာဝင်း၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၃၀၂၅၀၈



呵护健康 微处健民！
质量认证书 : ISO9001/ISO134850 CE 0197 USA FDA.510(k):k05999 k042102
缅甸FDA : M-Device 03/2013 , M-Device 02/2013
QUALITY PRODUCT
HANMA®
MEDICAL DEVICES
Reg No.184/2004
HANAKO
Reg No. 142/2005
medical devices
生产商:江西三鑫医疗科技股份有限公司
JIANGXI SANXIN MEDTEC CO.,LTD
缅甸总代理:
缅甸白氏兄弟国际贸易有限公司
Pai Brothers' Int'l Trading Co.,Ltd.
电话:曼德勒
02-32878,72888,68999
09-2078888
仰光:
01-552388, 552399,
09-442888888

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြစ်ကြီးနား စီးပွားရေးဖွံ့ဖြိုးရေးဇုန်၊ ကန်ပိုက်တီနယ်စပ် ဖွံ့ဖြိုးတိုးတက်ရေးဇုန် ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းအဖွဲ့သို့ လမ်းညွှန်အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့၊ ဟိုတယ်နန်းသီတာရှိ အစည်းအဝေးခန်းမ၌ မြစ်ကြီးနားမြို့ စီးပွားရေးဖွံ့ဖြိုးမှုဇုန်တည်ဆောက်ရေးနှင့် ကန်ပိုက်တီနယ်စပ်ဖွံ့ဖြိုးတိုးတက်ရေးဇုန် တည်ဆောက်ရေး၊ စီမံကိန်းဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့်တွေ့ဆုံ၍ စီမံကိန်းဆိုင်ရာကိစ္စများ ရှင်းလင်းတင်ပြသည့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးမှ လုပ်ငန်းလမ်းညွှန်မှာကြားရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံသည် တောတောင်ရေမြေချင်း ထိစပ်လျက်ရှိပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှု အများဆုံးပြုလုပ်လျက်ရှိကြောင်း၊ ကန်ပိုက်တီနယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာကာ ဒေသနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

ကချင်ပြည်နယ်သည် သယံဇာတကြွယ်ဝပြီး မြေလွတ်မြေရိုင်းများ ပေါများမှုရှိခြင်းကြောင့် တစ်ဖက်နိုင်ငံမှ ငွေကြေးအရင်းအနှီးနှင့် နည်းပညာများကို ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ စီးပွားရေးဇုန်များ တည်ဆောက်မည့် ပြည်ပကုမ္ပဏီများအနေဖြင့် နိုင်ငံတော်မှချမှတ်ထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ကြောင်း၊ ဥပဒေ၏ အကာအကွယ် အပြည့်အဝ ရရှိမည်ဖြစ်ပါကြောင်း။

ကချင်ပြည်နယ်၏ ကြွယ်ဝသည့်မြေအရင်းအမြစ်၊ ကောင်းမွန်သော ရာသီဥတု အခြေအနေနှင့် အလားအလာကောင်းသည့် ဈေးကွက်စီးပွားရေးအခြေအနေတို့ကို ပေါင်းစပ်ပြီး မြစ်ကြီးနားဒေသအား စီးပွားရေးဖွံ့ဖြိုးရေးဇုန်အဖြစ် တည်ဆောက်မည်ဖြစ်ပြီး ဇုန်အတွင်း စက်မှုထုတ်ကုန်ကဏ္ဍကို လယ်ယာစိုက်ပျိုးမွေးမြူရေးအပိုင်း အဓိကထား၍ တန်ဖိုးမြင့် အချောကိုင် လုပ်ငန်းများဖြစ်သော စက်မှု ကုန်ထုတ်လုပ်ခြင်း၊ လယ်ယာထွက်ကုန်ထုတ်လုပ်ခြင်း၊ ခေတ်မီဆောက်လုပ်ရေးပစ္စည်းများ အသေးစား စက်မှုကုန်ထုတ်လုပ်ခြင်း၊ ခရီးသွားကုန်စည် သယ်ယူပို့ဆောင်ခြင်းများ ပါဝင်ခြင်းကြောင့် ဒေသနှစ်ခု၏ ဈေးကွက်အရင်းအမြစ်များကို အကျိုးရှိစွာ ပေါင်းဆက်နိုင်မှာဖြစ်ကြောင်း၊ ဒေသတွင်းပြည်သူများ၏ အလုပ်အကိုင် အခွင့်လမ်းများ ပိုမိုရရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း ပြောကြားသည်။

**စာမျက်နှာ ၁၃ သို့**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၁၃ ရက်တွင် နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံမှပို့ကုန်များ ထိုင်းနိုင်ငံသို့ ပိုမိုတင်ပို့နိုင်ရေး၊ ထားဝယ်အထူး စီးပွားရေးဇုန် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံ၊ ကန်ချနာပူရီမှ ထားဝယ် အထူးစီးပွားရေးဇုန်သို့ နှစ်လမ်းသွား ကတ္တရာကားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းအား ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း၊ ပြည်သူလူထုအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံတွင် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဩဂုတ် ၁၇ ရက်နေ့ နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၁)တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ပြည်နယ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာ-တရုတ် ကုန်သွယ်မှုလမ်းကြောင်းမှ နှစ်နိုင်ငံပို့ကုန်သွင်းကုန် လုပ်ငန်းများကို အပြန်အလှန် တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်အတွက် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲများ၊ ကုန်စည်ပြပွဲများ တိုးမြှင့်ကျင်းပပေးလျက်ရှိပါကြောင်း၊

ရှမ်းပြည်နယ်တွင် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ကုန်သွယ်မှုနယ်မြေများတွင် One Belt One Road အစီအစဉ်အောက်ရှိ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံအောက်တွင် နှစ်နိုင်ငံနယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ ဆောင်ရွက်ရန် သဘောတူထားပါကြောင်း၊ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များကြောင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည်ဖြစ်သလို ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ဒေသတွင်း ကုန်ထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ပြီး နှစ်နိုင်ငံ ကုန်သွယ်မှု မြင့်မားလာမည်ဖြစ် ပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ရှမ်းပြည်နယ်အတွင်း မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သည် နယ်စပ်ကုန်သွယ်မှုတွင် အများဆုံး ကုန်သွယ်မှုဇုန်ဖြစ်သည့်အပြင် မြန်မာ-တရုတ် ကုန်သွယ်မှုတွင် အရေးကြီးသည့်နေရာဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံ ပြည်သူများ အကျိုးဖြစ်ထွန်းမှုအတွက် အခြေအနေကောင်းများ ဆောင်ရွက် နိုင်မည်ဖြစ်ပါကြောင်း၊ လယ်ယာထွက်ကုန်များအား အဆင့်မြှင့်တင် ပြုပြင်ထုတ်လုပ်ခြင်းအပါအဝင် ပို့ကုန် တင်ပို့မှုကို အထောက်အကူ ပြုလာနိုင်မည်ဖြစ်၍ မိမိတို့ဆောင်ရွက်မည့် အစီအမံများကို ပြည်နယ်အစိုးရအဖွဲ့ဝင်များ သိရှိအကြံပြုနိုင်ရန် လာရောက်ရှင်းလင်းခြင်းဖြစ်ပါကြောင်း၊

**စာမျက်နှာ ၁၃ သို့**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# တစ်ပတ်အတွင်း ဆန်တန်ချိန် နှစ်သောင်းခုနစ်ထောင်ကျော် တင်ပို့

ဩဂုတ် ၄ ရက်မှ ၁၀ ရက်ထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၁၃ သန်း တန်ဖိုးရှိ ဆန် ၂၃၄၂၂ တန် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၂၂၉၂၇ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၄၉၅တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ် မှာ ၁၇၁၇တန် လျော့ကျခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၆၃သန်းတန်ဖိုးရှိ ဆန်ကွဲ ၅၀၂ တန်ကျော်ကို တင်ပို့ခဲ့ရာ မူဆယ်မှ တန်ချိန် ၅၀၀နဲ့ လွယ်ဂျယ်မှ ၂တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၀၅ တန်ခန့် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ဆန်ကွဲ တင်ပို့မှု ၁၀၃ တန်လျော့ကျခဲ့ကြောင်း သိရပါတယ်။

ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉၉သန်းတန်ဖိုးရှိ ဆန် ၄၀၄၈ တန်ကို ပင်လယ်ရေကြောင်းမှ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနဲ့အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ဖိလစ်ပိုင်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၂၅၀၊ စင်ကာပူနိုင်ငံသို့ ဇီယာဆန် ၇၁ တန်ကျော်၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၅၁ တန်ကျော်နဲ့ အီးယူနိုင်ငံများသို့ ဧည့်မထဆန်နဲ့ ပေါင်းဆန် ၃၆၇၆ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၆၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅၂ သန်းတန်ဖိုးရှိ ဆန်ကွဲ ၆၄၀၂ တန်တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၅၀နဲ့ အီးယူနိုင်ငံများသို့ ၆၁၅၂ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၅၂၇၇ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်နဲ့ဆန်ကွဲ တင်ပို့မှုမှာ ကုန်သွယ်ရေးစခန်းများမှ လျော့ကျခဲ့ပြီး ပင်လယ်ရေကြောင်းမှ ပိုမိုတင်ပို့ခဲ့နိုင်ကြောင်းသိရှိရပါတယ်။ ကုန်သွယ်မှုနည်းလမ်းနှစ်သွယ်မှ တစ်ပတ်အတွင်း ဆန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၉ဒသမ ၉၁၂ သန်း တန်ဖိုးနဲ့ တန်ချိန် ၂၇၄၇၀ ဖြစ်ပြီး ဆန်ကွဲ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၁၅ သန်းဖိုးနဲ့ ဆန်ကွဲ ၆၉၀၄ တန်ဖြစ်ကြောင်းသိရပါတယ်။


**ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်တွင် နွေစပါး၊ ဆန်ဈေးအနည်းငယ်ကျ မအူပင်ခရိုင်တွင် ဈေးနှုန်းအနည်းငယ်မြင့်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြ၊ ဝါးခယ်မ၊ မော်ကျွန်းမြို့နယ်များတွင် ယခင်တစ်ပတ်နွေစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၈၈၀၀၀ - ကျပ် ၅၉၈၀၀၀ မှ ယခု ကျပ် ၅၇၉၀၀၀ - ကျပ် ၅၈၈၀၀၀ ထိ ဈေးနှုန်းအနည်းငယ်ကျဆင်း၍ ဆန်တစ်အိတ်ကို ယခင် ကျပ် ၂၃၅၀၀ - ကျပ် ၂၄၀၀၀ မှ ယခု ကျပ် ၂၃၀၀၀ - ကျပ် ၂၃၅၀၀ ဈေးနှုန်းဖြစ်သွားပြီး ဒေသတွင်း အရောင်းအဝယ်အေးလျက်ရှိကာ အခြားတိုင်းဒေသကြီးများသို့ ဆန်တင်ပို့မှုနည်းသွားသောကြောင့် နွေစပါး၊ ဆန်ဈေး အနည်းငယ်ကျဆင်းလျက်ရှိကြောင်း ဈေးကွက်သတင်းများမှ သိရသည်။

မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ် အတွင်း ယခင်မိုးဧည့်မထစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၆၇၁၀၀၀ မှ ယခု ကျပ် ၆၈၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၈၀၀၀ မှ ယခု ကျပ် ၂၈၅၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၅၀၀ ခန့် ဈေးနှုန်းမြင့်တက်၍ နွေစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၉၈၀၀၀ မှ ယခု ကျပ် ၆၀၇၀၀၀ ဖြစ်သွားပြီး ဆန်တစ်အိတ်ကို ကျပ် ၂၅၀၀၀ မှ ကျပ် ၂၅၅၀၀ ဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိကြောင်း မအူပင်ခရိုင်အတွင်း စပါး၊ ဆန် ဈေးနှုန်းမြင့်တက်ရခြင်းမှာ ဒေသတွင်း စပါးလက်ကျန်နည်းပါးလာပြီး ဈေးကွက်ဝယ်လို အားရှိ၍ စက်ပိုင်နှင့်ကုန်သည်များမှ စပါးရရှိအောင် ဈေးပေး ဝယ်ယူမှုများကြောင့် ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။

**မင်းမင်းဦး (ပုသိမ်)**



# ဝယ်လိုအားများတာကြောင့် ဆန်ချောရော ဆန်ကြမ်းပါဈေးတက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောရော ဆန်ကြမ်းပါ ဈေးတက်ကြောင်း ဝါးတန်းဆန်စပါး ကုန်စည်ဒိုင်မှ သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်း ဆန်ထိပ်စ တစ်အိတ် ကျပ် ၄၅၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၄၄၀၀၀၊ ပုသိမ် ၊ မြောင်းမြ ပေါ်ဆန်း ဆန် ထိပ်စတစ်အိတ် ကျပ် ၄၉၀၀၀ နဲ့ လတ်စ တစ်အိတ်ကျပ် ၄၇၀၀၀၊ ကျိုက်လတ် ပေါ်ဆန်းဆန် ထိပ်စ တစ်အိတ်ကျပ် ၄၃၅၀၀ နဲ့ လတ်စ တစ်အိတ်ကျပ် ၄၃၀၀၀၊ ရွှေဘို ပေါ်ဆန်းဆန် တစ်အိတ်ကျပ် ၅၅၀၀၀-၅၉၅၀၀၊ ပေါ်ဆန်း (ရှယ်)တစ်အိတ် ကျပ် ၄၃၀၀၀-၄၅၀၀၀၊ ကျားပျံပေါ်ဆန်း (ရှယ်) တစ်အိတ်ကျပ် ၄၆၀၀၀-၄၈၀၀၀၊ ဒေးဒရဲကျားပျံ တစ်အိတ် ကျပ် ၄၈၀၀၀-၅၀၀၀၀ ရှိပြီး ယခင်တစ်ပတ် ဈေးထက် တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၂၀၀၀ ထိ ဈေးတက် ကြောင်း သိရ ပါတယ်။ ပစ္စည်းအဝင် ပုံမှန်ရှိပြီး ဝယ်လိုအားများတာကြောင့် ဈေးတက်တာဖြစ်တယ်လို့ ကုန်စည်ဒိုင်မှ သိရပါတယ်။

ယခုတစ်ပတ်မှာ ဆန်ကြမ်းတစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၈၀၀ အထိ ဈေးတက်ကြောင်းသိရပါတယ်။ ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်ကျပ် ၂၀၅၀၀ - ၂၀၈၀၀ ၊ ရက် ၉၀ ဆန် တစ် အိတ်ကျပ် ၂၄၀၀၀-၂၄၅၀၀၊ သီးထပ် (ရှယ်) တစ်အိတ် ကျပ် ၂၂၈၀၀-၂၃၀၀၀၊ အကြမ်း(ရှယ်) တစ်အိတ်ကျပ် ၂၂၈၀၀-၂၃၀၀၀ ရှိကြောင်း ပစ္စည်းအဝင်နဲ့ဝယ်လိုအား လိုအပ်ချက်ကြောင့် ဈေးတက်တာဖြစ်ကြောင်း ဆန်ဈေးကွက်မှ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၇-၈-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၃၉၄ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၀၅ | ၃၀၄ | ▽ | ၃၀၇ | ၃၀၇ | □ | ၄၁၀ | ၄၁၀ | □ | ၄၀၅ | ၄၁၀ | △ |
| ဆန်ဖြူ ၁၀% | ၃၀၄ | ၃၀၂ | ▽ | ၃၀၂ | ၃၀၂ | □ | - | - | - | ၄၀၀ | ၄၁၃ | △ |
| ဆန်ဖြူ ၁၅% | ၃၇၇ | ၃၇၀ | △ | ၃၇၇ | ၃၇၇ | □ | - | - | - | ၃၉၅ | ၄၀၀ | △ |
| ဆန်ဖြူ ၂၅% | ၃၆၇ | ၃၆၆ | ▽ | ၃၆၇ | ၃၇၂ | △ | ၃၇၅ | ၃၇၅ | □ | ၃၆၃ | ၃၆၃ | □ |
| ပေါင်းဆန် | ၄၀၄ | ၄၀၂ | ▽ | - | - | - | ၃၉၃ | ၃၀၀ | ▽ | ၄၀၀ | ၄၀၀ | □ |

***Source: liverice***

# ပြည်တွင်းမြို့ကြီးများ၏ (၁၇-၈-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၆၀၀၀ | △ | ၉၃၂၀ | △ | ၄၃၀၀၀ | □ |
| ပုသိမ် | ၆၆၂၀ | □ | ၂၆၅၀၀ | □ | ၁၀၆၀၀ | □ | ၄၅၀၀၀ | □ |
| ပဲခူး | ၆၆၀၀ | □ | ၂၇၀၀၀ | □ | ၉၂၀၀ | □ | ၄၀၀၀၀ | □ |
| ရွှေဘို | ၅၅၀၀ | △ | ၂၂၀၀၀ | △ | ၁၆၀၀၀ | △ | ၅၃၀၀၀ | △ |
| စစ်တွေ | ၆၁၀၀ | △ | ၂၅၀၀၀ | □ | ၉၅၀၀ | △ | ၄၅၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၁၀၀ | □ | ၂၃၅၀၀ | △ | - | - | ၄၂၅၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၉၀၀၀ | △ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၈၀၀၀ | □ | ၂၇၅၀၀ | □ | - | - | ၄၇၀၀၀ | △ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၀၅၀၀ | △ | ၄၆၀၀၀ | □ |
| လှိုင်ကော် | ၇၆၇၀ | △ | ၃၅၀၀၀ | □ | - | - | ၆၀၀၀၀ | □ |
| မြိတ် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၉၀၀၀ | △ |
| ဘားအံ | ၇၀၀၀ | □ | ၂၇၅၀၀ | △ | - | - | ၅၁၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၃-၈-၂၀၁၈ မှ ၁၇-၈-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 1053 | 54,463,309.012 |
| 2 | Form D | 115 | 2,737,393.467 |
| 3 | Form E | 75 | 1,354,784.660 |
| 4 | Korea GSP | 12 | 676,845.750 |
| 5 | Form AK | 132 | 8,594,001.120 |
| 6 | Form AJ | 2 | 4,218.000 |
| 7 | Form AI | 180 | 7,042,685.830 |
| 8 | Form AANZ | 10 | 182,237.500 |
| 9 | Form DFTP | 1 | 312,883,200 |
| 10 | Form CHINA | - | - |
| **Grand Total** | | **1580** | **75,368,358.539** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၇-၈-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၀/၈ | ၁၇/၈ | ပြောင်းလဲမှု | ၁၀/၈ | ၁၇/၈ | ပြောင်းလဲမှု | ၁၀/၈ | ၁၇/၈ | ပြောင်းလဲမှု | ၁၀/၈ | ၁၇/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၀၇ | ၆၉၄ | ▼ | ၆၈၃ | ၇၀၀ | ▲ | ၇၀၀ | ၇၀၀ | ■ | ၆၇၅ | ၆၈၅ | ▲ |
| ပဲစင်းငုံ | ၇၈၅ | ၆၈၆ | ▼ | ၆၆၇ | ၅၈၃ | ▼ | ၆၂၅ | ၆၀၀ | ▼ | ၆၈၅ | ၆၀၀ | ▼ |
| ပဲတီစိမ်း | ၁၆၀၀ | ၁၆၃၀ | ▲ | ၁၆၀၀ | ၁၆၀၀ | ■ | ၁၅၂၆ | ၁၄၇၃ | ▼ | ၁၄၀၀ | ၁၃၉၅ | ▼ |
| ကုလားပဲရိုးရိုး | ၁၇၀၀ | ၁၈၅၀ | ▲ | ၁၃၂၈ | ၁၄၅၀ | ▲ | ၁၂၈၉ | ၁၄၇၃ | ▲ | ၁၃၉၅ | ၁၅၄၀ | ▲ |
| ပဲလွန်းဖြူ | ၁၁၆၅ | ၁၁၁၅ | ▼ | ၁၂၅၀ | ၁၂၅၀ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၄၂၀ | ၁၄၂၀ | ■ |
| ထောပတ်ပဲ | ၂၄၃၀ | ၂၄၃၀ | ■ | ၂၇၅၆ | ၂၈၄၄ | ▲ | ၂၃၆၈ | ၂၃၆၈ | ■ | ၂၂၃၀ | ၂၃၁၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၄.၈.၁၈)ထိ | ယခုတစ်ပတ် (၁၁.၈.၁၈)ထိ | (၁.၁.၁၈) မှ (၁၁.၈.၁၈) ထိ |
| မတ်ပဲ | ၂၄၃၁၂ | ၁၄၂၉၀ | ၂၅၇၄၁၁ |
| ပဲတီစိမ်း | ၇၇၈၄၄ | ၁၇၀၈ | ၇၉၅၅၂ |
| ပဲစင်းငုံ | ၁၁၃၇၉၀ | ၁၃၃၄၅ | ၁၂၇၁၃၅ |
| ကုလားပဲ | ၃၄၇၉၄ | ၃၇၂၄ | ၃၈၅၁၈ |
| ပဲလွန်းဖြူ | ၁၉၇၃၈ | ၁၀၅ | ၁၉၈၄၃ |
| မြေထောက်ပဲ | ၈၇၄၅ | ၄၀၂ | ၉၁၄၇ |

## ပြည်ပဲကြီးသီးနံ့ဈေးများ မြင့်တက်လျက်ရှိ

ပြည်ပဲဈေးကွက်သို့ ပဲကြီးသီးနှံအနေဖြင့် ပြည်အနီးတစ်ဝိုက်ဒေသအချို့မှတစ်ရက်အိတ် ၅၀ကျော်၁၀၀အထိ ဝင်ရောက်မှုရှိခဲ့သလို ပဲလက်ကျန်များရှိနေတဲ့အတွက် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိတာကို တွေ့ရပါတယ်။ ပဲကြော်ဖိုသမားများ နေ့စဉ်အဝယ်ရှိကာ တစ်ရက်အိတ် ၂၅၀ ကျော် ၃၀၀ ပုံမှန်ရောင်းဝယ်နေ ခဲ့ကြပြီး ပဲဈေးမှာ (ရွှေကျွန်း) တစ်တင်း ကျပ် ၃၈၅၀၀မှ ကျပ် ၃၉၀၀၀၊ (ကမ်းနား) ပဲမှာ တစ်တင်း ကျပ် ၃၅၀၀၀ မှ ကျပ် ၃၆၀၀၀ဖြင့် အသီးသီး ဈေးမြင့်တက်လာခဲ့ပါတယ်။ ယခင်တစ်ပတ်က (ရွှေကျွန်း) တစ်တင်း ကျပ် ၃၆၀၀၀၊ (ကမ်းနား) တစ်တင်း ကျပ် ၃၃၀၀၀ သာရရှိခဲ့သလို ယခု တစ်ပတ်မှာ ပဲဈေးနှုန်းများ တစ်တင်း ကျပ် ၃၀၀၀ ကျော် ၄၀၀၀ နီးပါး အထိဈေးပိုရလာခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲစင်းငုံ ဈေးအေးသလို အရောင်းအဝယ်လည်း ရက်ခြားသာဖြစ်ခဲ့

ပြည်ပဲဈေးကွက်အတွင်း မတ်ပဲသီးနှံနှင့် ပဲတီစိမ်းသီးနှံ အဝင်ရှိနေသော်လည်း ပဲစင်းငုံသီးနှံကတော့ ပဲအဝင်လုံးဝမရှိတော့ဘဲ ပဲဟောင်းလက်ကျန်များဖြင့် ရန်ကုန်ဝယ်လက်အဝယ်ရှိသည့်ရက်တွင် အိတ်၁၀၀၊ ၂၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၁၂၅၀၀ သာရရှိခဲ့လို့ ယခင်တစ်ပတ်ကဈေးထက် ထပ်မံလျော့နည်းလာခဲ့ပါတယ်။ မတ်ပဲနှင့် ပဲစင်းငုံ သီးနှံများမှာ ယခုနှစ်အတွင်း ဈေးအေးခဲ့သလို အရောင်းအဝယ်လည်း အေးနေခဲ့ပါတယ်။ ပဲလက်ကျန်များရှိသော်လည်း ပဲဈေးမကောင်းခဲ့တာကြောင့် ငွေလို၍ရောင်းချသူများသာရှိတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

၂၀၁၈ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှ ဩဂုတ်လ ၁၀ ရက်နေ့အထိ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်သို့ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၁၀၂ ဒသမ ၅ တန်ဖိုးရှိ ကြက်သွန်နီ(ကြီး) ၃၅၀၀ ကီလိုဂရမ်၊ မြန်မာ ကျပ် ၅၇၀၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ(အသေး) ၁၅၀၀ ကီလိုဂရမ်တို့ကို တင်ပို့ ခဲ့ပြီး၊ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်က တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၂၄၀၀ တန်ဖိုးရှိ ဟင်ချိုမှုန့်၂၀၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၁၂၅၀ တန်ဖိုးရှိ သန့်ရှင်းရေးသုံးဆပ်ပြာရည် တန်ချိန် ၁၀၀၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၇၀၀ တန်ဖိုးရှိ ဘာဒီကော်ဖီမစ် တန်ချိန် ၂၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၄၅၀ တန်ဖိုးရှိ ပဲနို့ဗူး တန်ချိန် ၂၀၀၊ အမေရိကန်ဒေါ်လာ ၇၀၀ တန်ဖိုးရှိ ကြွေပန်းအိုးတန်ချိန် ၅၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၄၅၀ တန်ဖိုးရှိ ပေါ်လီအက်စတာ စောင်အပါး တန်ချိန် ၁၀၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၆၀ တန်ဖိုးရှိ ခေါင်းအုံး တန်ချိန် ၁၀၀ ကီလိုဂရမ်တို့ဖြင့် ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့နယ်စပ် ကုန်သွယ်ရေးစခန်း စာရင်းများအရ သိရှိရပါတယ်။

ဩဂုတ်လ ၉ ရက်မှ ၁၅ ရက်အထိ ကယားပြည်နယ်မှ မန္တလေးမြို့၊ မန္တလေး-မူဆယ်သို့ ဒေသထွက် ဧည့်မထ စုစုပေါင်းဆန်အိတ် ၄၂၉၆ အိတ် တန်ချိန်အားဖြင့် ၂၁၆ တန်ခန့် တင်ပို့ခဲ့ကြောင်း၊ တင်သွင်းမှုအနေဖြင့် ရန်ကုန်မြို့မှ ၁၅၇၅ အိတ်၊ မန္တလေးမြို့မှ ၁၅၁၇ အိတ်၊ ရွှေဘိုမြို့မှ ၂၁၉၃ အိတ် စုစုပေါင်း ၅၂၈၅ အိတ် တန်ချိန်အားဖြင့် ၂၆၅ တန်ခန့် တင်သွင်းခဲ့ကြောင်းသိရပါတယ်။

ပြောင်းတင်ပို့မှုအနေဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့ရှိ ပွဲရုံများနှင့် အစာချက်စက်ရုံများသို့ စုစုပေါင်း ၄၈၈၀ အိတ် တန်ချိန်အားဖြင့် ၂၃၉ တန်ခန့်တင်ပို့ထားကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာ သိရှိရပါတယ်။

လက်ရှိ ပြောင်းဈေးနှုန်းများမှာ ပြောင်း(ခြောက်) တစ်ပိဿာလျှင် ကျပ် ၅၄၀ ဈေးပေါက်ကြောင်း၊ ဒေသအတွင်း ဆန်ဈေးနှုန်းမှာ ဧည့်မထ(မိုး) စပါးတင် (၁၀၀)လျှင် ကျပ် ၇၆၇၀၀၀၊ ပေါ်ဆန်း ဆန်တစ်အိတ်လျှင် ကျပ် ၆၀၀၀၀၊ ပေါ်ကျွဲဆန် တစ်အိတ်လျှင် ကျပ် ၂၄၀၀၀၊ ဧည့်မထဆန် တစ်အိတ် လျှင် ကျပ်၃၆၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၅၀၀၀ ဈေးပေါက်ကြောင်း ကယားပြည်နယ် စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

**ဖြိုးဝေအောင် (လွိုင်ကော်)**

## ပြည်ပဲဈေးကွက်မှာ ပဲနီပြားသီးနှံ ဈေးကောင်းရမြဲရနေ

ပြည်ပဲဈေးကွက်ရဲ့ လက်လီပဲဈေးကွက်မှာ ဈေးကောင်းရနေတဲ့သီးနှံကတော့ ပဲနီပြားသီးနှံဖြစ်နေတာကို တွေ့ရပါတယ်။ လက်လီသာအရောင်းအဝယ်ဖြစ်လို့ တစ်ရက်အိတ် ၂၀၊ ၃၀ ကျော်ရောင်းဝယ်ခဲ့ရပြီး လက်ကျန်ပဲဖြင့် အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။

ပဲနီပြားသီးနှံတစ်တင်း ကျပ် ၃၇၀၀၀ မှ ကျပ် ၃၇၅၀၀ ထိ ရရှိနေလို့ ဈေးကောင်းရနေတဲ့ သီးနှံဖြစ်ခဲ့ပြီး ယခင်တစ်ပတ်က ပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးလို့ဆိုရမှာ ဖြစ်သော်လည်း ယခုတစ်ပတ်မှာ ပဲကြီးသီးနှံဈေးနှုန်းမြင့်တက်လာခဲ့တဲ့အတွက် ပဲဈေးကွက်အတွင်း ပဲကြီးနှင့် ပဲနီပြားသီးနှံဈေးကောင်းရနေသလို ဈေးပြိုင်ရနေခဲ့ကြပါတယ်။ ယခုနှစ်အတွင်း ပဲနီပြား သီးနှံဈေးဟာနှစ်ဆန်းပိုင်းမှစ၍ ဈေးကောင်းရနေပြီး ပဲအဝင်လှိုင်ချိန်တွင် ဈေးပြန်လျော့သွားခဲ့ကာ ပဲလက်ကျန်နည်းချိန်မှစ၍ ဈေးကောင်းပြန်ရလာတယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်မတ်ပဲ ရန်ကုန်ဝယ်လက်နေ့စဉ် အဝယ်ရှိပေမယ့် ဈေးငြိမ်လျက်ရှိ

ပြည်ပဲဈေးကွက်သို့ မတ်ပဲသီးနှံပဲအဝင် ပါးသွားလို့ နေ့စဉ်ပဲဝင်ရောက်မှုမရှိဘဲ ရက်ခြားသာဝင်ရောက်ခဲ့ပြီး အိတ် ၁၀၀၊ ၁၅၀ ကျော်သာ အဝင်ရှိခဲ့ပါတယ်။ ပဲလက်ကျန်များရှိနေတာကြောင့် ရန်ကုန်ဝယ်လက် နေ့စဉ်ဝယ်ယူမှုအပေါ် နေ့စဉ်အရောင်းအဝယ်ဖြစ်ကြောင်းသိရကာ အိတ် ၃၀၀ ကျော် ရောင်းဝယ်ခဲ့ရကြောင်းသိရပါတယ်။ ပဲဈေးမှာတစ်တင်း ကျပ် ၁၄၅၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးဆက်ငြိမ်လျက်ရှိပြီး ပြည်ပဲဈေးကွက်မှာတော့ မတ်ပဲသီးနှံဈေးဟာ ပဲစင်းငုံသီးနှံထက် ဈေးအနည်းငယ်ပိုနေခဲ့ကြောင်း သိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပခုက္ကူကုန်စည်ဒိုင်တွင် ကုလားပဲဈေးတက်ရိပ်ပြ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ပဲစင်းငုံနီ(အဟောင်း) မှာ တဖြည်းဖြည်းဈေးကျလျက်ရှိပြီး ယခင်ရက်များမှ တစ်တင်းလျှင် ကျပ် ၁၅၀၀၀ရှိခဲ့ပြီး ယခုရက်ပိုင်းအတွင်းတစ်တင်းလျှင် ကျပ် ၁၂၉၀၀ဖြင့် အိတ်၁၀၀ခန့်၊ ပဲစင်းငုံနီ(အသစ်) တစ်တင်းလျှင် ကျပ်၁၁၀၀၀မှ ကျပ် ၁၁၂၀၀ဖြင့်အိတ်၅၀ခန့်၊ ကုလာပဲဈေးနှုန်းများမှာလည်း တရိပ်ရိပ်တက်လျက်ရှိကာ ကုလားပဲဝါ HLတစ်တင်းလျှင် ကျပ် ၂၀၀ဖြင့် အိတ်ကုလားပဲဖြူလုံးကြီး V2တစ်တင်းလျှင် ကျပ် ၂၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူ V6တစ်တင်းလျှင် ကျပ် ၂၆၅၀၀ ဖြင့် အိတ် ၅၀ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြင့် အိတ် ၅၀ခန့်၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၂၀၀ ဖြင့် အိတ် ၁၀၀ခန့်ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်တွင် ကုန်စည်ဒိုင်သို့ ပဲတီစိမ်း(သေး)စတင် ဝင်ရောက်ခဲ့ပြီး တစ်တင်းလျှင် ကျပ် ၂၈၅၀၀ ဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ဒေသတွင်းထွက်ရှိပြီး ပြည်ပမှဝယ်လိုအားကောင်းနေသော နှမ်းညိုနှင့် နှမ်းဝါမှာ ဈေးကောင်းရရှိနေပြီး နှမ်းညိုသစ် တစ်တင်းလျှင် ကျပ် ၃၉၃၀၀ ဖြင့်အိတ် ၅၀ ခန့်၊နှမ်းဝါ တစ်တင်းလျှင် ကျပ် ၄၂၅၀၀ ဈေးဖြင့် အိတ် ၅၀ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှသတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ရေနံချောင်းတွင် ဘိုကိတ်ပဲကို တောင်သူနှင့် ပဲခြမ်းစက်များကဝယ်၍ ဈေးမြင့်

မကွေးတိုင်းဒေသကြီး ရေနံ ချောင်းမြို့နယ်ရှိ ပွဲရုံများ၌ ဘိုကိတ်ပဲများ ယခင်တစ်ပတ်ကထက် အဝယ်လိုက်နေကြောင်း ရေနံချောင်းမြို့မှ ပွဲရုံနှင့်ပွဲစားများထံက သိရသည်။

ရေနံချောင်းနဲ့ ချောက်မြို့နယ်မှ တောင်သူများ နှမ်းသီးနှံရိတ်သိမ်းအပြီး သီးထပ်အဖြစ် ဘိုကိတ်ပဲကို စိုက်ကြခြင်း၊ ပဲခြမ်းစက်များကဝယ်၍ ယခင်တစ်ပတ်တွင် ၁၉ပိဿာ တစ်တင်း ဝင်အိတ် ၂၀၀ကျော်အဝယ်ရှိနေရာက ယခုတစ်ပတ်မှာ တစ်တင်းဝင်အိတ် ၃၀၀ကျော် အဝယ်ရှိနေတယ်လို့ပဲဈေးကွက်မှသိရသည်။ ရေနံချောင်းဈေးကွက်မှာ ယခုတစ်ပတ်တွင် ဘိုကိတ်တစ်တင်းလျှင် ကျပ် ၂၅၀၀၀ဈေးရှိကြောင်း ယခင်တစ်ပတ်တွင် ကျပ် ၂၀၀၀၀ဈေးရှိ ကြောင်း သိရသည်။အညာဒေသကျောက်ပန်းတောင်းနှင့်ရေနံချောင်းဒေသက ခွဲခြမ်းစက်များက စက်ကြိတ်ပြီး ဘိုကိတ်ခွဲခြမ်းအဖြစ် လက်လီရောင်းချလျက်ရှိပြီး အလှူအတန်းတွေမှာ ပဲဟင်းချိုအဖြစ် စားသုံးကြကြောင်း ရေနံချောင်းမြို့ ပဲဈေးကွက်က သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## ပြည်လက်လီပဲဈေးကွက်မှာ ဈေးအနိမ့်သာရနေတဲ့ ပြည်ဘိုကိတ်

ပြည်ပဲဈေးကွက်မှာ လက်လီ အရောင်းအဝယ်ဖြစ်မှုသာရှိပြီး နေ့စဉ်ရောင်းဝယ်နေကြရတဲ့ ပဲသီးနှံကတော့ ဘိုကိတ်ပဲသီးနှံဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ပဲအဝင်မရှိ ပေမယ့် လက်ကျန်ပဲများအနည်းငယ်ရှိနေပြီး နေ့စဉ်လက်လီ ရောင်းဝယ်သူများဖြင့် အိတ် ၄၀၊ ၅၀ ကျော်ထိ အရောင်း အဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၁၆၅၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်လို့ ပဲဈေးကွက်မှာ ဈေးနိမ့်ရနေတဲ့ ပဲသီးနှံ ဖြစ်ခဲ့သော်လည်း လက်ကားရောင်းဝယ်မှုဖြစ်နေတဲ့ ပြည်ပ ဝယ်လိုအားရှိတဲ့ ပဲစင်းငုံသီးနှံကတော့ ဈေးပိုရခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ပသို့ ဆန်တန်ချိန်(၄)သန်း တင်ပို့နိုင်ရန် ကြိုတင်ပြင်ဆင်ရမည့် လိုအပ်ချက်များ

မြန်မာနိုင်ငံ၏ ဆန်ပြည်ပတင်ပို့မှုကို ပြန်လည်ဆန်းစစ်ကြည့်လျှင် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဆန်မက်ထရစ်တန် ၁ ဒသမ ၅သန်း တင်ပို့ခဲ့ပြီးဝင်ငွေအမေရိကန်ဒေါ်လာ ၅၆၅ သန်းရရှိခဲ့သည်။ ၂၀၁၃- ၂၀၁၄ ခုနှစ်တွင် ဆန်မက်ထရစ်တန်ချိန် ၁ ဒသမ ၂ သန်းကျော် တင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၄၆၁ သန်းရရှိခဲ့သည်။ ၂၀၁၄-၂၀၁၅ခုနှစ်တွင် ဆန်မက်ထရစ်တန်ချိန် ၁ဒသမ၈ သန်း တင်ပို့ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၄၅ သန်းရရှိခဲ့သည်။ ၂၀၁၅-၂၀၁၆ခုနှစ်တွင် ဆန် မက်ထရစ်တန်ချိန် ၁ ဒသမ ၄၇ သန်း တင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၅၁၈ သန်းရရှိခဲ့သည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဆန် မက်ထရစ်တန်ချိန် ၃ဒသမ၅၉သန်း တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ရရှိခဲ့ပါသည်။

၂၀၁၉-၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဆန်မက်ထရစ်တန်ချိန် (၄)သန်းတင်ပို့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါရည်မှန်းချက် ဆန်တန်ချိန် ၄ သန်း လွယ်ကူချောမွေ့စွာ အပြည့်အဝ တင်ပို့နိုင်ရန်အတွက် လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ရန်လိုအပ်မည် ဖြစ်ပါသည်။ ဆန်စပါးကဏ္ဍ၏ Supply Chain တစ်ခုလုံးရှိကွင်းဆက်လုပ်ငန်းများကို အကွက်စေ့ထောင့်စေ့အောင် ကြိုတင်စီမံပြင်ဆင်ကြရမည်ဖြစ်သည်။

ပထမဦးစွာတင်ပို့မည့် ဆန်တန်ချိန် ၄ သန်းအတွက် မည်သည့် စပါးမျိုးများ၊ ဆန်မျိုးများတင်ပို့မည်ကို ညှိနှိုင်းဆုံးဖြတ်ရန် လိုအပ်ပါသည်။ ပြီးလျှင်စပါးမျိုးအလိုက် ဆန်တန်ချိန် (၄)သန်းစာရရှိရန် စိုက်ပျိုးရမည့်ဧကများ ဒေသအလိုက် လျာထား သတ်မှတ်ရန်လိုပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် မည်မျှစီ စိုက်ပျိုးထုတ်လုပ်ရမည်ကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာနအဆင့်ဆင့်နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ အကြေအလည် ညှိနှိုင်းစီမံရန်လိုအပ်မည်ဖြစ်ပါသည်။

ပြည်ပဆန် ဝယ်လက်နိုင်ငံကြီးများနှင့် ချိတ်ဆက်၍လည်း မည်သည့်နိုင်ငံမှ မည်မျှ ဆန်တန်ချိန်ပမာဏဝယ်ယူမည်။ မည်သည့် ဈေးဖြင့် ဝယ်ယူမည်ဆိုသည်ကို ကြိုတင်ထောက်လှမ်းစူးစမ်း၍ ဈေးကွက်သေချာအောင်ဆောင်ရွက်ထားရန်လည်း လိုအပ်ပါသည်။ မြန်မာနိုင်ငံသည် ကြိုတင်စီမံမှုမရှိဘဲ ဆန်ဈေးကွက်မြူးကြွချိန်မှသာလျှင် ဟိုလိုက်စပ်၊ ဒီလိုက်စပ်နှင့် ကသောင်းကနင်းဖြစ်ပြီး တက်သုတ်ရိုက်တင်ပို့သည့်စနစ်ဖြင့် စခန်းသွားနေခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သည်။မြန်မာနိုင်ငံသား၏ အဓိကအားနည်းချက်မှာ စပါးမျိုးပေါင်းများစွာကို စိုက်ပျိုးနေခြင်းဖြစ်ပါသည်။ အရည်အသွေးကောင်း ဆန်(သို့မဟုတ်) ဆန်တစ်မျိုးတည်းကို တစ်နေရာတည်းမှ ဆန်တန်ချိန်သန်းနှင့်ချီ၍ ဝယ်ယူလိုလျှင် အလွန်အခက်အခဲနှင့် ကြုံတွေ့ရပါသည်။၂၀၁၅ ခုနှစ်က ဂျပန်မှ မြန်မာနိုင်ငံ၏ မှော်ဘီ (၂)ဆန်တန် ၅၀၀၀၀နှင့်ဆင်းသွယ်လတ်ဆန်တန် ၅၀၀၀၀ ဝယ်လို ကြောင်းကမ်းလှမ်းခဲ့ရာ ဝယ်ယူမရရှိသဖြင့် ကမ်းလှမ်းမှုကို လက်လွှတ်ခဲ့ရသည့်ဖြစ်ရပ် ရှိခဲ့ဖူးပါသည်။

မြန်မာနိုင်ငံတွင် စပါးမျိုးပေါင်းများစွာကို စိုက်ပျိုးနေသဖြင့် ဆန်သီးသန့်တစ်မျိုးတည်း မရရှိနိုင်ဘဲ အမျိုးအစားအရောရော အနှောနှောနှင့်ဆန်သာရရှိသဖြင့် ပြည်ပသို့တင်ပို့ရောင်းချရာတွင် အရည်အသွေးကျ၍ ဈေးကောင်းမရဖြင့်ကြုံနေကြရသည်။ ထိုင်း နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ စသည်တို့တွင် အရည်အသွေးကောင်းဆန် တစ်မျိုးနှစ်မျိုးသာ တစ်ကွင်းတစ်စပ်တည်းဇရိယာ သတ်မှတ် စိုက်ပျိုးပြီး တစ်ကွင်းတစ်စပ်တည်း ရိတ်သိမ်း၊ ခြွေလှေ့၊ သိုလှောင်ကြိတ်ခွဲသဖြင့် အရည်အသွေးကောင်းဆန်များ ပမာဏများများ ထုတ်လုပ်တင်ပို့နိုင်ပြီး ထိပ်တန်းက ပြေးနေခြင်းဖြစ်ပါသည်။

**အောင်ဆန်း(စိုက်ပျိုးရေး)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တွင်ကျင်းပပြုလုပ်သည့် 'အရည်အသွေးကောင်းဆန်များထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး ညှိနှိုင်းအစည်းအဝေး' တွင် မြန်မာနိုင်ငံတွင် စပါးမျိုးပေါင်းများစွာစိုက်ပျိုးသဖြင့်ဆန်များ အရည်အသွေးမမီဘဲ ဈေးကောင်းမရဖြစ်ရကြောင်း၊ လက်ရှိစိုက်ပျိုးနေသည့်စပါးများနေရာတွင် ပြည်ပမှသတ်မှတ်သည့် စံချိန်စံညွှန်းမီသည့် အရည်အသွေးကောင်း စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးဖို့လိုအပ်ကြောင်း၊ စိုက်ပျိုးသည့်အခါတွင်လည်း ရိတ်သိမ်း၊ သယ်ယူ၊ သိုလှောင်၊ ကြိတ်ခွဲရာတွင် လွယ်ကူပြီး အရည်အသွေးကောင်း စံချိန်စံညွှန်းမီဆန်များရရှိစေရန်အတွက် တစ်ကွင်းတစ်စပ်တည်းစိုက်ပျိုးနိုင်ရန် ညှိနှိုင်းစီမံဆောင်ရွက်ဖို့လိုကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

ဝန်ကြီး၏ လမ်းညွှန်မှာကြားချက်အတိုင်း မြန်မာနိုင်ငံတွင် ဆန်တန်ချိန် (၄)သန်း တင်ပို့နိုင်ရန်အတွက် ပြည်တွင်းစားသုံးရန်အတွက် စိုက်ပျိုးမည့်နေရာနှင့် ပြည်ပသို့တင်ပို့မည့် အရည်အသွေးကောင်း စပါးမျိုးများစိုက်ပျိုးမည့်နေရာများကို တစ်ကွင်းတစ်စပ်တည်း သီးသန့်စီစိုက်ပျိုးနိုင်ရန်အတွက် အကြေအလည်ညှိနှိုင်း၍ မူဝါဒ (Policy) တစ်ရပ်ပြတ်ပြတ်သားသား ချမှတ်ဆောင်ရွက်ရန်လိုအပ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် ဆန်တင်ပို့မည့်ကုမ္ပဏီကြီးများ၊ Exporter များသည် တောင်သူလယ်သမားကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အရည်အသွေးကောင်း စံချိန်စံညွှန်းမီစပါးများ ကန်ထရိုက်လယ်ယာစနစ် (Contract Farming ) များမဖြစ်မနေ ထူထောင်ဆောင်ရွက်ရန်လိုအပ်ပါသည်။

စပါးရိတ်သိမ်းချိန်တွင် တစ်ကွင်းတစ်စပ်တည်း တစ်ပြိုင်တည်း ရင့်မှည့်ချိန်တွင် အလေအလွင့် လျော့ပါးရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးအတွက် စပါးရိတ်စက်ကြီးများ ကြိုတင်စီမံတွက်ချက် ပြင်ဆင်ထားရန်လိုအပ်ပါသည်။ စပါးရင့်မှည့်ချိန် မောင်းညိုချိန်ရိတ် သိမ်းရန်သင့်တော်ဆုံးအချိန်ဖြစ်ပါသည်။ စပါးရိတ်သိမ်းသင့်သည့် အချိန်ထက် ငါးရက်နောက်ကျရိတ်ပါက ၅ ဒသမ ၀၄ ရာခိုင်နှုန်း ဆုံးရှုံးပြီး ၁၀ ရက် နောက်ကျရိတ်ပါက ၅ ဒသမ ၄၁ ရာခိုင်နှုန်း ဆုံးရှုံးကြောင်း သုတေသနရလဒ်များကဆိုပါသည်။ စပါးရိတ်သိမ်းချိန် မှန်ကန်ခြင်းသည် ဆန်အရည်အသွေးကောင်းမှုကို အကျိုးပြုပါသည်။ စပါးမောင်းညိုချိန်(ပန်းပွင့်ပြီးရက် ၃၀) တွင် ရိတ်သိမ်းပါက အရည်အသွေးကောင်း ဆန် ၆၅ ရာခိုင်နှုန်းရရှိသည်ဟု သုတေသနရလဒ်က ဆိုပါသည်။

စပါး၏ အစိုဓာတ်သည် ရိတ်သိမ်းစဉ်တွင် ၂၅ဒသမ ၃၀ ရာခိုင်နှုန်းခန့် ပါလာပါသည်။ ၎င်းအစိုဓာတ်သည် စပါးအရည်အသွေးကို လွှမ်းမိုးထားပါသည်။ စပါးရိတ်သိမ်းပြီး ၂၄ နာရီအတွင်း အစိုဓာတ် ၁၈ ရာခိုင်နှုန်းထိရောက်အောင် အခြောက်ခံခြင်းနှင့် ၄၈နာရီအတွင်း အစိုဓာတ် ၁၃ - ၁၄ ရာခိုင်နှုန်းထိအခြောက်ခံနိုင်မှသာ အရည်အသွေးကောင်းဆန်ကိုရရှိနိုင်ပါသည်။ သို့မဟုတ်လျှင် စပါးတွင် ပါလာသည့် အစိုဓာတ်ကြောင့်ပူး အောက်ပြီးမှိုတက်၊ ဆန်ရောင်ပျက်၊ ဆန်သားအက်စေပါသည်။ မည်သို့မျှအရည်အသွေးကောင်းဆန် မရရှိနိုင်တော့ပါ။ မြန်မာနိုင်ငံတွင် အချိန်တိုအတွင်းသတ်မှတ်အစိုဓာတ်ရရှိသည်ထိ လျှော့ချနိုင်ခြင်းမှာ အလွန်နည်းပါးပါသည်။ ရိတ်သိမ်းပြီးစပါးကို ကွင်းထဲတာလပတ်ပေါ်ပုံ၍ ပွဲစားသို့လက်ညှိုးထိုး ရောင်းရသည့် ဈေးကွက်ဖြစ်ပေါ်နေပါသည်။ အခြောက်ခံစက်များ လုံလုံလောက်လောက်ထူထောင်ဆောင်ရွက်ရန် ကြိုတင်စီမံရမည်ဖြစ်ပါသည်။

ဆန်တန်ချိန် (၄)သန်း သိုလှောင်ရေးတွင် အထောက်အကူဖြစ်စေရန်အတွက် ခေတ်မီသိုလှောင်ရုံကြီးများတည်ဆောက်နိုင်ရန် စီမံရန်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရမှ ဦးဆောင်ညှိနှိုင်း၍ ပြည်တွင်း၊ ပြည်ပ ဘဏ်များအဖွဲ့ အစည်းများမှ လုပ်ငန်းရှင်များအား အတိုးနှုန်းချိုသာစွာဖြင့် နှစ်ရှည်ချေးငွေများရရှိအောင် စီမံဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ စပါးများ တန်ချိန်သန်းနှင့်ချီ၍ ပေါ်လာပါက သိုလှောင်ရုံမရှိလျှင် ကွင်းပုံ၊ တလင်းပုံစနစ်ဖြင့် ဆန်အရည်အသွေး ကျဆင်းသွားမည်ဖြစ်ပါသည်။

ဆန်ကြိတ်ခွဲရေးအပိုင်းဖြစ်ပါသည်။ ပြည်ပစံချိန်စံညွှန်း သတ်မှတ်ချက်နှင့်ညီသည့် အရည်အသွေးကောင်းဆန်များရရှိရန်မှာ ဆန်စက်၏ အရည်အသွေးအဆင့်အတန်းပေါ်တွင် တည်မှီနေပါသည်။ ခေတ်မီအရည်အသွေးကောင်းသော ဆန်စက်ကြီးများဖြစ်ရန်လိုပါသည်။ မြန်မာနိုင်ငံတွင် ဆန်စက်ပေါင်း ၃၀၀၀၀ ကျော်ရှိပါသည်။ ၎င်းအနက် စံချိန်စံညွှန်းမီ အရည်အသွေးကောင်း **စာမျက်နှာ ၁၆ သို့**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၆ .၈ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ဂရုပ်ဆိပ်ကမ်း | - MT MESON | P'Oil(In Bulk) ၄၄၀ကုန်ချဆဲ |
| ထီးတန်းဆီဆိပ်ကမ်း | - MT PRIMROSE | P'Oil(In Bulk) ၄၃၀၀ကုန်ချဆဲ |
| အလုံဆိပ်ကမ်း(၁) | -SANTOSA STAR | ကုန်သေတ္တာ ၅၂၀ ကုန်ချဆဲ |
| အလုံဆိပ်ကမ်း(၃) | - BANG PA KAEW | သကြား ၇၀၀၀ တန်ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း(၂) | - MCC HALONG | ကုန်သေတ္တာ ၅၂၀ ကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း(၄) | - TORREST STRAIT | ကုန်သေတ္တာ ၅၈၈ ကုန်တင် ၆၀၂ ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - BANG SAKAO | သကြား ၇၄၀၀ တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း(၃) | - MAAN AUNG | သကြား ၇၅၀၀ တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း(၄) | - HAN THAR | သကြား ၉၀၀၀ တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - KEREM | ဆန် ၂၂၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၆) | - STC COLUMBUS | သကြား ၇၆၀၀ တန်ကုန်ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - PORT KLANG | ကုန်သေတ္တာ ၄၇၂ ကုန်ချဆဲ |
| MIPLဆိပ်ကမ်း | - WAIMEA | Coal(In Bulk) ၃၁၉၀၀ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၁) | - BOX EXPRESS | ကုန်သေတ္တာ၃၅၆ကုန်တင် ၄၉၅ ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း(၃) | -MCC SHANGHAI | ကုန်သေတ္တာ ၄၅၀ ကုန်တင် ၂၅၆ ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - PACIFIC PRIDE | Steel Product ၂၆၃၉၆ ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - RU YI SONG | Steel & Equipment ၉၇၂၂ ကုန်ချဆဲ |
| PUMA JETTY | - MT TENA CITY | ဒီဇယ်ဆီ& JET A-1 ၂၄၁၁၉ ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MODERN LINK | Unit Vehicle(RO/RO) ၅၇၈ကုန်ချရန် | - | ၁၇-၈-၂၀၁၈ |
| CHARITES | သကြား (၂၅၀၀)တန်ကုန်ချရန် | THAI | ၁၈-၈-၂၀၁၈ |
| MOON LIGHT | သကြား (၃၀၀၀)တန်ကုန်ချရန် | THAI | ၁၈-၈-၂၀၁၈ |
| MUROTO | PKGS,STEEL PLATE&Transformer (၈၃၇)ကုန်ချရန် | JAPAN | ၁၈-၈-၂၀၁၈ |
| BBC NYHAVN | Grinders&Cross Bearms ၁၂၃၆ ကုန်တင်ရန် | Bangalardesh | ၁၈-၈-၂၀၁၈ |
| BANG SAKAO | သကြား (၇၄၀၀)တန်ကုန်ချရန် | THAI | ၁၈-၈-၂၀၁၈ |
| FENG ZE HAI | 3Unit truck&steel ကုန်ချရန် | CHIN | ၁၈-၈-၂၀၁၈ |
| OCEAN PRINCESS | Rice (၂၂၀၀၀)တန်ကုန်တင်ရန် | W/AFRICA | ၁၈-၈-၂၀၁၈ |
| NASHOCO-08 | Aminium Nitrate(၃၃၀၀)တန်ကုန်ချရန် | THAI | ၁၈-၈-၂၀၁၈ |
| TG-BONGAWAN -9&BG;HEX-9 | Concrats Pile (၃၄၇၈)တန် ကုန်ချရန် | MALAY | ၁၈-၈-၂၀၁၈ |
| VINA LINE FREEDON | Urea(In Bulk) ၁၂၀၀၀ ကုန်ချရန် | MALAY | ၁၈-၈-၂၀၁၈ |
| VIKING AMBER | Unit Vehicle(RO/RO) ၁၅၀ ကုန်ချရန် | JAPAN | ၂၂-၈-၂၀၁၈ |
| DR FRIDER | Costal Biological | BUNGLARDESH | ၂၂-၈-၂၀၁၈ |
| JOF JANSEN | Baseline Suwey | | |
| INDIGO FLORA | Coal(In Bulk) ၂၈၀၀၀ကုန်ချရန် | RUSSIA | ၂၂-၈-၂၀၁၈ |
| DD VOGUE | Coal(In Bulk) ၂၁၀၀၀ကုန်ချရန် | RUSSIA | ၂၅-၈-၂၀၁၈ |
| PA PA JOHN | STEEL ၂၂၀၀၀ ကုန်ချရန် | CHINA | ၂၈-၈-၂၀၁၈ |
| GRIETJE | G/C ၂၃၀၃ တန် ကုန်ချရန် | ITALY | ၃၀-၈-၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆-၈-၂၀၁၈ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆-၈-၂၀၁၈ |
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၆-၈-၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၇-၈-၂၀၁၈ |
| UNI AMPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇-၈-၂၀၁၈ |
| EF ELENA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈-၈-၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈-၈-၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉-၈-၂၀၁၈ |
| MCC SEOUL | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၉-၈-၂၀၁၈ |
| BANI BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၉-၈-၂၀၁၈ |
| YANTRA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၉-၈-၂၀၁၈ |
| AS FENJA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁-၈-၂၀၁၈ |
| MAERSK WOLGASKT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၂-၈-၂၀၁၈ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၃-၈-၂၀၁၈ |
| KOTA HASIL | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃-၈-၂၀၁၈ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၄-၈-၂၀၁၈ |
| CTP FORTUNE | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၅-၈-၂၀၁၈ |

## ကြက်သွန်

### ပြည်ကြက်သွန်နီ ဝါတွင်းကာလအလှူပွဲများကြောင့် အရောင်းအဝယ် ပုံမှန်ရှိလာ

ပြည်ဈေးကွက်အတွင်းရှိ ပွဲရုံများနှင့် လက်လီဈေး အသေးများတွင် ဝါတွင်းကာလအလှူပွဲများပြုလုပ်လာခြင်း ကြောင့် အရောင်းအဝယ်မှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အနည်းငယ်ပိုမိုရောင်းဝယ်မှုရှိလာတာတွေ့ရပါတယ်။ ဝင်ရောက်မှုအနေနဲ့ ပခုက္ကူ၊ ဆိပ်ဖြူ၊ တောင်တွင်း၊ အောင်လံ၊ သရက်စတဲ့မြို့နယ်များမှ ဝင်ရောက်မှုရှိနေပြီး အဝင်ပုံမှန် ရှိနေတာတွေ့ရပါတယ်။

အရည်အသွေးကောင်း ကြက်သွန်နီ များ ဝင်ရောက်မှုရှိနေပြီး ဈေးနှုန်းအနေနဲ့ ဈေးချိုသာနေသဖြင့် ကြက်သွန်နီသီးနှံမှာ စားသုံးသူအကြိုက်တွေ့နေတဲ့ သီးနှံဖြစ်နေကြောင်း သိရပါတယ်။ ပြည်ပွဲရုံများတွင် အရည်အသွေးပေါ် မူတည်၍ လက်ကား တစ်ပိဿာကို ကျပ် ၅၀၀၊ ၅၅၀၊ ၆၀၀၊ ၆၅၀ စသည်ဖြင့် ခွဲခြားရောင်းချနေပြီး လက်လီဈေးအသေးများတွင် တစ်ပိဿာကို (ကြီး) ကျပ် ၇၀၀၊ ၇၅၀၊ (လတ်) ကျပ် ၈၀၀၊ ၉၀၀ (သေး) ကျပ် ၆၅၀၊ ၇၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

---

### မူဆယ်မှ ကြက်သွန်နီ ပုံမှန်တင်ပို့

ဩဂုတ် ၄ ရက်မှ ၁၀ ရက်ထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၅ သန်း တန်ဖိုးရှိကြက်သွန်နီ တန် ၉၀၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း ၉၀၁ တန်ကျော် တင်ပို့ခဲ့လို့ မူဆယ်မှ ကြက်သွန်နီ ပုံမှန်တင်ပို့မှုရှိတာ တွေ့ရပါတယ်။

အလားတူမြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီမှလည်း အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၉၉၃၇ တန်ဖိုးရှိ ကြက်သွန်နီ ၁၉၁ တန်ကျော်ကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၁၁၀ ကျော်နဲ့ နှိုင်းယှဉ်ပါက ၈၁ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန် ဒေါ်လာ ၆၂၀၀၀ တန်ဖိုးရှိ ကြက်သွန်ဖြူ တန် ၁၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်နှစ်ကာလတုူက မြန်မာနိုင်ငံမှ ကြက်သွန်နီများကို တရုတ်နိုင်ငံသို့ နေ့စဉ်ပမာဏများများ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ယခင်နှစ်ကထက် ဝယ်ယူမှုထက်ဝက်ခန့် နည်းပါးနေတာကြောင့် ကြက်သွန်နီဈေးများ ကျဆင်းနေရခြင်းဖြစ်တယ်လို့ ကြက်သွန်နီ ကုန်သည်များ ထံမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

---

### ပြည်ပွဲရုံသို့ ကြက်သွန်ဖြူအဝင်များခြင်းကြောင့် ဈေးကျဆင်း

ပြည်ပွဲရုံများတွင် ကြက်သွန်ဖြူအိတ်များ အရောင်းအဝယ်သမားများထံ လက်ဝယ်များတာကြောင့် ကြက်သွန်ဖြူဈေးထပ်မံ ကျဆင်းလျက်ရှိသော်လည်း အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ ပွဲရုံဈေး (ရှမ်းစ)တစ်ပိဿာလျှင် ကျပ် ၁၄၀၀ မှ ၁၅၀၀၊ (ကြူကုတ်စ)ကျပ် ၁၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ လက်လီဈေးကွက်များတွင် (ရှမ်းစ) ကျပ် ၁၇၀၀ မှ ကျပ် ၂၀၀၀၊ (ကြူကုတ်စ) ကျပ် ၁၅၀၀ ဖြင့် ရောင်းချလျက်ရှိပြီး တစ်ပတ်အတွင်း ကြက်သွန်ဖြူ အိတ် ၂၀၀ ကျော် ရောင်းချခဲ့ရကြောင်းသိရပါတယ်။

**နီနီဝင်း**

---

### ပြည်ဒေသထွက် မန်ကျည်းမှည့်များ လက်ကျန်နည်း၍ ဈေးနှုန်းမြင့်တက်

ပြည်ပွဲရုံများတွင် ပြည်ဒေသထွက် မန်ကျည်းမှည့်များ လှောင်လက်သမားများထံ လက်ကျန်နည်းနေပြီး နယ်ဝယ်လိုအားရှိတာကြောင့် အခြားဒေသများမှ ထွက်ရှိသော မန်ကျည်းသီးမှည့်များ ဈေးကွက်အတွင်း ဝင်ရောက်ကာ ဈေးနှုန်းမြင့်တက်လာတာ တွေ့ရပါတယ်။ ရခိုင်ပြည်နယ်ဘက်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်ထိ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် မန်ကျည်းမှည့်တစ်ပိဿာလျှင် (ပွဲရုံဈေး) ကျပ် ၂၈၀၀ နှင့် လက်လီဈေးများတွင် တစ်ပိဿာလျှင် ကျပ် ၃၅၀၀ ထိရောင်းချလျက်ရှိပြီး မန်ကျည်းမှည့် ပိဿာချိန် ၃၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

**နီနီဝင်း**

---

### ပင်လယ်ရေကြောင်းမှ မန်ကျည်းတင်ပို့မှုပိုမို

ဩဂုတ် ၅ ရက်မှ ၁၁ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်းသီး ၁၇၅ ဒသမ ၅၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ တန်ချိန် ၅၀၊ ဗီယက်နမ်နိုင်ငံသို့ ၂၅ တန်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တန်ချိန် ၁၀၀ နဲ့ ကိုရီးယားနိုင်ငံသို့ သုညဒသမ ၅၁ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်းတန်ချိန် ၁၅၀ နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၂၅ တန်ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၅၀-၂၇၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၇၆၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

---

### မူဆယ်မှ ပြောင်းပိုမိုတင်ပို့ပြီး လွယ်ဂျယ်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဩဂုတ် ၄ ရက်မှ ၁၀ ရက်ထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၉၀ သန်း တန်ဖိုးရှိ ပြောင်း ၁၀၆၆၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တန်ချိန် ၇၄၃၀ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ မူဆယ်မှ ပြောင်း ၃၂၃၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၁၈ သန်း တန်ဖိုးရှိ ပြောင်း ၁၀၈၇ တန်ခွဲ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၂၄၁၈ တန်ခွဲ တင်ပို့ခဲ့တဲ့အတွက် ၁၃၃၁ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ၃၁၄၈၉၄ ကျပ်ရှိရာမှ ဩဂုတ် ၄ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်တွင် ၃၁၁၅၇၉ ကျပ်သို့ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကား ၄၂၀ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၁၃၂ စီး ပိုမိုခဲ့ကြောင်း၊ မန္တလေး-မူဆယ် ကုန်သယ်ခတွင် ပြောင်း တစ်ပိဿာလျှင် ၆၆ ကျပ် ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

## ချင်း

### ချင်းတန်ချိန် ၅၀၀ ကျော်တင်ပို့



ဩဂုတ် ၅ ရက်မှ၁၁ရက်အထိ သီတင်းပတ်အတွင်းချင်း ၅၃၁ ဒသမ ၆တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၁၀၈ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၄၂၃ ဒသမ ၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါ တယ်။

ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပါတယ်။ ချင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၀၉ ရရှိခဲ့ တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ချင်းစိုတစ်တန်ကို ပျမ်းမျှအမေရိကန် ဒေါ်လာ ၂၀၀ ဝန်းကျင်သာရရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဈေးနည်းနည်းပိုရတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၈၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၀၀ ကျော် တင်ပို့မှုလျော့ကျခဲ့တယ်လို့ သိရပါတယ်။ ချင်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၇၅၉၂ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

---

### စစ်တွေမှ ချင်းပိုမိုတင်ပို့

ဩဂုတ် ၄ ရက်မှ ၁၀ ရက်ထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၀၅၆၀ တန်ဖိုးရှိ ချင်းစို ၁၀၆ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ် က တင်ပို့ခဲ့တဲ့ ၄၅ တန်နဲ့နှိုင်းယှဉ်ပါက ၆၁ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ စစ်တွေ မှာ ချင်းစိုတစ်တန်လျှင် မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ကျပ် ၁၀၈၀၆၀၀ ခန့် ရှိတယ်လို့ သိရပါတယ်။

အလားတူ မောင်တောကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၅၀၇၅ တန်ဖိုးရှိ ချင်းစို ၄၁၅ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇၄၃ တန်နဲ့ နှိုင်းယှဉ်ပါက ၃၂၈ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

**မော်မော်အောင်**

---

### ပြည်ပအဝယ်များလို့ ရှမ်းချင်းဈေးတက်

ယခုတစ်ပတ် အောင်ပန်းဈေးကွက်မှာရော ဟိုပုံးဈေးကွက်မှာပါ ချင်း(စို)က ဈေးတက်လာပါတယ်။ ပြီးခဲ့တဲ့ ယခင်တစ်ပတ်က ကျပ် ၁၀၀ ခန့် ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာကို ကျပ် ၁၀၀ မှ ကျပ် ၃၀၀ ခန့် ဈေးတက်လာပါတယ်။ ပြည်ပတင်ပို့ဖို့အတွက် အဝယ်ရှိနေတာကြောင့် ဈေးတက်လာတယ်လို့လည်း သိရပါတယ်။ ချင်း (ဥမ)တွေကတော့ လက်ကျန်သိပ်မရှိတော့ပါဘူး၊ အဝင်ကလည်းပါးသွားပြီလို့ သိရပါတယ်။ ဘင်္ဂလားဒေ့ရှ်ကို တင်ပို့ဖို့အတွက် စစ်တွေ၊ တောင်ကုတ်၊ ရန်ကုန် ဝယ်လက်တွေက အဝယ်ရှိနေသလို အိန္ဒိယကို တင်ပို့ဖို့အတွက် တမူးဝယ်လက်တွေကလည်း ဝယ်ယူနေတယ်လို့ သိရပါတယ်။ ချင်း(ဥမ)တွေဈေးကောင်းလာတော့ အရင်ကမဖော်ဘဲထားခဲ့တဲ့ချင်း(တက်)တွေကိုလည်း ဖော်လာပြီး ဈေးကွက်ကိုဝင်လာပါတယ်။ အခက်လှကြီး တွေကတော့ ပြည်တွင်းသုံးအတွက်ဝယ်ယူကြတယ်လို့လည်း သိရပါ တယ်။ ဝယ်လက်တွေက ဝယ်ယူမှုများနေပြီး ပစ္စည်းလက်ကျန်က နည်းလာတာကြောင့် ဈေးကလည်း တက်လာပါတယ်။ (ဥမ)လက်ကျန်ကလည်း နည်းသွားပါပြီ။ ချင်းတက်(သစ်)တွေကတော့ ဈေးကွက်ကို ဝင်လာဖို့ လိုပါသေးတယ်။ နောက်နှစ်ဆန်းလောက်မှသာ ဝင်လာနိုင်တယ်လို့လည်းသိရပါတယ်။

ဟိုပုံးဈေးကွက်မှာလည်း ချင်းအဝင်နည်းသွားပြီး ဈေးလည်းတက်လာပါတယ်။ ယခုတစ်ပတ် ချင်းစို ပေါက် ဈေးတွေကတော့ အောင်ပန်းဈေးကွက်မှာ ချင်း(ဥမ)က တစ်ပိဿာကို ကျပ် ၇၅၀ မှ ကျပ် ၈၈၀ ဈေးရှိပြီး ချင်းတက်ကတော့ တစ်ပိဿာကို ကျပ် ၁၀၀၀ မှ ကျပ် ၁၀၅၀ ဈေးရှိပါတယ်။

**ဇေခိုင်(တောင်ကြီး)**

## နနွင်း

### နနွင်းတန်ချိန် ၁၀၀ ကျော်တင်ပို့

ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်းနနွင်း ၁၀၄ ဒသမ ၃တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ သုည ဒသမ ၈တန်၊ အိန္ဒိယနိုင်ငံသို့ ၈၇ တန်နဲ့ ယီမင်နိုင်ငံသို့ ၁၆ ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် နနွင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၃၅၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၂၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၉၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၇၄၂၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ဒီတစ်ပတ် ဓာတ်ဆီ/ဒီဇယ် တန်ချိန် ၈၀၀၀၀ နီးပါးဝင်

ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၈၃၄၅၅၈၃ တန်ဖိုးရှိ ဓာတ်ဆီ ၃၀၂၈၄ ဒသမ ၃၁ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၀၇၇၆၉၂၀ တန်ဖိုးရှိ ဒီဇယ် ၄၈၄၈၃ ဒသမ ၃၅ တန်၊ စုစုပေါင်း ၇၈၇၆၇ ဒသမ ၆၆တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၄၄၀၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၄၄၀ ကျော်အဝင်ပိုသလို ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၂၂၁၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၈၁၂၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄ဒသမ ၈၃၇ သန်းတန်ဖိုးရှိ အဆင့်မြင့် Re-export ဒီဇယ်တန်ချိန် ၆၉၉၆ ဒသမ ၁၈ တန် တင်ပို့ခဲ့ပြီး လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၃၄၃၃၇၅ တန်ဖိုးရှိ အဆင့်မြင့်ဒီဇယ် ၂၂၅ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၉၁၉၈၃၀တန်ဖိုးရှိ ဒီဇယ် ၃၀၆၉ ဒသမ ၅၇တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၃၇၂၀၀ တန်ဖိုးရှိ ဓာတ်ဆီ ၁၄၂၇ ဒသမ ၆၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၅၀၅၉၃ တန်ဖိုးရှိ ဒီဇယ် ၅၃၃ ဒသမ ၂၈ တန်၊ မြဝတီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၁၀၁၀ တန်ဖိုးရှိ ဓာတ်ဆီ ၃၃ ဒသမ ၈၃ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးပိုမိုတင်ပို့

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၄ ရက်မှ ၁၀ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၉၈ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၅၈၂ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၉၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၈၇ တန်ပိုမို တင်ပို့ခဲ့ပါတယ်။ တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၂၈ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၅၂၃ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၀ သန်း တန်ဖိုးရှိ ကွမ်းသီး ၅၈ တန်ကို တင်ပို့ခဲ့ပါတယ်။ တမူးကုန်သွယ်ရေး စခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၅ သန်း တန်ဖိုးရှိ စားတော်ပဲ၊ ငရုတ်ကောင်း၊ ငါးခေါင်းပွ၊ ငါးမြစ်ချင်း၊ စီးကရက်၊ နန့်ဖာလုံအမယ်စုံတို့ကို တန် ၃၂၀ နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၈ သန်း တန်ဖိုးရှိ မတီရှပ်၊ စောင်၊ ညှပ်ဖိနပ်၊ ထမင်းချိုင့်တို့ကို ၁၄၃ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ပြည်ပမှ ဆိုင်ကယ်များ တင်သွင်းမှုကျဆင်း

ကုန်သွယ်ရေးစခန်းနှင့် ကုန်သွယ်ရေးဇုန်များမှ ဩဂုတ် ၄ ရက်မှ ၁၀ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၄၄ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၉၁၈၀ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၁၄၄ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၉၆၄ စီး လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်း၊ တမူးကုန်သွယ်ရေးစခန်းနဲ့ မြဝတီကုန်သွယ်ရေးဇုန်တို့မှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်မှ တင်သွင်းမှုကျဆင်းခဲ့တဲ့အတွက်ဖြစ်တယ်လို့ သိရပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၈၃ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၆၇၂၁ စီး၊ ကန်ပိုက်တီ ကုန်သွယ်ရေး စခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၃၈ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၂၀ စီး၊ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၇၇ သန်းတန်ဖိုးရှိဆိုင်ကယ် ၂၂၉၅ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၄၆ သန်းတန်ဖိုးရှိ ဆိုင်ယ် ၄၄ စီးတို့ တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## Energy NYMEX 17-8-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 65.62 | 0.16 | 0.24 |
| Brent Crude Futr (USD/bbl) | 71.63 | 0.20 | 0.28 |
| Gasoline Rbob Fut (Cent/gal) | 198.68 | -0.06 | -0.03 |
| Natural Gas Futr (USD/MMBtu) | 2.92 | 0.02 | 0.52 |
| Heating Oil Futr (Cent/gal) | 210.13 | 0.49 | 0.23 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 13-August | 15.26 | 2576.04 | 2024.99 | 6146.30 | 819.00 |
| 14-August | 15.03 | 2507.05 | 2045.97 | 6071.36 | 800.00 |
| 15-August | 14.89 | 2412.06 | 2003.44 | 5929.42 | 787.00 |
| 16-August | 14.54 | 2397.29 | 2026.80 | 5864.40 | 778.00 |
| 17-August | 14.59 | 2372.61 | 2009.83 | 5897.90 | 777.00 |

## အမေရိကန်ဒေါ်လာဈေးမြင့်တက်မှု စံချိန်တင်ခဲ့ပြန်တဲ့ ရက်သတ္တပတ်

ဈေးနှုန်းများ ဆက်တိုက်မြင့်တက်နေသော ပြည်တွင်းငွေလဲဈေးကွက်သည် ဩဂုတ်လ တတိယပတ်အတွင်း အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၅၀၀ ကျော်သို့မြင့်တက်ခဲ့ပြီး အစိုးရသစ်လက်ထက် အမြင့်ဆုံးစံချိန်ဖြစ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းသတ်မှတ်ချက်ကို ပြန်လည်ပယ်ဖျက်ခဲ့ပြီး အမေရိကန်တစ်ဒေါ်လာလျှင် ၁၄၄၂ ကျပ်မှ တစ်ဒေါ်လာလျှင် ၁၄၉၈ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ယခုရက်သတ္တပတ် ပြည်တွင်းငွေလဲနှုန်းဈေးကွက်မှာ စုန်ဆန်လှုပ်ရှားမှုများခဲ့ကြောင်း၊ ကမ္ဘာ့ဒေါ်လာညွှန်းကိန်းမှာလည်း ပြန်လည်ကျဆင်းလာကြောင်း၊ ဒေါ်လာလက်ဝယ်ရှိသူများက ကျပ် ၁၅၃၀ ဝန်းကျင်တွင် အမြတ်ယူခေတ္တအနားယူခြင်း၊ ဈေးကွက်ဝယ်လိုအား ပြန်လည်မျှလာချိန်တွင် ဈေးတက်ရပ်သွားခဲ့ပြီး ဈေးပြန်လည်ကျလာကြောင်း၊ ပြန်လည်ထုတ်ရောင်းနေကြသူများလည်းရှိကြောင်း၊ ဈေးကွက်အနေအထားမှာ ခန့်မှန်းရခက်ခဲကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဩဂုတ် ၁၃ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၄၇၅ကျပ်၊ဝယ်ဈေး ၁၄၇၂ကျပ်မှ ဩဂုတ် ၁၅ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၂၅ ကျပ်၊ ဝယ်ဈေး ၁၅၁၅ကျပ်သို့ ရောက်ရှိခဲ့ပြီး ဩဂုတ် ၁၇ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၅ ကျပ်၊ ဝယ်ဈေး ၁၅၀၀ ကျပ်ဖြင့် ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သတင်းရရှိသည်။

**သန်းထိုက်အောင်**

## ကျပ် ၉၅၀၀၀၀ကျော်ဖြင့် ရပ်တည်ခဲ့သော ပြည်တွင်းရွှေဈေးကွက်

ပြည်တွင်းရွှေဈေးနှုန်းသည် ဩဂုတ်လ တတိယပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့ပြီး ကျပ် ၉၅၀၀၀၀ ကျော်ဖြင့် ဈေးဖြစ်ပေါ်ခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။ ဩဂုတ်လ ဒုတိယပတ်က ကျပ် ၉၄၈၅၀၀ ဈေးရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ဩဂုတ်လတတိယပတ်အတွင်း ကျပ် ၉၅၃၀၀၀ ဝန်းကျင်သို့ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ပြည်တွင်းရွှေဈေးလည်း တက်တယ်။ ဒေါ်လာဈေးအဆမတန်မြင့် တက်နေတာကို အစိုးရကကိုင်တွယ်နေပြီဆိုတော့ ဒေါ်လာကနေ ရွှေကို ရင်းနှီးမြှုပ်နှံဖို့ပြန်လှည့်လာတယ်လို့ထင်မိတယ်။ ကမ္ဘာ့ရွှေကတော့ ကျတယ်။ ကုန်သွယ်ရေးစစ်ပွဲကလည်း ပိုပိုကြမ်းလာတော့ ရွှေအပေါ်မှာ ပိုပြီးရိုက်ခတ်မှုပြင်းတယ်လေ။ ဒီတစ်ပတ်ဆို ကမ္ဘာ့ရွှေတစ်အောင်စကို အနိမ့်တန်းဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၁၂၀၀ အောက်ကိုပြန်ကျသွားတယ်။ ထပ်ကျနိုင်သေးတယ်လို့မြင်မိပါတယ်”ဟုပြည်တွင်းရွှေအရောင်းအဝယ်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဩဂုတ် ၁၃ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၅၀၀၀၀ ရှိခဲ့ရာမှ ဩဂုတ် ၁၅ရက်တွင် ကျပ် ၉၅၀၅၀၀ သို့မြင့်တက်ခဲ့ပြီး ဩဂုတ် ၁၇ ရက်တွင် ကျပ် ၉၅၃၀၀၀ ဖြင့်ဈေးပိတ်သိမ်းခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဩဂုတ် ၁၃ ရက်က ရွှေတစ်အောင်စလျှင် ၁၂၀၂ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဩဂုတ် ၁၅ ရက်တွင် တစ်အောင်စလျှင် ၁၁၈၅ အမေရိကန်ဒေါ်လာသို့ကျဆင်းခဲ့ပြီး ဩဂုတ် ၁၇ ရက်တွင် ၁၁၇၈ အမေရိကန်ဒေါ်လာသို့ ထပ်မံကျဆင်းခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**

## Approaching to the Stock Market in Myanmar ပြုလုပ်မည်

စတော့ရှယ်ယာကို စတင်ရင်း နှီးမြှုပ်နှံလိုသူများအတွက်“Approaching to the Stock Market in Myanmar” ခေါင်းစဉ်ဖြင့် ဟောပြောပွဲအခမ်းအနားကို ရန်ကုန်မြို့ပြည်လမ်းရှိInternational Business Centre (IBC) တွင် ဩဂုတ် ၂၅ ရက်၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံတွင် အစုရှယ်ယာဈေးကွက်ကို စတင်တည်ထောင်နိုင်ရန် ကြိုးပမ်းခဲ့သော ဦးမောင်မောင်သိမ်း(ဘဏ္ဍာရေးဒုဝန်ကြီးဟောင်း)၊ Myanmar Securities Exchange Centre Co.,Ltd၏ Managing Directorဖြစ်သူ Mr.Takashi Yamaguchiနှင့် Myanmar Securities Exchange Centre Co.,Ltd ၏ Deputy Directorဖြစ်သူ Mr.Tomohiro Kobayashi တို့က MSECအကြောင်းနှင့် မှတ်တမ်းများ၊ စတော့ရှယ်ယာ ဈေးကွက်အကြောင်း သိကောင်းစရာနှင့် ငွေချေးသက်သေခံလက်မှတ်စာရင်း (SecuritiesAccount) ဖွင့်လှစ်ပုံအဆင့်ဆင့်၊ Online မှတစ်ဆင့် စတော့ရှယ်ယာများ အရောင်းအဝယ်ပြုလုပ်ခြင်း စသည်တို့ကို ဟောပြောဆွေးနွေးသွားမည်ဖြစ်ပြီး စတော့ရှယ်ယာရင်းနှီး မြှုပ်နှံမှုအကြောင်းစိတ်ဝင်စားသူများ၊ စတင်လေ့လာလိုသူများ၊ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသူများ အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

ဟောပြောပွဲ တက်ရောက်လိုသူများအနေဖြင့် နာမည်၊ ဖုန်းနံပါတ်၊ မှတ်ပုံတင်နံပါတ်တို့ဖြင့် ဩဂုတ် ၂၁ ရက် နောက်ဆုံးထားကာ ၀၁-၃၇၆၈၂၂ (လိုင်းခွဲ ၁၀၁၊ ၁၀၂၊ ၁၀၄၊ ၁၀၅)ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

August 17, 2018
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.38 |
| BDT | Bangladesh Taka | 84.45 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.89 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 70.09 |
| I DR | Indonesia Rupiahs | 14605.34 |
| JPY | Japan Yen | 110.87 |
| MYR | Malaysia | 4.10 |
| PKR | Pakistan Rupees | 123.29 |
| PHP | Philippines Pesos | 53.42 |
| RUB | Russia Rubles | 66.78 |
| SGD | Singapore Dollars | 1.38 |
| KRW | South Korea Won | 1125.28 |
| LKR | Sri Lanka Rupe | 160.50 |
| THB | Thailand Baht | 33.21 |
| GBP | United Kingdom Pounds | 0.79 |
| VND | VietnamDon | 23257.73 |

*Source:xe.com*

## World Gold Price

August-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 13 | 1213 | 1212 | 1211 |
| 14 | 1198 | 1197 | 1197 |
| 15 | 1192 | 1191 | 1191 |
| 16 | 1180 | 1182 | 1175 |
| 17 | 1180 | 1178 | 1176 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 13-8- 2018 | 950.00 | 949.50 |
| 14-8- 2018 | 949.00 | 948.00 |
| 15-8- 2018 | 948.80 | 948.30 |
| 16-8- 2018 | 954.50 | 954.00 |
| 17-8- 2018 | 953.50 | 952.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 13 | 6.84 | 33.36 | 84.15 | 69.47 |
| 14 | 6.87 | 33.29 | 84.44 | 69.87 |
| 15 | 6.89 | 33.34 | 84.46 | 70.18 |
| 16 | 6.89 | 33.24 | 84.43 | 70.20 |
| 17 | 6.89 | 33.21 | 84.45 | 70.09 |

## ဘိလပ်မြေ

# ရေလမ်းမှတန်ချိန် ၁၅၀၀ကျော်နဲ့ နယ်စပ်လမ်းမှ တန်ချိန် ၁၂၀၀၀ကျော်ဝင်

ဩဂုတ်လ ၅ ရက်မှ ၁၁ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၅၈၂၅ တန်ဖိုးရှိ ဘိလပ်မြေ ၁၅၂၉ ဒသမ ၄၅တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကိုရီးယားနိုင်ငံမှ ၁၄၀၄ ဒသမ ၄၅တန်နဲ့ ထိုင်းနိုင်ငံမှ ၁၂၅ တန်တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၃၄၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၉၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဇူလိုင်လ ၂၈ ရက်မှ ဩဂုတ်လ ၃ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၂၀၃၀ တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ ၁၃၇၆ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၀၆၅၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့နည်းခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းအား

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်လည်းမိုးများနေတာကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေလည်းနားနေရတယ်။ ဒါကြောင့် အရောင်းအဝယ်က တော်တော်အေးတယ်၊ ဈေးလည်းအပြောင်းအလဲမရှိငြိမ်နေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၀၀၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီရက်ပိုင်းမိုးပါးလာတာကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း ပြန်လည်လုပ်ကိုင်နေတာကြောင့် အရောင်းအဝယ်က ပုံမှန်လေးဖြစ်လာတယ်။ ဒါပေမယ့် ဘိလပ်မြေဈေးကငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၈၀၀၊ အေသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၅၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်း သိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ မိုးပါးပေမယ့်ဆောက်လုပ်ရေးလုပ်ငန်းတွေနားနေတာကြောင့် အရောင်းပါးတယ်၊ဈေးလည်းငြိမ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ ကျပ်၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ်၄၉၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မိုးကာလမှာတော့ ဒီလိုပဲအရောင်းပါးတယ်။ဒီတစ်ပတ်မှာလည်း အရောင်းအေးသလို ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၂၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၃၈၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ခတ်မြေသြဇာ

# ယခင်တစ်ပတ်ထက်ဒီတစ်ပတ်မှာ မြေသြဇာတန်ချိန် ၈၈၀၀ကျော် တင်သွင်းမှုလျော့

ဩဂုတ်လ ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၈၂၇၆၂၆ တန်ဖိုးရှိမြေသြဇာ ၁၀၉၇၉ ဒသမ ၀၀၅တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၀၄၅တန်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၃၃၁၈ ဒသမ ၁ တန်၊ အီရန်နိုင်ငံမှ ၃၄၄၈ ဒသမ ၈ တန်၊ ဂျပန်နိုင်ငံမှ ၁၀၂ ဒသမ ၇၇၅ တန်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၁၀၀၊ ကိုရီးယားနိုင်ငံမှ ၄၆ ဒသမ ၀၈ တန်၊ နော်ဝေနိုင်ငံမှ ၄၉၇ ဒသမ ၂၃ တန်၊ တိုင်ဝမ်နိုင်ငံမှ ၂၂၅ တန်၊ ထိုင်းနိုင်ငံမှ ၅၂၂တန်နဲ့ဗီယက်နမ်နိုင်ငံမှ ၆၇၄ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၉၈၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၈၅၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်၊အမိုးနီးယားကလိုရိုဒ်၊ယူရီးယား၊ကွန်ပေါင်းတို့ဖြစ်ပါတယ်။

# မြေသြဇာဈေးကွက် အရောင်းအား

ဩဂုတ်လ ၄ ရက်မှ ၁၀ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ၁၈၁၅၀ တန်ကျော်ရှိခဲ့ပြီးယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၁၈၀၃၀ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၀ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊တောင်ကြီး ၊ မကွေးမှာအရောင်းအေးပြီး မန္တလေးမှာအရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်ဈေးလည်းငြိမ်သလို အရောင်းအဝယ်ပါးတယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၆၅၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်မှာတော့ အရောင်းပါးတယ်။ ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ(ကမ္ဘာလုံး-တရုတ်)ကျပ် ၂၆၅၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၇၂၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၇၂၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၁၇၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည်(တရုတ်)ကျပ်၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်) ကျပ် ၁၆၅၀၀၊ ခတ်ဆား(တရုတ်) ကျပ် ၁၅၇၀၀၊ ပိုတက်(တရုတ်)ကျပ် ၂၃၆၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၅၈၀၀ ၊ မြားကမ္ဘာကျပ် ၁၆၂၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ အာမို၁၅ပတ်လည်က ကျပ် ၃၀၀၊ အာမို၁၆း၁၆း၈ကကျပ် ၅၀၀၊ အာမို၁၀း၁၀း၅က ကျပ် ၂၀၀ဈေးမြင့်ခဲ့ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၆၃၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၈၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၀၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၂၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၆၅၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၆၅၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၂၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၁၉၈၀၀၊ တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၆၂၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ မိုးလည်းနည်းနည်းပါးတာကြောင့် အရောင်းအဝယ်က ပုံမှန်လေးဖြစ်လာတယ်။ယခင်တစ်ပတ်ထက်လည်း ရောင်းအားတက်တယ်လို့စိုက်ပျိုးရေးအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား(ရွှေတောင်)က ကျပ် ၂၀၀၊ပန်းသီးစုံက ကျပ် ၂၀၀၊ အာမို၁၅ပတ်လည်ကကျပ် ၁၅၀၀ ဈေးမြင့်ခဲ့ပြီး မြားသီးစုံက ကျပ် ၄၀၀ဈေးကျခဲ့ ကာကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၈၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ(၄၆%-တရုတ်) ကျပ် ၂၁၆၀၀၊ မြားသီးစုံ ကျပ် ၁၅၆၀၀၊ ပန်းသီးစုံ ကျပ် ၁၆၄၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၀၀၀၊ ပိုတက် ကျပ် ၂၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နှံ့ဆီ/နှံ့မှုန့်

# နှံ့ဆီရော နှံ့မှုန့်ပါ အဝင်လျော့

ဩဂုတ်လ ၅ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၈၇၆၃၂တန်ဖိုးရှိ နှံ့ဆီ ၆၀၉ ဒသမ ၀၁၂တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၂၅၈ ဒသမ ၈၀၄ တန်နဲ့ စင်ကာပူနိုင်ငံမှ၃၅၀ ဒသမ ၂၀၈ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ တီးပေါ့၊ မာရီးဂိုးနဲ့ ဒွန်းနှံ့ဆီတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ နှံ့ဆီတန်ချိန် ၇၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန်၁၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။

အမေရိကန်ဒေါ်လာ၄၅၂၁၆၆ တန်ဖိုးရှိ နှံ့မှုန့် တန်ချိန် ၁၅၂ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့မှုန့်တန်ချိန် ၂၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ် နှံ့ဆီရောနှံ့မှုန့်ပါ တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၈ မှ ၁၀/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၇ မှ ၃/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | - | - | (-) - |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၁၁၀၉·၀၀ | ၁၇၆·၀၀ | (+) ၉၃၃·၀၀ |
| ၅။ | တာချီလိတ် | ၇၅၀၀·၀၀ | ၁၀၅၀·၀၀ | (+) ၆၄၅၀·၀၀ |
| ၆။ | မြဝတီ | - | - | - |
| ၇။ | ကော့သောင်း | ၁၇၅·၀၀ | ၂၅·၀၀ | (+) ၁၅၀·၀၀ |
| ၈။ | မြိတ် | ၃၂၅၀·၀၀ | ၁၂၅·၀၀ | (+) ၃၁၂၅·၀၀ |
| | စုစုပေါင်း | ၁၂၀၃၄·၀၀ | ၁၃၇၆·၀၀ | (+) ၁၀၆၅၈·၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၈ မှ ၁၀/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၇ မှ ၃/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၃၁၉·၄၀ | ၁၄၀၅၉·၈၅ | (-) ၇၄၀·၄၅ |
| ၂။ | လွယ်ဂျယ် | ၃၁၅·၀၀ | ၄၇၁·၆၀ | (-) ၁၅၆·၆၀ |
| ၃။ | ချင်းရွှေဟော် | ၁၅၄၆·၅၀ | ၂၀၆၉·၂၅ | (-) ၅၂၂·၇၅ |
| ၄။ | ကန်ပိုက်တီ | ၂၄၀·၀၀ | ၈၃၆·၀၀ | (-) ၅၉၆·၀၀ |
| ၅။ | မြဝတီ | ၁၃၁၁·၀၈ | - | (+) ၁၃၁၁·၀၈ |
| ၆။ | ကော့သောင်း | - | - | - |
| ၇။ | မြိတ် | ၂၂၅·၀၀ | - | (+) ၂၂၅·၀၀ |
| ၈။ | ရိုဒ် | ၁၂၀၀·၀၀ | ၆၀၀·၀၀ | (+) ၆၀၀·၀၀ |
| ၉။ | တမူး | - | - | - |
| | စုစုပေါင်း | ၁၈၁၅၆·၉၈ | ၁၈၀၃၆·၇၀ | (+) ၁၂၀·၂၈ |

ခင်မိုးသူ

# နှမ်း/မြေပဲဆန်

## မိုးနှမ်းများ ပြည်ဈေးကွက်သို့ စတင်ဝင်ရောက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မိုးနှမ်းများ စတင်ဝင်ရောက်လာပြီဖြစ်ပါတယ်။ ဈေးကွက်သို့ ဝင်ရောက်မှုမှာ ယခင်နှစ်ကထက်စာရင် နောက်ကျတာတွေ့ရပါတယ်။ ကံမ၊ မင်းတုန်း၊ မြန်အောင်နှင့် ပန်းတောင်းဘက်မှ နှမ်းဝင်ရောက်မှုမှာ နေ့စဉ်မပုတ်တောင် ရက်ခြားဆိုသလို အိတ် ၁၀၀၊ ၁၅၀ ခန့် ဝင်ရောက်လာတာတွေ့ရပါတယ်။ နှမ်းဝင်ရောက်မှုရှိလာသဖြင့် ဝယ်လက်များကလည်း ဈေးချပြီးဝယ်ယူလာလို့ နှမ်းနီနှင့် နှမ်းနက်ဈေးမှာ ယခင်တစ်ပတ်ထက်စာရင် ဈေးပြန်ကျလာပြီး စမုံနက်နှမ်းတစ်မျိုးသာ ဈေးငြိမ်နေတာတွေ့ရပါတယ်။ နှမ်းနီကို ဆီစက်သမားများက အဝယ်ရှိလို့ ၃ တင်းတစ်အိတ်လျှင် ကျပ် ၁၂၃၀၀၀ ဖြင့် တစ်ခါတစ်ခါအဝယ်ရှိလျှင် အိတ် ၅၀၊ ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းနက်ဈေးမှာ ၃တင်းတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးကျသော်လည်း အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ စမုံနက်နှမ်းကို မန္တလေးဝယ်လက်များက အဝယ်ရှိလို့ ဈေးမကျဘဲ တစ်နေ့လျှင်အိတ် ၂၀၀ အထိ အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။

**ဝေဝေမင်း (ပြည်)**

## ချင်းရွှေဟော်မှ နှမ်းလျှော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၄ ရက်မှ ၁၀ ရက်ထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၇၄၄ သန်း တန်ဖိုးရှိ နှမ်း ရောင်စုံ ၆၂၁ တန်ကျော် တင်ပို့ခဲ့ပါ တယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းဖြူ ၂၄၄ တန်ကျော်၊ နှမ်းနက် တန် ၆၀ ခွဲ၊ နှမ်းညို တန် ၂၄၀ ကျော် နဲ့ နှမ်းညို (အခွံချွတ်) ၇၅ တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၁၅၈၈ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ၉၆၇ တန်လျှော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၉၉၂၂၅ တန်ဖိုးရှိ နှမ်းညို ၈၅ တန်ကျော်ကို ထိုင်းနိုင်ငံ သို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မူဆယ် ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန် ၁၈၈၉၃၆၂ ကျပ်၊ နှမ်းနက်တစ်တန် ၁၉၉၅၇၄၅ ကျပ်ရှိရာမှ ဩဂုတ်၄ ရက်မှ ၈ ရက်ထိ သီတင်းပတ်အတွင်း နှမ်းဖြူဈေး ၁၈၆၉၄၇၄ ကျပ်နဲ့ နှမ်းနက်ဈေး ၁၉၇၄၇၃၇ ကျပ်သို့ အနည်းငယ်ကျဆင်းခဲ့ကြောင်း၊ ယခင်နှစ် ကာလတူက နှမ်းဖြူတစ်တန်လျှင် ကျပ် ၁၇ သိန်းကျော်ရှိရာမှ ယခုနှစ်ကာလတူတွင် ကျပ် ၁၈ သိန်းကျော်၊ နှမ်းနက်တစ် တန်လျှင် ကျပ် ၁၈ သိန်းကျော်မှ ကျပ် ၁၉သိန်းကျော်အထိပေါက်ဈေးရှိတယ်လို့မန္တလေး၊ မူဆယ်ရှိနှမ်းကုန်သည်များထံမှသတင်းရရှိပါတယ်။

**မော်မော်အောင်**

## မြေပဲဆန်အသစ်များ ဝင်ရောက်လာလို့ ပြည်ဈေးကွက်တွင် နေ့စဉ်အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်သို့ မြေပဲဆန်အသစ်များ ဝင်ရောက်လာပြီး ဝယ်လိုအားလည်းကောင်းလာသဖြင့် ပဲဆန်ဈေးများမြင့်လာတာ တွေ့ရပါတယ်။ ဝင်ရောက်မှုမှာ မင်းတုန်းနှင့် ကံမဘက်မှ အိတ် ၅၀၀ ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်မှာလည်း နေ့စဉ် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ ယခုဝင်ရောက်လာတဲ့ မြေပဲဆန်အသစ်မှာ ဝယ်လိုအား များသဖြင့် ဈေးမြင့်ပြီး၊ မြေပဲဆန်အဟောင်းမှာ လက်ကျန်လည်းနည်း၊ အဝယ်လည်း သိပ်မရှိလို့ ဈေးနိမ့်နေတာ တွေ့ရပါတယ်။

မြေပဲဆီဆန် အသစ်ဈေးမှာ အဖြူ ရောအနီပါ ဈေးတူလို့ တစ်ပိဿာလျှင် ကျပ် ၂၄၀၀ ဖြင့် တစ်နေ့လျှင် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ လုံးဆန်ဈေးမှာ (အဖြူ) အသစ် တစ်ပိဿာလျှင် ကျပ် ၂၇၀၀- ၂၈၀၀ နှင့် (အနီ) အသစ် တစ်ပိဿာလျှင် ကျပ် ၂၈၀၀-၂၈၅၀ အထိ ဈေးမြင့်လာပြီး အရောင်းအဝယ်မှာ တစ်နေ့လျှင် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။

**ဝေဝေမင်း (ပြည်)**

# စားအုန်းဆီ

## စားအုန်းဆီဈေး အနည်းငယ်မြင့်တက်လာသော်လည်း ဝယ်လိုအားကျဆင်း

စောစောပိုင်းကာလက ကျဆင်းနေခဲ့သော မလေးရှား စားအုန်းဆီဈေးသည် ဩဂုတ် ၁၆ ရက်တွင် ပြန်လည်မြင့်တက်လာခဲ့သော်လည်း ကုန်သွယ်မှုနှေးကွေးနေသည့် အခြေအနေနှင့် ရင်းဂစ်တန်ဖိုး ကျဆင်းနေမှုတို့ကို ရင်ဆိုင်နေရဆဲဖြစ်သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်၏ နိုဝင်ဘာလအတွက် စားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးသည် ဩဂုတ် ၁၆ ရက်က တစ်တန်လျှင် ၂၂၂၂ ရင်းဂစ်သို့ ရောက်ရှိခဲ့ပြီး အဆိုပါဈေးအတွက် ငွေလဲနှုန်းသည် သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ထိုနေ့အတွက် စားအုန်းဆီကုန်သွယ်မှုမှာ ၂၅ တန်တွဲပေါင်း ၄၅၅၄၇ တွဲ ကုန်သွယ်မှုရှိခဲ့သည်။

လတ်တလော တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားခဲ့ရာ ကုန်သွယ်ရေးလမ်းကြောင်း ပြောင်းလဲမှုဖြစ်ပေါ်လာရန် မျှော်လင့်နေကြသည်ဟု ကွာလာလမ်ပူ စားအုန်းဆီကုန်သည်များအသိုင်းအဝိုင်းမှ သိရသည်။ အဆိုပါ နိုင်ငံကြီးနှစ်နိုင်ငံ၏ ကုန်သွယ်ရေးတိုက်ပွဲကြောင့် နိုင်ငံအများစုမှာ ငွေကြေး မတည်ငြိမ်မှုများ ခံစားနေရပြီး တူရကီနှင့် အိန္ဒိယနိုင်ငံတို့မှ သွင်းကုန်တင်သွင်းမှုလျှော့ချမှုကြောင့် မလေးရှားစားအုန်းဆီဈေးကွက်သည် ဝယ်လိုအား ကျဆင်းနေမှုကို ပြင်းထန်စွာခံစားရလျှက်ရှိသည်။ ဩဂုတ်လအတွက် မလေးရှားစားအုန်းဆီ တင်ပို့မှုသည် ဇူလိုင်လက တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ကာလတူအတွင်း ထက်ဝက်ခန့် လျော့ကျသွားကြောင်းကို မလေးရှား ကုန်ပစ္စည်းတင်ပို့မှု လေ့လာဆန်းစစ်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

“ လောလောဆယ်ဈေးတော့ မြင့်တက်လာတယ်ပေါ့။ ဒါပေမယ့် ခြုံပြောရရင်တော့ ဈေးကွက်က အခြေအနေမကောင်းဘူး” ဟု ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးကပြောသည်။ အခြားစားသုံးဆီဈေးများသည်လည်း စားအုန်းဆီဈေးကို သက်ရောက်မှုရှိနေပြီး အမေရိကန်ချီကာဂိုဘုတ်အဖွဲ့၏ ဒီဇင်ဘာလအတွက် ပဲပုပ်ဆီစာချုပ်ဈေးမှာ သုည ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်၏ ဇန်နဝါရီလအတွက် ပဲပုပ်ဆီ စာချုပ်ဈေးမှာလည်း သုည ဒသမ ၈ ရာခိုင်နှုန်းမြင့်တက် ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၆ ရက် တရုတ်နိုင်ငံမှ သတင်းထုတ်ပြန်ချက်အရ တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်တွင် မကြာမီကာလအတွင်း ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းမှုများ ဆောင်ရွက်မည် ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ခင်လေးယု**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၇-၈-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မန္တလေး | ၅၂၀၀ | ၅၄၀၀ | △ | ၅၂၀၀ | ၅၂၀၀ | □ | ၂၂၀၀ | ၂၀၀၀ | ▽ |
| ပခုက္ကူ | ၅၄၀၀ | ၅၄၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၂၁၀၀ | △ |
| မကွေး | ၅၂၀၀ | ၅၂၀၀ | □ | ၅၈၀၀ | ၅၇၀၀ | ▽ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၅၁၀၀ | ၅၁၀၀ | □ | ၅၁၀၀ | ၅၁၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| စစ်တွေ | ၅၈၀၀ | ၆၀၀၀ | △ | ၄၀၀၀ | ၅၀၀၀ | △ | ၂၃၀၀ | ၂၂၀၀ | ▽ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၇-၈-၂၀၁၈ **US$/Ton**

| အမျိုးအစား | ဩဂုတ်ပထမပတ် | ဩဂုတ်ဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၅၄၅.၀၀ | ၅၆၀.၀၀ | △ |
| **RBD P.Olein** | ၅၅၆.၀၀ | ၅၅၉.၅၀ | △ |
| **RBD P.Stearin** | ၅၅၁.၀၀ | ၅၄၆.၅၀ | ▽ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၇-၈-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၆၈.၆၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၃၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၄၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၀.၃၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၄.၃၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၃၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၀၅.၉၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၇-၈-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 600 ဒေါ်လာနှင့် USD ဈေး ၁၄၉၈ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၇-၈-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၄၉၈ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။







မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများအား အသေးစားကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရင်း လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့်ချိတ်ဆက်ပြီး နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည် ဖော်နိုင်စေရန် ချမှတ်ထားသည့် ကုန်သွယ်ရေးမူဝါဒများနှင့်အညီ ဈေးကွက်စီးပွားရေးစနစ်ကို ဖြေလျော့မှုမျိုးစုံနှင့် ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများအနက် ပြည်ပဈေးကွက်ဝင်သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချခြင်း လုပ်ငန်းလည်း အပါအဝင်ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ပြည်ပပို့ကုန်သစ်သီးဝလံများအနက် စစ်ကိုင်းမြို့နယ်မှာ စိန်တလုံး၊ ရင်ကွဲ၊ ရွှေဟသာ်စသည့် သရက်မျိုးစုံ အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ ဒီလိုသရက်မျိုးစုံအနက်မှ စိန်တလုံးသရက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူ၊ ခြံရှင်များ၊ အရောင်းအဝယ်ပြုလုပ်သူ ကုန်သည်လုပ်ငန်းရှင်များအတွက် "ဒီပဲယင်းကွဲစိန်တလုံးသရက်"ဟူ၍ဈေးကွက်တွင် အခိုင်အမာရရှိရေး၊ ဒေသတွင်းစားသုံးရန် ကုန်ထုတ်လုပ်မှုအဆင့်မှ စီးပွားဖြစ် ကုန်ထုတ်လုပ်မှုအဆင့်သို့ရောက်ရှိအောင် အရည်အသွေးမြှင့်တင် ဆောင်ရွက်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး၊ အလုပ်သမားများ အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိရေး၊ ကျေးရွာနှင့်မြို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး စိန်တလုံးသရက်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူပိုင်ခွင့်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီး၍ ၂၀၁၅ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် စစ်ကိုင်းမြို့နယ်၊ ဒီပဲယင်းကွဲကျေးရွာရှိ ဘုံစက်ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ဒီပဲယင်းကွဲကျေးရွာ သရက်အစုအဖွဲ့ဥက္ကဋ္ဌမှ စစ်ကိုင်းမြို့နယ် စိန်တလုံးသရက်ထက် မြန်မာ့စိန်တလုံးသရက် ဟူ၍ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာကအထိ သိအောင် ဖြစ်စေလိုကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

ယနေ့ကာလမှာလည်း စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရသလို ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုနှင့် သုတေသနလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သည့် ပြည်ပပို့ကုန်များ(၃)ဆတိုးမြှင့်တင်ပို့နိုင်ပြီး နိုင်ငံခြားဝင်ငွေများ တိုးမြှင့်ရရှိစေရန် ရည်ရွယ်ပြီး လုပ်ငန်းတာဝန်(၂၇)ချက်ချမှတ်၍ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဆိုင်ရာ နည်းပညာဖွံ့ဖြိုးမှု၊ ပြည်တွင်းပြည်ပကုန်သွယ်ရေးဖွံ့ဖြိုးမှု၊ ဈေးနှုန်း ဈေးကွက်အခြေအနေသုတေသန ဆောင်ရွက်ထားရှိမှု၊ ပြည်တွင်းစီးပွားရေး သုတေသနပြု ဆောင်ရွက်ထားရှိမှု၊ ကုန်စည်စီးဆင်းမှုအခြေအနေနှင့် လေ့လာသုံးသပ်ထားရှိမှုစသည့် အခြေအနေတို့ကို အမြဲမပြတ်လေ့လာ၍ လုပ်ကိုင်ဆောင်ရွက်ရပါတယ်။

ထိုသို့ လုပ်ကိုင်ဆောင်ရွက်ရာမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးတွင် ခရိုင်ဦးစီးမှူးဖြစ်သော ဦးမြင့်စိုး (လက်ထောက်ညွှန်ကြားရေးမှူး)၊ ဒု-ခရိုင် ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၃ ရက်တွင် စစ်ကိုင်းမြို့နယ်၊ ဒီပဲယင်းကွဲကျေးရွာမှ သရက်အစုအဖွဲ့

## ခင်စောဝင်း(စစ်ကိုင်း)

ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် တွေ့ဆုံ၍ စိန်တလုံးသရက်နှင့်ပတ်သက်သည့် အချက်အလက်များအား ဆွေးနွေး မေးမြန်းရသမျှကို ရေးသားတင်ပြလိုက်ရပါတယ်။

စစ်ကိုင်းမြို့နယ်၊ ဒီပဲယင်းကွဲကျေးရွာမှ သရက်အစုအဖွဲ့ကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ယခုလက်ရှိတွင် အလုပ်အမှုဆောင်အဖြစ် ဥက္ကဋ္ဌ ဦးသန်းထွန်း၊ အတွင်းရေးမှူး ဦးအောင်ဇော်ဦးနှင့် အဖွဲ့ဝင်များဖြစ်သော ဦးဇော်လင်း၊ ဦးသီဟဖြိုး၊ ဦးဝင်းငွေ၊ ဦးမျိုးမြင့်ကြွယ်နှင့် ဦးကျော်ငွေ စသည့် အလုပ်အမှုဆောင် (၇)ဦးဖြင့်ဖွဲ့စည်းဆောင်ရွက်ဆောင်ရွက်ရာ အသင်းသား ၂၁၉ ဦးထိရှိသွားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

စိန်တလုံးသရက် မူပိုင်ခွင့်ဆိုင်ရာနှင့်ပတ်သက်၍ နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးတွင် ၂၀၁၇ ခုနှစ် ဩဂုတ် ၃၀ မှ ၃၁ ရက်ထိ ကျင်းပပြုလုပ်သော မြန်မာ့သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး နှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရုံးတွင် မြန်မာနိုင်ငံအမျိုးသားပို့ကုန်မဟာဗျူဟာ၊ နေပြည်တော် Hotel တွင် ၂၀၁၇ ခုနှစ် မတ်လ ၁၅ ရက်တွင် အရည်အသွေးကောင်း သီးနှံ ၁၅ မျိုး EUတင်ရန် (GAP) အစည်းအဝေး၊ ၂၀၁၇ ခုနှစ် မတ်လ ၂၀ ရက်တွင် မန္တလေးတွင် GAP တတိယမူကြမ်း အလုပ်ရုံဆွေးနွေးပွဲ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၈ ရက်နှင့် မတ်လ ၁၈ ရက်တို့တွင် မုံရွာအစိုးရဝန်ကြီးများရုံးတွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ စက်မှုလက်မှုကဏ္ဍစုံ အစည်းအဝေး စသည့် အစည်းအဝေးနှင့် ဆွေးနွေးပွဲများတွင် မြန်မာ့စိန်တလုံး မူပိုင်ခွင့်ရရှိရေးများကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

မန္တလေးမြို့တွင် ကျင်းပပြုလုပ်သော ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် (၃)နှစ်ပြည့်အခမ်းအနားကို တက်ရောက်ခဲ့ပြီး နှစ်စဉ်လည်းသင်တန်းကို လူလဲလှယ်၍ တက်ရောက်ခဲ့ကြောင်း၊ သင်တန်းကာလမှာ (၃)ရက်မှ (၅) ရက်ထိဖြစ်ကြောင်း ၊ စိန်တလုံးသရက် စိုက်သူများ အနေဖြင့် မိမိတို့သရက်သီးများကို အရည်အသွေးကောင်းအောင် စိုက်ပျိုးရေးဦးစီးဌာနမှ လမ်းညွှန်ချက်များနှင့်အညီ GAPလက်မှတ်ရအောင်ဆောင်ရွက်ခဲ့ရာ GAPလက်မှတ် ၁၅ ဦးရရှိပြီးဖြစ်ကြောင်း၊ ရန်ကုန်သစ်သီးဝလံ ဗဟိုအစည်းအဝေးတွင်လည်း မူပိုင်ခွင့်ဆိုင်ရာများကို ဆွေးနွေးခဲ့ပါကြောင်း၊ သို့ပါ၍ မြန်မာ့စိန်တလုံးသရက် (သို့မဟုတ်) စစ်ကိုင်းမြို့နယ်၊ ဒီပဲယင်းကွဲစိန်တလုံးသရက်ဟူ၍ မူပိုင်ခွင့်ရရှိလိုပါကြောင်း ဆွေးနွေးခဲ့ပါတယ်။



စိုက်ပျိုးထွက်ရှိမှုအနေဖြင့် ၂၀၁၆-၂၀၁၇တွင် စိန်တလုံးစိုက်ဧက ၁၈၀၀ ဧက၊ အထွက်နှုန်း ၃ တန်၊ အထွက်တန် ၅၄၀၀၊ ၂၀၁၇-၂၀၁၈ တွင် စိန်တလုံးစိုက်ဧက ၁၉၀၀ ဧက၊ အထွက်နှုန်း ၄ တန်၊ အထွက်တန် ၇၆၀၀ တန်၊ ၂၀၁၈-၂၀၁၉ ဇွန်လထိတွင် စိန်တလုံးစိုက်ဧက ၂၁၀၀ ဧက၊ အထွက်နှုန်း ၃ တန်၊ အထွက်တန် ၆၃၀၀ တန် ထွက်ရှိကြောင်း သိရှိရပါတယ်။

ဈေးနှုန်းဈေးကွက်များအနေဖြင့် တစ်တန်ဈေးနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | သရက်သီးတလုံး အလေးချိန် | ၂၀၁၆-၂၀၁၇ (ကျပ်) | ၂၀၁၇-၂၀၁၈ (ကျပ်) | ၂၀၁၈-၂၀၁၉ ဇွန်လထိ (ကျပ်) |
|---|---|---|---|---|
| ၁။ | (၂၀၀g)မှ (၂၅၀g) | ၆၅၀၀၀၀/- | ၇၀၀၀၀၀/- | ၆၅၀၀၀၀/- |
| ၂။ | (၂၅၀g)မှ (၃၀၀g) | ၉၅၀၀၀၀/- | ၁၀၀၀၀၀၀/- | ၉၅၀၀၀၀/- |
| ၃။ | (၃၀၀g)မှ (၃၅၀g) | ၁၂၀၀၀၀၀/- | ၁၂၅၀၀၀၀/- | ၁၃၀၀၀၀၀/- |
| ၄။ | (၃၅၀g)မှ (၄၀၀g) | ၁၂၅၀၀၀၀/- | ၁၃၀၀၀၀၀/- | ၁၄၀၀၀၀၀/- |
| ၅။ | (၄၀၀g)နှင့်အထက် | ၁၄၀၀၀၀၀/- | ၁၄၅၀၀၀၀/- | ၁၅၀၀၀၀၀/- |

တင်ပို့မှုအခြေအနေမှာ ထွက်ရှိလာသည့် သရက်သီးများ၏ သုံးပုံတစ်ပုံကို ပြည်တွင်းအနေဖြင့် စစ်ကိုင်း၊ မန္တလေး၊ မုံရွာ၊ ရွှေဘို၊ ဆားတောင်ဒေသများသို့ တင်ပို့ရောင်းချကြပါသည်။ ကျန်နှစ်ပုံကို မူဆယ်(၁၀၅)မိုင်၊ မြန်မာရွှေ (စင်ကာပူ)ကုမ္ပဏီ၊ တိုက်ဂါး(ထိုင်း) ကုမ္ပဏီ၊ ရွှေမြန်မာပွဲရုံ၊ တော်ဝင်ပွဲရုံများသို့ ရောင်းချခဲ့ကြောင်း သိရှိရပါတယ်။

အထက်ပါတစ်တန်ဈေးနှုန်းများမှာ မြန်မာ့ရွှေကုမ္ပဏီမှ ရွာအရောက် လာရောက်ဝယ်ယူသော ဈေးနှုန်းဖြစ်ပါတယ်။ သရက်ခြံများအနေဖြင့် သရက်သီးစပေါ်သည့်အချိန်မှ စာချုပ်ချုပ်ဆို၍ ဈေးသတ်မှတ်ဝယ်ယူခြင်းဖြစ်သည့်အတွက် တည်ငြိမ်သည့်ဈေးကွက် ရရှိပါကြောင်း၊ ရွာအရောက် လာရောက်ဝယ်ယူသောတန်မှာ တန် ၅၀၀ ခန့်ရှိပြီး ကျန်ထွက်ရှိသော စိန်တလုံးသရက်သီး (တန်)များကို မူဆယ်ဈေးကွက်သို့ ရောင်းချပါကြောင်း၊ ကားခမှာ တစ်တန်လျှင် ကျပ် ၁၀၀၀၀၀ နှုန်းခန့် ပေးချေရကြောင်း၊ မူဆယ်ဈေးကွက်အနေဖြင့် ဈေးမတည်ငြိမ်ကြောင်း၊ ယနေ့ တစ်တန် ၁၅ သိန်းဖြစ်သော်လည်း နောက်နေ့တွင် ၇ သိန်း၊ ၅ သိန်း ဖြစ်သွားကြောင်း၊ ဈေးကွက်မညီမျှကြောင်း၊ အလုပ်သမားများ ထည့်သည့်အပေါ် မူတည်၍ (အသေး၊ အပွဲ၊အပုပ်) များပါသွားပါက ဈေးမရရှိကြောင်း ဆွေးနွေးပြောကြားခဲ့ပါတယ်။

စိန်တလုံးသရက်သည် ဒေသအလိုက် ထွက်ပေါ်ချိန်မတူကြောင်း၊ ရန်ကုန်တွင် အစောဆုံးထွက်ရှိပြီးနောက် နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်း၊ ငှင်းနောက် ဗန်းမောက်၊ ကသာစသည်ဖြင့် ထွက်ရှိချိန်အနည်းငယ်ကွာကြောင်း၊ စစ်ကိုင်း စိန်တလုံး သရက်အနေဖြင့် မေလဆန်းတွင် စတင်ထွက်ရှိပြီး မေလကုန်တွင် ကုန်သလောက်နည်းပါးပါကြောင်း၊ စစ်ကိုင်းမြို့နယ်၊ ဒီပဲယင်းကွဲသရက်ကို ၂၀၁၄ ခုနှစ်မှစ၍ မြန်မာ့ရွှေ(စင်ကာပူ)ကုမ္ပဏီမှ ရွာအရောက် လာရောက်ဝယ်ယူကြောင်း၊ စင်ကာပူ၊ ဟောင်ကောင်၊ မလေးရှား၊ ယူကရိန်း၊ ကာတာ၊ ရုရှားနှင့် ယူအေအီး စသည့် ခုနစ်နိုင်ငံသို့ တင်ပို့ကြောင်း သိရှိရပါတယ်။

**စာမျက်နှာ ၁၆ သို့**

## စာမျက်နှာ (၈) ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုလိုငွေ ...... မှအဆက်

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှာလည်း နိုင်ငံတော်တည်ဆောက်ဆဲကာလတစ်ခုဖြစ်သည့် အားလျော့စွာ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်နေသည့်ကာလဖြစ်ပြီး ဝင်ရောက်လာသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများမှ လိုအပ်သည့် ကုန်ပစ္စည်းများ တင်သွင်းမှု များပြားနေခြင်းကြောင့် ကုန်သွယ်ရေးလိုငွေ ဖြစ်ပေါ်နေဆဲ ဖြစ်ပါတယ်။ အဆိုပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် တင်သွင်းလာသည့်ကုန်ပစ္စည်းများသည် တစ်ဖက်မှာ ငွေသားစီးထွက်မှုမရှိသည့် Draw back၊ Capital in Kind၊ Loan in Kind အဖြစ် ဝင်လာခြင်းဖြစ်ပါတယ်။ ထို့အပြင် လက်ရှိကာလတွင် နိုင်ငံတော်အား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး ရရှိမှုစသည့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုး တက်လာသည်နှင့်အမျှ Non-essential Goods ဇိမ်ခံပစ္စည်းများကလည်း ဈေးကွက်တောင်းဆိုမှု ပိုမိုမြင့်မားလာလျက်ရှိပါတယ်။ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ညီစေရန် မဖြစ်မနေသုံးစွဲရသော ကိစ္စရပ်များအပါအဝင် ဈေးကွက်လိုအပ်ချက်နှင့် ဈေးကွက်စီးပွားရေးအရ Non-essential Goods ဇိမ်ခံပစ္စည်းများအား တရားဝင်နည်းလမ်းဖြင့် တင်သွင်းနိုင်ရန် ခွင့်ပြုပေးရလျက်ရှိကြောင်းလည်း လေ့လာသိရှိရပါတယ်။

### ကုန်သွယ်မှုလိုငွေပြမှု လျော့ကျစေရေးနှင့် အနာဂတ်မျှော်မှန်းချက်များ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၎င်း၏ မျှော်မှန်းချက် (Vision) ဖြစ်သော ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဟူသည့် အချက်အပြင် ရည်မှန်းချက်ဖြစ်သော ကုန်သွယ်မှုပမာဏ တိုးတက်စေရေး ဆောင်ရွက်ရန်၊ ဈေးကွက်စီးပွားရေးနှင့် အညီ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင် ဆောင်ရွက်ရန်၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ပို့ကုန်များ ဈေးကွက်ဝေစု ပိုမိုရရှိအောင် ဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်ဆိုသည့် ဦးတည်ချက်များကို လက်ကိုင်ပြုလျက် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိတာ အများအသိပဲဖြစ်ပါတယ်။

ယခုလက်ရှိတွက်ချက်ထားသော မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလိုငွေ ကိန်းဂဏန်းသည် နိုင်ငံတော်၏ ပြည်ပပို့ကုန် သွင်းကုန် ကုန်ပစ္စည်းများ (Trade in Goods) ၏ ကိန်းဂဏန်း အချက်အလက်များကိုသာ တွက်ချက်ထားခြင်းဖြစ်ပြီး(Trade in Services) အဖြစ် ရရှိသည့် ဝင်ငွေများ (ဥပမာ-နိုင်ငံခြားသား ခရီးသည်များ ဝင်ထွက်သွားလာမှုများမှ ရရှိသည့်ဝင်ငွေ၊ ပြည်ပတွင် သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများ၏ ဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေး၊ ဝန်ဆောင်မှုများမှ ရရှိသော ဝင်ငွေများ) ပါဝင်ခြင်းမရှိကြောင်း လေ့လာတွေ့ရှိရသည့်အတွက် Trade in Services နှင့် သက်ဆိုင်သည့် ကိန်းဂဏန်းများပါ ထည့်သွင်းတွက်ချက်ပါက လိုငွေပမာဏ ပိုမိုလျော့နည်းသွားနိုင်မည့် အလားအလာရှိနိုင်မည်ဟု သုံးသပ်ရပါတယ်။

အချုပ်အားဖြင့်ဆိုရင် ကုန်သွယ်မှုလိုငွေပြခြင်းသည် အမေရိကန်နိုင်ငံအပါအဝင် အခြားစီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ကမ္ဘာ့အင်အားကြီး နိုင်ငံမျိုးတွင်ပင် နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသည့် ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကုန်သွယ်မှု လိုငွေပြမှု လျော့နည်းအောင် နှစ်အလိုက် လျှော့ချနိုင်ခဲ့သည့်အပြင် ကုန်သွယ်မှု ပိုငွေဖြစ်ပေါ်စေရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ဆက်စပ်ဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ စီးပွားရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး Trade in Services အချက်အလက်များကိုပါ ထည့်သွင်းဖော်ပြနိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါတယ်။

မိမိတို့နိုင်ငံအနေဖြင့် လက်ရှိအခြေအနေတွင် နိုင်ငံတော်တည်ဆောက်ရေးကာလဖြစ်သည့်အတွက် သွင်းကုန်လျှော့ချ၍မရသေးမီကာလတွင် တန်ဖိုးမြင့် ပို့ကုန်ပစ္စည်းအမယ်များ (Value Added) တိုးချဲ့ တင်ပို့နိုင်ရေး ဦးတည်ဆောင်ရွက်နေသလို ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရန်အတွက် ပြည်ပ ဈေးကွက်အလားအလာရှိသော ပို့ကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ အရည်အသွေး ကောင်းမွန်စွာ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုနှင့် ဆက်စပ်သော နယ်ပယ်အားလုံးမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါတယ်။ ကုန်သွယ်မှုလုပ်ငန်းစဉ် တစ်လျှောက်လုံးကိုလည်း Trade Policy တစ်ခုတည်းအရ မဟုတ်ဘဲ Monetary Policy၊ Fiscal Policy များနှင့် ပြည့်ပြည့်ဝဝ ဝိုင်းဝန်းထိန်းကျောင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ထို့အပြင် မိမိနိုင်ငံ၏ လက်ရှိအနေအထားအရ စက်မှုကုန်ချော ထုတ်လုပ်နိုင်မှု စွမ်းအားအရ ပြည်ပသွင်းကုန်များအပေါ်တွင် အတိုင်းအတာတစ်ခုအထိ မှီခိုရလျက်ရှိသည်ဖြစ်ရာ ပြည်ပသွင်းကုန်လျှော့၍ ပြည်တွင်းကုန်ထုတ်လုပ်မှု စွမ်းအားများ တိုးတက်စေရေးအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို လက်ရှိခွင့်ပြုထားလျက်ရှိသော မူဝါဒ/လုပ်ထုံးလုပ်နည်းများနှင့် အညီ ပိုမိုအားပေး၍ သွင်းကုန်အစားထိုး နိုင်ငံတကာအဆင့်မီသည့် ထုတ်ကုန်များ ပြည်တွင်း၌ ထုတ်လုပ်ပေးမည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု (FDI)များကို ခေါ်ယူကာ အကောင်အထည်ဖော်နိုင်ပါက မိမိနိုင်ငံ၏ ကုန်ထုတ်လုပ်မှုစွမ်းအား ပိုမိုတိုးမြှင့်လာမှာ ဖြစ်ပါတယ်။

ထိုနည်းတူစွာ ပြည်ပမှအများဆုံး တင်သွင်းနေရသည့် ကုန်ချော ရေနံထွက်ပစ္စည်းများ အစားကုန်ကြမ်းပစ္စည်းဖြစ်သည့် ရေနံစိမ်းသာတင်သွင်းပြီး ပြည်တွင်း၌ ကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်ရန် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း၊ ပြည်ပမှ ရာခိုင်နှုန်းမြင့်မားစွာ တင်သွင်းခဲ့သည့် လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း များအား တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန် အားပေးဆောင်ရွက်ခြင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအရှိန်အဟုန်မြှင့်စေလျက် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်းတို့ဖြင့် ပြည်ပသွင်းကုန် အစားထိုးကုန် ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်နိုင်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကာ နိုင်ငံ၏ ပို့ကုန်ကဏ္ဍအား မြှင့်တင်နိုင်ပြီး ကုန်သွယ်မှုလိုငွေအား ထိရောက်စွာဖြင့် ပိုမိုလျော့ကျလာစေနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

**Reference : www.trademap.org ,**
**https://www.cnbc.com ,**
**www.cbm.gov.mm**

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ...... မှအဆက်

ယင်းနောက် စီးပွားရေးဇုန်များ တည်ဆောက်ရေးအဖွဲ့များမှ တည်ဆောက်မည့် အစီအမံများအား ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းတို့က ပြန်လည်ဖြည့်စွက်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးခန်းမတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာ-တရုတ် ကုန်သွယ်မှုလမ်းကြောင်းမှ နှစ်နိုင်ငံ ပို့ကုန်သွင်းကုန် လုပ်ငန်းများကို အပြန်အလှန်တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်အတွက် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲများ၊ ကုန်စည်ပြပွဲများအား ကျင်းပပြုလုပ်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်စီးပွားရေး ဇုန်များ တည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံအတွင်းမှတင်ပို့သည့် လယ်ယာထွက်ကုန် သီးနှံများကို စီးပွားရေးဇုန်အတွင်း ပြန်လည်ပြုပြင်ထုပ်ပိုး တင်ပို့သွားနိုင်မှာဖြစ်၍ ပြည်ပဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်ကြောင်းနှင့် ဒေသခံ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာဆိုင်ရာများ ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးဇုန်များ တည်ဆောက်ပြီးစီးပါက ကုန်သွယ်မှုပြုလုပ်ရာတွင် နှစ်နိုင်ငံ အကျိုးစီးပွားတူညီစွာ ခံစားနိုင်ရေးအတွက် မျှတစွာ ဆောင်ရွက်သွားကြရန်နှင့် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန် ဆောင်ရွက်ရန် မူအားဖြင့် သဘောတူထားပြီး ဖြစ်ကြောင်း၊ ဒေသတွင်းစီးပွားရေး ဇုန်များ၊ စက်မှုဇုန်များကြောင့် ကချင်ပြည်နယ်၏ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရန် ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပါကြောင်း၊ ဒေသနေပြည်သူများ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ပြည်နယ်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ပါက ကချင်ပြည်နယ် ဘက်စုံဖွံ့ဖြိုး တက်လာမည်ဖြစ်ပါကြောင်း၊ ဒေသထွက်ကုန်များ တင်ပို့မှုသည် နိုင်ငံတကာဈေးကွက်ဝင် တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ထုတ်လုပ်နိုင်ရေးအတွက်ရည်ရွယ်ပြီး စီးပွားရေး ဖွံ့ဖြိုးမှုဇုန်များ ထူထောင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှု ဆိုင်ရာ ကိစ္စရပ်များအား လွယ်ကူလျင်မြန်ချောမွေ့စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက်တက်ရောက်လာကြသော ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော်ကိုယ် စားလှယ်များ၊ ကုန်သည်လုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခြေအနေနှင့် လိုအပ်ချက်များအား တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးညှိနှိုင်းဖြေရှင်းပေးခဲ့ပြီး နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC (IR)**

## စာမျက်နှာ (၃) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ...... မှအဆက်

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ ရှမ်းပြည်နယ်အတွင်း ကုန်သွယ်မှုအခန်းကဏ္ဍ၊ ပြည်တွင်း ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ အခြားဝန်ဆောင်မှု လုပ်ငန်းများကဏ္ဍတို့အား ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသော အခက်အခဲများအား ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ပြန်လည်ဖြည့်စွက် ရှင်းလင်းခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဆိုပါအစည်းအဝေးခန်းမတွင် ရှမ်းပြည်နယ်အတွင်း ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ကုန်သွယ်မှုဆိုင်ရာကိစ္စများ၊ နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းပြောကြားရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံသည် တောတောင်ရေမြေ ထိစပ်လျက်ရှိပြီး ကုန်စည် ကူးသန်းရောင်းဝယ်မှု အများဆုံးပြုလုပ်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်တွင် မြန်မာ-တရုတ်နယ်စပ်ဒေသ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တည်ဆောက်ရန်မူအားဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ မြန်မာဘက်မှ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် ဗဟိုကော်မတီကို ပြည်ထောင်စုဝန်ကြီးဦးစီး၍ သက်ဆိုင်ရာ အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးများမှ ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများပါဝင်ဖွဲ့စည်းပြီး ဖြစ်ကြောင်း၊ တရုတ်ဘက်တွင်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ခံအဖြစ် ဆောင်ရွက်ပြီး သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်ဖွဲ့စည်းပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိပါကြောင်း၊

နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ဆောက်ခြင်းအားဖြင့် ဒေသတွင်း စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမှာဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးသည် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း၊ စီးပွားရေးဇုန်များ၊ စက်မှုဇုန်များ တည်ဆောက်ခြင်းအားဖြင့် ရှမ်းပြည်နယ်၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ရန် ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပါကြောင်း၊ ဒေသနေပြည်သူများ၊ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ပြည်နယ်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ပါက ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊

ဒေသထွက်ကုန်များ တင်ပို့မှုအား နိုင်ငံတကာဈေးကွက်ဝင် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ရည်ရွယ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဇုန်များထူထောင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကုန်သည်လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်နှင့် သကြား ပြည်တွင်းဈေးနှုန်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဩဂုတ်လ ဒုတိယပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၈ နိုင်ငံရှိ၍ Malta နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃ ဒသမ ၈၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၆၃ နိုင်ငံရှိပြီး မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှားနှင့် စင်ကာပူနိုင်ငံ စသည့်နိုင်ငံများပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်း ပြောင်းလဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့်နိုင်ငံအနေဖြင့် ၂၁ နိုင်ငံရှိ၍ ကနေဒါ၊ ဂျပန်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘရာဇီး၊ ပြင်သစ်၊ နော်ဝေနှင့် ဆွီဒင်နိုင်ငံတို့ ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၁၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရ ပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံသည် ၁ ဒသမ ၂၀ ရာခိုင်နှုန်းထိ ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေ၍ ဖိလစ်ပိုင်နိုင်ငံသည် သုည ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဩဂုတ်လ ဒုတိယပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၇ နိုင်ငံရှိခဲ့၍ Malta နိုင်ငံသည် ယခင်တစ်ပတ် ဈေးနှုန်းထက် ၄ ဒသမ ၂၀ ရာခိုင်နှုန်းထိ အမြင့်မား ဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ နော်ဝေ၊ ပါကစ္စတန်၊ ရုရှားနှင့် ထိုင်ဝမ် စသည့် နိုင်ငံများ အပါအဝင် နိုင်ငံ ၆၅ နိုင်ငံရှိပြီး ၎င်းနိုင်ငံများသည် ယခင် တစ်ပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိ သည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၂၀ နိုင်ငံရှိ၍ အမေရိကန်၊ ဩစတြေးလျ၊ ဖိလစ်ပိုင်၊ ပိုလန်နှင့် နယ်သာလန်နိုင်ငံတို့ဖြစ်ပြီး ယခင် တစ်ပတ်ဈေးနှုန်းထက် သုညဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၃၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်ဩဂုတ်လ ၁၃ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်း အနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင်ဗီယက်နမ်နိုင်ငံသည် ၁ ဒသမ ၇၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံသည် ၁ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံသည် သုညဒသမ ၆၀ ရာခိုင်နှုန်းထိ ဈေးတက်ခဲ့ကာ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအိုနှင့် မလေးရှားနိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေ၍ ဖိလစ်ပိုင်နိုင်ငံသည် သုည ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်း ခဲ့သည်ကို တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၃ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၉ | ၀.၅၈ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၈ | ၀.၇၆ |
| ၃ | ထိုင်း | လီတာ | ၁.၁၂ | ၀.၈၉ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၂ | ၀.၇၆ |
| ၅ | စင်ကာပူ | လီတာ | ၁.၅၉ | ၁.၂၃ |
| ၆ | မလေးရှား | လီတာ | ၀.၅၄ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၅ | ၀.၈၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၃ | ၀.၈၉ |
| ၉ | လာအို | လီတာ | ၁.၂၂ | ၀.၉၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေး နှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ရှိပြီး

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့်လည်းကောင်း ၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၇ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၇ နှင့် အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၇၅ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာ တွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့်နှိုင်းယှဉ်ကြည့်ပါက ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဧည့်မထ ၅မှတ်၊ ဧည့်မထ ၂၅ မှတ်၊ ဆန်ဈေးနှုန်းများ အနည်း ငယ် ဈေးတက်သွားကြောင်း သိရပါသည်။ ပါကစ္စတန်နှင့် အိန္ဒိယ နိုင်ငံဆန်ဈေးနှုန်းများမှာမူ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဆန်ဈေးနှုန်း အနည်းငယ် မြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့ အစီရင်ခံစာအရ ယခုနှစ်အတွင်း ပြည်ပသို့ ဆန်တင်ပို့နိုင်မှုပမာဏ အမေရိကန်ဒေါ်လာ ၆ဒသမ၇၀ သန်း ထိ ရှိခဲ့ပြီး ဆက်လက်၍ ဝယ်လိုအား မြင့်တက်လျက်ရှိရာ ယခုနှစ်အတွင်း တန်ချိန် ၁၁ဒသမ၀၀ သန်းထိ တင်ပို့နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။ နိုင်ငံခြား ကုန်သွယ်မှုဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ပြောကြားချက်အရ ယခုနှစ်အတွင်း ထိုင်းဆန်ရောင်းအားသည် ပြည်ပဈေးကွက်များ အားလုံးမှ ဝယ်လိုအား မြင့်တက်ခဲ့ခြင်းဖြစ်ပြီး၊ ဈေးကွက်အတွင်း ရောင်းချနိုင်မှု အနေအထားအရ အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံမှ ၆၇၉ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံမှ ၅၃ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံမှ ၂၅ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခြင်း ဖြစ်ကြောင်းသိရှိရပါသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့အထိ ထိုင်းနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှု တန်ချိန် ၆ဒသမ၇ သန်းထိရှိခဲ့ပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁ဒသမ၈၂ ရာခိုင်နှုန်း ပိုမိုခဲ့ကြောင်း၊ လာမည့် နှစ်ဝက်တွင်လည်း ဆက်လက်ပြီး ဝယ်လိုအား မြင့်တက်လာမည့် အလားအလာများ ရှိပါကြောင်း လေ့လာသိရှိရပါသည်။ ယခုလ ဩဂုတ်လကုန်ပိုင်းတွင် တရုတ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံနှင့် လယ်ယာထွက်ကုန်စည်ကုန်သွယ်မှု ဆက်ဆံရေး သဘောတူစာချုပ်အရ ဆန်တန်ချိန် ၁ သန်း ဝယ်ယူရေးတွင်ဒုတိယ အရစ်တင်ပို့မှုနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန် ထိုင်းဘုရင့် နန်းတော်သို့ သွားရောက်မည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။ ထို့အပြင် ထိုင်းအစိုးရအဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ငါးသိန်း လေလံတင်ရောင်းချနိုင်ရန်အတွက် လည်းပြင်ဆင်လျက်ရှိပြီး လေလံပွဲကို အမြန်ဆုံးစတင်နိုင်ရန်နှင့် ဆန်တန်ချိန် နှစ်သိန်း ငါးသောင်းခန့်ကို အစိုးရအချင်းချင်း ချိတ်ဆက်ရောင်းဝယ်မှုမှတစ်ဆင့် ရောင်းချရန်နှင့် ကျန်သည့်ဆန်တန်ချိန် နှစ်သိန်းငါး သောင်းခန့်ကို ပုဂ္ဂလိကကဏ္ဍနှင့်ချိတ်ဆက်ပြီး လေလံတင်ရောင်းချ နိုင်ရန် ရည်ရွယ်ထားကြောင်း လေ့လာသိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၅ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန်တစ်အိတ်လျှင် ၂၄၅၀၄ ကျပ်ခန့်ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲမှု မရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဩဂုတ် ၁၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ယွမ်လျှင် ၂၂၇ ကျပ် နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ် တစ်အိတ်လျှင် ၂၆၃၃၂ ကျပ် မှ ၂၆၅၅၉ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါကဈေးနှုန်းအနည်းငယ်တက်သွားကြောင်း သိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ ခုနှစ် ဩဂုတ်လ ပထမပတ်အတွင်း ကမ္ဘာ့ဆန် အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘီနင်း သုညဒသမ ၆၅၀ သန်း ၊ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၀၀ သန်း၊ ကင်မရွန်း သုညဒသမ ၇၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၅၀ သန်း၊ ကျူးဘား သုည ဒသမ ၅၄၀ သန်း ၊ EU ၂ သန်း၊ ဂါနာ သုညဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုညဒသမ ၆၈၅ သန်း၊ မလေးရှား ၁ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၂၅၀ သန်း၊ ကင်ညာ သုညဒသမ ၇၅၀ သန်း၊ မက္ကဆီကို သုညဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ သန်း၊ ဆော်ဒီအာရေးဘီးယား ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုညဒသမ ၈၅၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ ဒသမ ၅ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားသဖြင့် မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံလည်းဖြစ် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဈေးကွက်လိုအပ်ချက်များစွာရှိနေသောကြောင့် မြန်မာနိုင်ငံမှ ဆန်ပမာဏ အမြောက်အမြား တင်ပို့နိုင်မည်ဆိုလျှင် ပြည်ပသို့တင်ပို့သော ဆန်ဈေးကွက် မြင့်တက်လာနိုင်ကြောင်း သုံးသပ်သိရှိရပါသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် တစ်ပတ်အတွင်း ဈေးနှုန်းအနည်းငယ်သာ မြင့်တက်ခဲ့ပြီး ယခင်တစ်ပတ်ဈေးနှုန်း များနှင့်နှိုင်းယှဉ်ကြည့်ပါက ဆန်အမျိုးအစားကိုလိုက်၍ ဈေးနှုန်းအနည်းငယ်တက်သွားသည်ကို လေ့လာတွေ့ရှိရပါသည်။ ဩဂုတ်လ ၉ ရက်ဈေးနှုန်းများအရ ၂၅ မှတ်နှင့် ၃၅ မှတ်ဆန်များ ပြန်လည်အဝယ်သွက်လာကြောင်း သိရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဩဂုတ်လ၁၀ ရက် မှ ၁၆ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၁၀.၈.၂၀၁၈ | ၁၁.၈.၂၀၁၈ | ၁၃.၈.၂၀၁၈ | ၁၄.၈.၂၀၁၈ | ၁၅.၈.၂၀၁၈ | ၁၆.၈.၂၀၁၈ |
| ၁ | ဇီယာ | ၅ | ၂၂၈၀၀ | ၂၃၅၀၀ | ၂၃၇၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၄၂၀၀ |
| ၂ | ဇီယာ | ၁၀ | ၂၂၃၀၀ | ၂၃၀၀၀ | ၂၃၂၀၀ | ၂၃၅၀၀ | ၂၃၅၀၀ | ၂၃၇၀၀ |
| ၃ | ဇီယာ | ၂၅ | | | | ၂၀၈၀၀ | ၂၀၈၀၀ | ၂၁၀၀၀ |
| ၄ | ဇီယာ | ၃၅ | | | | ၂၀၃၀၀ | ၂၀၃၀၀ | ၂၀၅၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၂၆၀၀ | ၂၃၃၀၀ | ၂၃၃၀၀ | ၂၃၃၀၀ | ၂၃၃၀၀ | ၂၃၃၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၂၁၀၀ | ၂၂၈၀၀ | ၂၂၈၀၀ | ၂၂၈၀၀ | ၂၂၈၀၀ | ၂၂၈၀၀ |
| ၇ | ဧည့်မထ | ၂၅ | | | | ၂၀၈၀၀ | ၂၀၈၀၀ | ၂၁၀၀၀ |
| ၈ | ဧည့်မထ | ၃၅ | | | | ၂၀၃၀၀ | ၂၀၃၀၀ | ၂၀၅၀၀ |

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက

# နှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁၈ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁၉ နိုင်ငံမြောက်တွင် ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် စက်သုံးဆီ ဈေးနှုန်း သက်သာသောနိုင်ငံများတွင် ပါဝင်ပါသည်။ ယခုတစ်ပတ် တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး၊ အများဆုံး နိုင်ငံများ စာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြ အပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | နယ်သာလန် | လီတာ | ၁.၉၂ |
| ၂ | အီရန် | လီတာ | ၀.၂၉ | ဘာဘေးဒို့ | လီတာ | ၁.၉၄ |
| ၃ | ဆူဒန် | လီတာ | ၀.၃၄ | နော်ဝေ | လီတာ | ၂.၀၀ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | အိုက်စလန် | လီတာ | ၂.၀၈ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၃၅ | ဟောင်ကောင် | လီတာ | ၂.၁၃ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၀ | ဆွီဒင် | လီတာ | ၁.၇၄ |
| ၂ | အီရန် | လီတာ | ၀.၀၇ | မိုနာကို | လီတာ | ၁.၇၅ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဆွစ်ဇာလန် | လီတာ | ၁.၇၅ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | နော်ဝေ | လီတာ | ၁.၈၅ |
| ၅ | ဆူဒန် | လီတာ | ၀.၂၃ | အိုက်စလန် | လီတာ | ၁.၉၉ |

၂၀၁၈ ခုနှစ်ဩဂုတ်လ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၀ | ၀.၉၈ |
| ၂ | ဂျပန် | လီတာ | ၁.၃၄ | ၁.၁၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၅ | ၁.၀၂ |

Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ ရေနံစိမ်း (Curde Oil) နေ့စဉ် ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြ အပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၂.၈.၂၀၁၈ | စည် | ၆၇.၆၃ |
| ၂ | ၁၃.၇.၂၀၁၈ | စည် | ၆၇.၂၀ |
| ၃ | ၁၄.၈.၂၀၁၈ | စည် | ၆၇.၀၄ |
| ၄ | ၁၅.၈.၂၀၁၈ | စည် | ၆၅.၀၁ |
| ၅ | ၁၆.၈.၂၀၁၈ | စည် | ၆၅.၄၆ |

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံး ဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

သို့ဖြစ်ပါ၍ စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ) ဈေးနှုန်းများသည် ယခုဩဂုတ်လ ဒုတိယပတ်အတွင်း ကမ္ဘာ့ဈေးနှုန်းများမှာ တည်ငြိမ် နေသကဲ့သို့ အာရှဒေသ နိုင်ငံများဖြစ်သော မြန်မာ၊ တရုတ်၊ ဟောင် ကောင်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ ၊ ထိုင်ဝမ်နှင့် စင်ကာပူနိုင်ငံများ၏ ဈေးနှုန်းများလည်း တည်ငြိမ်နေပြီး မြန်မာနိုင်ငံ အတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီ ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် အနည်း ငယ်တက်လာကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

ကြည်စိမ့်သူ

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | ဩဂုတ် ၁၀ | ဩဂုတ် ၁၃ | ဩဂုတ် ၁၄ | ဩဂုတ် ၁၅ | ဩဂုတ် ၁၆ | ဩဂုတ် ၁၀ | ဩဂုတ် ၁၃ | ဩဂုတ် ၁၄ | ဩဂုတ် ၁၅ | ဩဂုတ် ၁၆ |
| ၁ | မြစ်ကြီးနား | ၄၄၆၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ |
| ၂ | လားရှိုး | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၃ | ကျိုင်းတုံ | ၅၁၃၀ | ၅၁၃၀ | ၅၁၃၀ | ၅၁၃၀ | ၅၁၃၀ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ |
| ၄ | တောင်ကြီး | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ |
| ၅ | လွိုင်ကော် | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၆ | ဘားအံ | ၄၂၀၇ | ၄၂၀၇ | ၄၂၀၇ | ၄၂၀၇ | ၄၂၀၇ | ၄၃၆၅ | ၄၃၆၅ | ၄၃၆၅ | ၄၃၆၅ | ၄၃၆၅ |
| ၇ | မော်လမြိုင် | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၃၆၅ | ၄၃၆၅ | ၄၃၆၅ | ၄၃၆၅ | ၄၃၆၅ |
| ၈ | ထားဝယ် | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၉ | မြိတ် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၉၅ | ၄၀၉၅ | ၄၀၉၅ | ၄၀၉၅ | ၄၀၉၅ |
| ၁၀ | ရန်ကုန် | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၂၇၃ | ၄၂၇၃ | ၄၂၇၃ | ၄၃၁၉ | ၄၃၁၉ |
| ၁၁ | ပုသိမ် | ၄၀၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ |
| ၁၂ | စစ်တွေ | ၃၉၆၀ | ၃၉၆၀ | ၃၉၆၀ | ၃၉၆၀ | ၃၉၆၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၁၃ | ဟားခါး | ၄၆၀၀ | ၄၆၄၀ | ၄၆၄၀ | ၄၆၄၀ | ၄၆၄၀ | ၄၄၀၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ |
| ၁၄ | မုံရွာ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ |
| ၁၅ | မန္တလေး | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ |
| ၁၇ | မကွေး | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၅၅ | ၄၄၅၅ |
| ၁၈ | ပြည် | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၂၅၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ |
| ၁၉ | ပဲခူး | ၄၁၂၀ | ၄၁၂၀ | ၄၁၈၅ | ၄၁၉၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၇၅ |
| ၂၀ | ပျဉ်းမနား | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၉၇ | ၄၂၉၇ | ၄၂၉၇ | ၄၂၉၇ | ၄၂၉၇ |
| ၂၁ | နေပြည်တော် | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၉၇ | ၄၂၉၇ | ၄၂၉၇ | ၄၂၉၇ | ၄၂၉၇ |
| ၂၂ | ကလေး | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ |

Souece-docadomestic

ရက် သတ္တပတ်အတွင်း အနည်းငယ်ဈေးတက်ခဲ့သည်ကို တွေ့ရှိရပါသည်။ မုံရွာမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင်ကျပ် ၂၅၀၀၊ ဟားခါးမြို့ တွင် ၂၀၀၀ ကျပ်၊ ကျိုင်းတုံမြို့တွင် ကျပ် ၁၈၀၀ အသီးသီးဖြင့် အမြင့် ဆုံးဈေးနှုန်းများဖြစ် ခဲ့ပါသည်။ စစ်တွေမြို့တွင် ၁၁၅၀ ကျပ်ဖြင့် အနိမ့်ဆုံး ဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်း များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၁၀.၈.၂၀၁၈ | ၁၃.၈.၂၀၁၈ | ၁၄.၈.၂၀၁၈ | ၁၅.၈.၂၀၁၈ | ၁၆.၈.၂၀၁၈ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂ | လားရှိုး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၃ | ကျိုင်းတုံ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၄ | တောင်ကြီး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၅ | လွိုင်ကော် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၈ | ထားဝယ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၉ | မြိတ် | ၁၂၀၀ | ၁၂၅၀ | ၁၂၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၁၀ | ရန်ကုန် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၁ | ပုသိမ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၂ | စစ်တွေ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၁၃ | ဟားခါး | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၁၄ | မုံရွာ | ၂၀၀၀ | ၂၁၀၀ | ၂၃၀၀ | ၂၄၀၀ | ၂၅၀၀ |
| ၁၅ | မန္တလေး | ၁၂၅၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၈ | ပြည် | ၁၃၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၉ | ပဲခူး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၀ | ပျဉ်းမနား | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၁ | နေပြည်တော် | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source-docadomestic

Trading Economics Website တွင် ဖော်ပြချက်အရ ယခု တစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ် ပါက ၁ ဒသမ ၃၁ ရာခိုင်နှုန်း တက်ခဲ့သည်ကို သိရှိရပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ်ဩဂုတ်လဒုတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်း များတွင် အတက်အကျပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင် လည်း ဆန်ဈေးနှုန်းအနည်းငယ်ပြောင်းလဲမှု ရှိသည်ကို လေ့လာတွေ့ ရှိရပါသည်။

## သကြား ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း


ကမ္ဘာပေါ်တွင် ကြံ(သို့မဟုတ်)သကြားမုန်လာ စိုက်ပျိုး ထုတ်လုပ်နိုင်သည့် နိုင်ငံပေါင်း ၁၃၀ ကျော်ရှိပြီး၊ ၎င်းတို့အနက် မှ၁၀ နိုင်ငံသည် သကြားကို ကြံမှသော် လည်းကောင်း၊ သကြား မုန်လာမှသော်လည်းကောင်း ထုတ်လုပ်နိုင်ကြရာ၊ အများအား ဖြင့် သကြားထုတ်လုပ်မှုများ၏ ၈၀ ရာခိုင်နှုန်းသည် ကြံမှတစ် ဆင့် ထုတ်လုပ်ခြင်းဖြစ်ပါသည်။ International Sugar Organization (ISO) Year Book တွင် ဖော်ပြချက်များအရ ကမ္ဘာ့ သကြား ကုန်သွယ်မှုအနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် သန်းပေါင်း ၆၀ ဝန်းကျင်ရှိပြီး၊ Raw Sugar အတွက် ကုန်သွယ်မှု တန်ဖိုးသည် ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုး၏ ၆၀ ရာခိုင်နှုန်းကျော် ရှိပါသည်။

၂၀၁၆ ခုနှစ်တွင် သကြား အများဆုံး ထုတ်လုပ်နိုင် သော နိုင်ငံများမှာ ဘရာဇီးလ်၊ အိန္ဒိယ၊ EU-28၊ တရုတ်၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စု၊ မက်ဆီကို၊ ရုရှား၊ ပါကစ္စတန်နှင့် ဩစတြေးလျနိုင်ငံတို့ ဖြစ်ပါ သည်။ ကမ္ဘာပေါ်တွင်သကြားစား သုံးမှုအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ တစ်ကမ္ဘာလုံးသုံးစွဲမှု၏ ၇၇ ရာခိုင်နှုန်းရှိပြီး၊ သကြား အဓိကစားသုံးသော နိုင်ငံများအနေဖြင့် အိန္ဒိယ၊ EU-28၊ တရုတ်၊ ဘရာဇီးလ်၊ အမေရိကန် ပြည်ထောင်စု၊ အင်ဒိုနီးရှား၊ ရုရှား၊ ပါကစ္စတန်၊ မက်ဆီကို၊ အီဂျစ်/အာရပ် ပြည်ထောင်စုတို့ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ဘရာဇီးလ် နိုင်ငံသည် ကမ္ဘာပေါ်တွင် သကြားအဓိက ထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ကမ္ဘာ့သကြားအများဆုံး တင်ပို့နိုင် သည့်နိုင်ငံလည်းဖြစ်ပါသည်။

ကမ္ဘာ့သကြား ဈေးကွက်တွင် ယခုတစ်ပတ်အတွင်းဖြစ် ပေါ်နေသော ဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ ကမ္ဘာ့သကြားဈေး အနေဖြင့် ယခင်ဇူလိုင်လအတွင်းဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းလျော့နည်းလာကြောင်း လေ့လာတွေ့ရှိ ရပါသည်။

အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar ) တစ်တန်လျှင် ဩဂုတ်လ ၁၀ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃၁၆ ဒသမ ၈၅ ပေါ်က်ဈေးရှိခဲ့ရာမှ ဩဂုတ်လ ၁၅ ရက်နေ့တွင် မေရိကန်ဒေါ်လာ ၃၁၁ဒသမ ၄၅ သို့ ကျဆင်းလာလျက်ရှိသည်ကို အောက်ပါအတိုင်း တွေ့ရှိရ ပါသည်။

| Date | ISA Daily Price* | 15 Day Average | White Sugar | Price index** |
|---|---|---|---|---|
| 15 Aug 2018. | 10.91 cts /lb | 11.33 cts /lb | 311.45 S/T | 14.13 cts /lb |
| 14 Aug 2018. | 11.04 cts /lb | 11.39cts /lb | 312.50 S/T | 14.17 cts /lb |
| 13 Aug 2018. | 11.08 cts /lb | 11.44 cts /lb | 312.85 S/T | 14.19 cts /lb |
| 10 Aug 2018. | 11.26 cts /lb | 11.47 cts /lb | 316.45 S/T | 14.37 cts /lb |
| 09 Aug 2018. | 11.40 cts /lb | 11.50 cts /lb | 319.05 S/T | 14.51 cts /lb |
| 08 Aug 2018. | 11.47 cts /lb | 11.50 cts /lb | 320.05 S/T | 14.52 cts /lb |
| 07 Aug 2018. | 11.55 cts /lb | 11.51cts /lb | 323.25 S/T | 14.66 cts /lb |
| 06 Aug 2018. | 11.56 cts /lb | 11.52 cts /lb | 326.25 S/T | 14.80 cts /lb |
| 03 Aug 2018. | 11.45 cts /lb | 11.52 cts /lb | 323.85 S/T | 14.69 cts /lb |
| 02 Aug 2018. | 11.19 cts /lb | 11.52 cts /lb | 318.05 S/T | 14.43 cts /lb |
| 01 Aug 2018. | 11.09 cts /lb | 11.55 cts /lb | 314.65 S/T | 14.27 cts /lb |




၂၀၁၈ ခုနှစ် ဩဂုတ်လ ဒုတိယပတ်အတွင်း တရုတ်နိုင်ငံ တွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၉ ဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံတွင် အနည်းငယ် ဈေးကျခဲ့ကြောင်း သိရှိရပါသည်။ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၁၃ - ၄၂၃၊ အိန္ဒိယနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၇၀ - ၆၁၅ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေး အနည်းငယ် တက်ခဲ့ကြောင်းသိရှိရပါသည်။ အမေရိကန်နိုင်ငံ တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၈ ဖြစ်ပြီး၊ မြန်မာ -တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန် လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၄၂ ဖြစ်ကြောင်း သိရှိရပါ သည်။

**စာမျက်နှာ ၁၆ သို့**

# ထိုင်းနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့အကြား လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက် လက်မှတ်ရေးထိုး

ထိုင်းနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့အကြား စီးပွားရေးဆက်ဆံမှုမြှင့်တက်စေရန် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်အား လက်မှတ်ရေးထိုးမှုမှာ ကောင်းမွန်သော်လည်း နှစ်နိုင်ငံအကြား အပြည့်အဝကုန်သွယ်မှုပြုရေးမှာ အချိန်လိုအပ်ပါကြောင်း ထိုင်းဝန်ကြီးချုပ် Prayut Chara-o-Cha က ပြောကြားခဲ့ပါသည်။

သီရိလင်္ကာဝန်ကြီးချုပ်ဖြစ်သူ Ranil မှ ထိုင်းဝန်ကြီးချုပ်၏ (၂)ရက်ကြာခရီးစဉ်အတွင်း ဇူလိုင် ၁၃ ရက်နေ့တွင် နှစ်နိုင်ငံအကြား စီးပွားရေးနှင့်အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်အား ကနဦးပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ကျေနပ်မှုရှိကြောင်း ပြောကြားခဲ့ပါသည်။

သီရိလင်္ကာအနေဖြင့် ထိုင်းနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းသည် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်ဟုရှုမြင်ပြီး ထိုင်းနိုင်ငံအနေဖြင့် ထိုင်းကုန်စည်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဈေးကွက်သစ်တစ်ခုဖွင့်လှစ်နိုင်ခဲ့သည်ဟု ရှုမြင်ပါကြောင်း Gen Prayut က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် ၂၀၁၆ ခုနှစ်ကပင် နှစ်နိုင်ငံအကြား FTA ထူထောင်ရန်ဆန္ဒတစ်ခုရှိခဲ့ကြောင်း သီရိလင်္ကာသမ္မတမှ ပြောကြားခဲ့သည့်အပြင် Gen Prayut မှလည်း FTA ထူထောင်ရန် ကြိုးစားမှုအပါအဝင် အားကောင်းသော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အတူလက်တွဲဆောင်ရွက်သွားကြမည့် မဟာဗျူဟာမြောက်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် နားလည်မှုစာချွန်လွှာတစ်ခု ဖြစ်မည်ဟုယုံကြည်ကြောင်း ပြောကြား ခဲ့ပါသည်။ ထို့အပြင် နှစ်နိုင်ငံအကြား FTA ဆိုင်ရာ ဆွေးနွေးမှုများ အရှိန်မြင့်လာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရန် ရည်ရွယ်ခြင်းကြောင့် နှစ်ဖက်စလုံး အကျိုးဖြစ်ထွန်းလာနိုင်ပါကြောင်း၊ အကျိုးဆက်အနေဖြင့် ၂၀၂၀ ခုနှစ်တွင် နှစ်နိုင်ငံ ကုန်သွယ်မှုအမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထိ တိုးတက်လာမည်ဟု ရည်မှန်းထားကြောင်း Gen Prayut မှပြောကြားခဲ့ပါသည်။

တောင်အာရှအတွင်း သီရိလင်္ကာနိုင်ငံသည် ထိုင်းနိုင်ငံ၏ စတုတ္ထအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၂၀၁၃- ၂၀၁၇ ခုနှစ်အတွင်း နှစ်စဉ်ကုန်သွယ်မှုမှာ ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၉၁ သန်းရှိခဲ့ကြောင်း၊ ယခင်နှစ်က ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၁၃ သန်းရှိခဲ့ရာ ထိုင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄၂ ဒသမ ၃ သန်းပါဝင်ခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံအကြား ကဏ္ဍကြီး ၁၀ ခု ဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ အခြေခံအဆောက် အဦ ကဏ္ဍ၊ စက်မှုလယ်ယာကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍ၊ လက်ဝတ်ရတနာကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ SMEs ကဏ္ဍ၊ ဘဏ္ဍာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ ထုပ်ပိုးမှုကဏ္ဍနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍများတွင် မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ MOU သည် အခြားကဏ္ဍများကိုလည်း အကာအကွယ်ပေးသွားနိုင်ကြောင်းသိရှိရပါသည်။

နှစ်နိုင်ငံအကြားရှိ မြို့ရွာများချိတ်ဆက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Colombo နှင့် Ranong မြို့များအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု များ အပြန်အလှန် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကပ္ပလီပင်လယ်ကမ်းရိုးတန်းပေါ်ရှိ ထိုင်းတောင်ပိုင်းပြည်နယ်၏ ပြည်နယ်တွင်းစီးပွားရေးမြှင့်တင်ရန် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း Gen Prayut က ပြောကြားခဲ့ပါသည်။

အိန္ဒိယနိုင်ငံအရှေ့တောင်ဘက်ကမ်းရိုးတန်း၏ (30) km အကွာတွင် တည်ရှိသည့် သီရိလင်္ကာနိုင်ငံသည် တရုတ်နိုင်ငံ၏ One Belt One Road အစီအစဉ်တွင်မဟာဗျူဟာကျ တည်ရှိနေပါကြောင်း၊ ၂၀၀၃ ခုနှစ် တရုတ်သမ္မတ Mr. Xi Jinping ထုတ်ပြန်ကြေညာခဲ့သည့် တရုတ်နိုင်ငံ၏ စီးပွားရေး ကနဦးဆောင်ရွက်မှုတွင် နိုင်ငံပေါင်း(၈၀)၌ အခြေခံအဆောက်အဦ စီမံကိန်းအား အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံ ကုန်ကျခံဆောင်ရွက်ရန် ပါဝင်ကြောင်း၊ တရုတ်နိုင်ငံနှင့် နိုင်ငံတကာချိတ်ဆက်ဆောင်ရွက်နိုင်ရေးလမ်းများ၊ ရထားလမ်းများ၊ ဆိပ်ကမ်းများနှင့် စက်မှုဇုန်များ တည်ထောင်ဆောင်ရွက်သွားမည့် အစီအစဉ်ဖြစ်ပါကြောင်း Gen Prayut မှပြောကြားခဲ့ပါသည်။

ထိုင်းဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့သည့် အခြားသဘောတူညီချက်စာချုပ်များတွင် ပြစ်မှုကျူးလွန်သူများအား လွှဲပြောင်းခြင်းနှင့် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်သွားရေးလည်းတစ်ခုပါဝင်ခဲ့ကြောင်း သိရှိရပါသည်။

**Source : Bangkok Post သတင်းစာ**

**သန်းသန်းနိုင်**

**စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် ...... မှအဆက်**

၂၀၁၈ ခုနှစ်၊ ဩဂုတ်လဒုတိယပတ်အတွင်း မြန်မာ- တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၆၄ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၉ ပေါက်ဈေးရှိသောကြောင့်တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၃၅ ဒေါ်လာဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၉၁ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၃၁ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင်ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ရန်ကုန်မြို့နှင့်ဟားခါးမြို့တို့တွင် တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို အထက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | သကြား (ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | ဩဂုတ် ၁၀ | ဩဂုတ် ၁၃ | ဩဂုတ် ၁၄ | ဩဂုတ် ၁၅ | ဩဂုတ် ၁၆ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၅ | လွိုင်ကော် | ၁၅၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၇ | မော်လမြိုင် | ၂၀၀၀ | ၂၀၀၀ | ၁၈၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၄ | မုံရွာ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၆၀၀ |
| ၂၀ | ဖျာပုံ... | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၁ | နေပြည်တော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source-docadomestic

ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအတက်အကျ အပြောင်းအလဲများရှိခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ဒုတိယပတ်အတွင်း သကြားဈေးနှုန်း သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရပါသည်။

**စာမျက်နှာ (၁၂) စစ်ကိုင်းမြို့နယ် ...... မှအဆက်**

သို့ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၏ ပြည်ပဝင်ငွေ ရှာဖွေပေးနေကြသည့် သရက်စိုက် တောင်သူခြံရှင်များအနေဖြင့် နောက်ကျမကျန်ခဲ့စေရန် တူညီဆန္ဒများနှင့် အစုအဖွဲ့မှသည် အသင်းအဖွဲ့များအဖြစ် စုစည်းကာ ခိုင်မာအောင်



လုပ်ဆောင်ကြခြင်းဖြင့် တစ်ကမ္ဘာလုံး ဈေးကွက်အထိ တိုးချဲ့တင်ပို့နိုင်ရန် ကမ္ဘာ့အဆင့်မီ စိုက်ပျိုးနည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် စနစ်တကျ ကောင်းမွန်သည့် သွင်းအားစုများ သုံးစွဲခြင်း၊ GAP ,Organic, GI သင်တန်းများ ပို့ချပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးခြင်းအားဖြင့် သရက်စိုက်တောင်သူခြံရှင်များ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ နိုင်ငံတော်၏ Export ဝင်ငွေတိုးလာစေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်း၊ ကျေးရွာများနှင့် မြို့ပြစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် တိုင်းပြည်၊ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲကေန်ဖြစ်ပါတယ်။

ထို့ကြောင့် စီးပွားတိုးဈေးကွက်ဝင် နူးညံ့ပြီး ချိုမြိန်တဲ့ အရသာရှိသော စစ်ကိုင်းမြို့နယ်၊ ဒီပဲယင်းကွဲကျေးရွာထွက် စိန်တလုံးသရက်အကြောင်း တစေ့တစောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**စာမျက်နှာ (၆) ပြည်ပသို့ ဆန်တန်ချိန်(၄)သန်း ...... မှအဆက်**

ခေတ်မီဆန်စက် ၃၉၅ လုံးသာရှိပါသည်။ ဆန်ကြိတ်နိုင်စွမ်းအားမှာ တန်ချိန် ၁၂၀၀၀ မှ ၁၅၀၀၀ သာရှိပါသည်။ ဆန်တန်ချိန် (၄)သန်း ရရှိအောင် ကြိတ်ခွဲရာတွင် ခေတ်မီဆန်စက်ကြီး ၃၉၅ လုံးဖြင့် ကြိတ်ထုတ်၍ မလုံလောက်သဖြင့် အဆင့်နိမ့်ဆန်စက်များနှင့်ဆင်း၍ ကြိတ်ထုတ်ရလျှင် ဆန်အရည်အသွေးအညံ့သာရရှိမည်ဖြစ်ပါသည်။

ပြည်ပပို့ကုန် ဆန်တန်ချိန် ၄ သန်းနှင့် ကိုက်ညီမည့် ခေတ်မီဆန်စက်ကြီးများ အသစ်တည်ဆောက်ရန် စီမံဆောင်ရွက်ခြင်း၊ ရှိပြီးဖြစ်သော ကောင်းမွန်သောဆန်စက်ကြီးများအား ခေတ်မီဆန်စက်များအဖြစ် အဆင့်မြှင့်တင်နိုင်ရန်စီမံခြင်းများကိုမလွဲမသွေ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤသို့ဆောင်ရွက်နိုင်ရန်အတွက် ဆန်စက်လုပ်ငန်းရှင်ကြီးများအား နိုင်ငံတော်အစိုးရမှ ဦးဆောင်ပေါင်းစပ်ညှိနှိုင်း၍ ပြည်တွင်း၊ ပြည်ပဘဏ်များ၊ အဖွဲ့အစည်းများထံမှ အတိုးနှုန်း သက်သာစွာဖြင့် နှစ်ရှည်ချေးငွေများရရှိအောင် စီမံဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ မြန်မာ့ဆန်ကို ပြည်ပသို့ ဆန်တန်ချိန်သန်းနှင့်ချီ၍ တင်ပို့မည်ဆိုပါက အချိန်မီတင်ပို့နိုင်ရန် ဆိပ်ကမ်းသည် အလွန်ရေးပါသည့်အချက်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တစ်ကြိမ် တွင် ဆန်တန်ချိန် ၁၅၀၀၀-၂၀၀၀၀ သာ တင်ပို့နိုင်သည့်ဆိပ်ကမ်း နှစ်ခုသာရှိပါသည်။ တစ်ကြိမ်လျှင် ဆန်တန်ချိန် ၅၀၀၀၀-၆၀၀၀၀ ကျော်တင်ပို့နိုင်သည့်ဆိပ်ကမ်းအသစ်များ တည်ဆောက်နိုင်ရန် အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စူးစမ်းလေ့လာဆောင်ရွက်ရန် လိုအပ်ပါသည်။

ပြည်ပသို့ယခုတင်ပို့နေသည့်ဆန်တန်ချိန်ပမာဏသည် ပြည် တွင်းပို့လျှံမှု၏ ၁၀ ဒသမ ၁၅ ရာခိုင်နှုန်းသာတင်ပို့ခြင်းဖြစ်ပါသည်။ ယခုမျှော်မှန်းထားသည့် ဆန်တန်ချိန် (၄)သန်းတင်ပို့မည်ဆိုပါက ပြည်တွင်းပိုလျှံမှု၏ ၂၀ ဒသမ ၂၅ ရာခိုင်နှုန်းကျော်ခန့်ရှိလာမည်ဖြစ်သဖြင့် ပြည်တွင်း Market Failure ဖြစ်ပြီး Market Shock မဖြစ်စေရန်အတွက် သက်ဆိုင်ဆက်နွယ်သူအားလုံးပူးပေါင်းညှိနှိုင်းပြီး Plan ကြိုတင်ရေးဆွဲဆောင်ရွက်ထားရန် လိုအပ်ပါသည်။ အရန်ဆန်ဝယ်ယူ သိုလှောင်ထားရှိရေးကိုလည်း မူဝါဒ (Policy) တစ်ရပ် ရေးဆွဲချမှတ်ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါသည်။ သို့မဟုတ်လျှင် ပြည်တွင်း၌ ဆန်ဈေးကမောက်ကမဖြစ်၍ စားသုံးသူ ပြည်သူများ အတိဒုက္ခနှင့် ကြုံတွေ့လာနိုင်ဖွယ်ရှိပါသည်။

သို့ပါ၍ မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တန်ချိန်(၄)သန်း တင်ပို့မည်ဆိုလျှင် အဆင်ပြေလွယ်ကူချောမွေ့စွာ အပြည့်အဝ တင်ပို့နိုင်ရေးအတွက် အထက်ပါလိုအပ်ချက်များကိုကြိုတင်ပြင်ဆင်စီမံ ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါသည်။

**(စာရေးသူ၏အာဘော်သာဖြစ်ပါသည်။)**

# ထိုင်းဆန်တင်ပို့မှုအတွက် အလားအလာကောင်းများရှိနေ

ထိုင်းနိုင်ငံသည် ခိုင်မာသည့်ဝယ်လိုအား စဉ်ဆက်မပြတ်ဆက် လက်တိုးတက်လာခြင်းကြောင့် လာမည့်နှစ်အတွင်း ဆန်တန်ချိန်အနည်းဆုံး ၁၀ သန်းခန့် တင်ပို့နိုင်ရန် မျှော်မှန်းထားပါသည်။ နိုင်ငံခြားကုန်သွယ်မှုဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr.Adul Chotinisakorn ၏ ပြောကြားချက်အရ ယခုနှစ်တွင်လည်း ခန့်မှန်းထားသည့် ဆန်တန်ချိန် ၁၀ သန်း တင်ပို့နိုင်လိမ့်မည်ဟု မျှော်မှန်းထားပြီး နောက်နှစ်တွင်လည်း ဆန်တင်ပို့မှုအတွက် အလားအလာမှာလည်း ကောင်းမွန်သော ပုံစံရှိနေသည်ဟု ခန့်မှန်းထားကြောင်း၊ အမေရိကန်စိုက်ပျိုးရေးဦးစီးဌာနမှလည်း ကမ္ဘာ့ဆန်တင်သွင်းမှုမှာ ယခုနှစ်အတွင်း တန်ချိန် ၄၈ ဒသမ ၆၇ သန်းရှိရာမှ လာမည့်နှစ်တွင် ဆန်တန်ချိန် ၄၉ ဒသမ ၅ သန်းခန့်ထိ တိုးတက်နိုင်သည်ဟုခန့်မှန်းဖော်ပြထားပါကြောင်း၊ ထိုင်းဆန်၏ဈေးနှုန်းများမှာ ကမ္ဘာ့ဈေးကွက်တွင်လည်း အပြိုင်အဆိုင်များရှိနေကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁ ရက်နေ့ စာရင်းများအရ ထိုင်းနိုင်ငံအနေဖြင့် ဆန်တန်ချိန် ၆ ဒသမ ၄ သန်း တင်ပို့နိုင်ခဲ့ပြီး သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၆ ဘီလီယံရရှိခဲ့၍ ၁၇ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။ တရားဝင်သတင်းများအရ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြစ်သည့် မြန်နှုန်းမြင့် ရထားလမ်းစီမံကိန်းနှင့် ဆန်တန်ချိန် ၂ သန်း၊ ရော်ဘာတန်ချိန် ၂ သိန်း ရောင်းချရန်အတွက် အစောပိုင်းက သဘောတူညီထားခဲ့ရာ အဆိုပါသဘောတူညီမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယခုနှစ်အတွင်း တရုတ်နိုင်ငံမှ ဆန်တန်ချိန် ၁ သန်းဝယ်ယူရန် စီစဉ်ထားမှုအပေါ် လိုက်ပါဆောင်ရွက်သွားမည်ဟု သိရှိရပါသည်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဆန်အဟောင်း/အသစ်တန်ချိန် (၁) သန်းစီနှင့် ရော်ဘာတန်ချိန် ၂ သိန်းဝယ်ယူရန် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးထားခဲ့ပြီး အဆိုပါ MOU မှာ Sino-Thai မြန်နှုန်းမြင့်ရထားလမ်းစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း ဆန်တန်ချိန် ၁ သန်း စာချုပ်ချုပ်ဆိုရန် အဆင်သင့်ရှိနေပါကြောင်း၊ ၂၀၁၄ခုနှစ်၊ မေလတွင် ဆန်လက်ကျန်တန်ချိန် ၁၆ ဒသမ ၈၄ သန်းရှိခဲ့ရာ လေလံတင်ရောင်းချမှု တန်ဖိုးဘတ်ငွေ ၁၄၅ ဒသမ ၈၆ ဘီလီယံရရှိခဲ့သည်ဟု သိရှိရပါသည်။

ထိုင်းနိုင်ငံအစိုးရသည် ဆန်လက်ကျန်များထဲမှ စားသုံး၍မရသော ဆန်တန်ချိန် ၇၀၀၀၀ ရှိရာ ၎င်းတို့ထဲမှ တန်ချိန် ၂၀၀၀၀ အား တိရစ္ဆာန်အစာအဖြစ် ရောင်းချသွားမည်ဖြစ်ပြီး ကျန်တန်ချိန်မှာ ၅၀၀၀၀ အား အီသနော (သို့မဟုတ်) ဇီဝလောင်စာထုတ်လုပ်ရေးတွင် အသုံးပြုရန် လျာထားကြောင်း သိရှိရပါသည်။

သက်ဆိုင်ရာဌာနမှလည်း ယခုလအတွင်း ဆန်လက်ကျန်များအား လေလံတင်ရောင်းချရန် လျာထားကြောင်း၊ ချိတ်ဆက်ဆောင်ရွက်ပေးနေသည့် နိုင်ငံခြားကုန်သွယ်မှုဌာနအနေဖြင့်လည်း The National Council For Peace and Order (NCPO) ၏ စီမံခန့်ခွဲမှုမတိုင်မီယခင်အစိုးရလက်ထက်ရှိ ဆန်လက်ကျန်စာရင်းအတိအကျကို အပြီးသတ်ရရှိနိုင်ရန် ခန့်မှန်းထားပါကြောင်း၊ ဆန်စပါးဆိုင်ရာမူဝါဒနှင့် စီမံခန့်ခွဲရေးရာကော်မတီမှ တာဝန်ပေးအပ်ထားသည့် နိုင်ငံတော်စာရင်းစစ်ရုံးအနေဖြင့် ပြည်နယ်တွင်းရှိ အဓိကအဖွဲ့အစည်းကြီး (၂)ခုဖြစ်သည့် The Public Warehouse အဖွဲ့အစည်းနှင့် The Marketing Organigation For Farmers အဖွဲ့အစည်းတို့မှထိန်းသိမ်းထားသည့် ဆန်စပါးလက်ကျန်စာရင်းအား လွတ်လပ်စွာ စစ်ဆေးကိုင်တွယ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၄ခုနှစ်၊ ဇူလိုင် ၂ ရက်နေ့ မှတ်တမ်းများအရ အစိုးရလက်ထဲတွင် ဆန်တန်ချိန် ၁၈ ဒသမ ၇ သန်းရှိကြောင်း သိရှိရပါသည်။

NCPO သည် ဆန်လက်ကျန်များကို စစ်ဆေးရန် စာရင်းစစ်ကော်မတီကို တည်ထောင်ပြီးနောက်ပိုင်း စစ်ဆေးတွေ့ရှိချက်အရ ရောင်းချနိုင်သည့် အရေအတွက် ဆန်တန်ချိန် ၁၇ ဒသမ ၇၆ သန်းရှိပြီး တန်ချိန် ၉၄၀၀၀၀ မှာ ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်ဟု သိရှိရပါသည်။ စက်တင်ဘာလအတွင်း ဆန်လက်ကျန်များအနက် တန်ချိန် ၉၄၀၀၀၀ ပျောက်ဆုံးနေမှုမှာ အမှန်ပျောက်ဆုံးခြင်း (သို့မဟုတ်) ကိန်းဂဏန်း မှားယွင်းခြင်းကြောင့်ဖြစ်သည်ကို မေးစရာဖြစ်နေပါကြောင်း၊ အကယ်၍ အမှန်တကယ် ပျောက်ဆုံးခြင်းဖြစ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် တာဝန်ယူကြရမည်ဟု Mr.Adul မှပြောကြားခဲ့သည်ဟု သိရှိရပါသည်။

**Source : Bangkok Post သတင်းစာ၊ သန်းသန်းနိုင်**

## ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ(၆/၂၀၁၈)ပါ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ

**(ယခင်တစ်ပတ်မှအဆက်)**

(ဂ) ဥပဒေအရ ဖွဲ့စည်းထားသော နိုင်ငံတော်ပိုင်ဘဏ်များ၊

(ဃ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊

(င) နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊

(စ) မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ရရှိထားသူများ၏ အကျိုးခံစားခွင့်များ**

၄။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင် ရရှိထားသူများသည် အောက်ပါ အကျိုးခံစားခွင့်များ ရရှိနိုင်ပါသည်-

(က) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ရရှိထားသူများသည် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသများမှ တစ်ဆင့်ပုံမှန်ကုန်သွယ်မှု (Conventional Trade) စနစ်ဖြင့်သော်လည်းကောင်း ၊ နယ်စပ်ဒေသများမှ တစ်ဆင့် (Border Trade) စနစ်ဖြင့်သော်လည်းကောင်း သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) နိုင်ငံတော်မှ အခါအားလျော်စွာ ပိတ်ပင်ထားသော ပစ္စည်းများမှအပ ကျန်သည့် ပစ္စည်းများကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ပသို့ တင်ပို့ရောင်းချခွင့်ရှိသည်။

(ဂ) ပြည်ပမှ တင်သွင်းခွင့်မပြုရန် အခါအားလျော်စွာ သတ်မှတ်ထားသည့် ပစ္စည်းများမှအပ ကျန်ပစ္စည်းများကို ပြည်ပသို့ပို့ကုန်များ တင်ပို့ရောင်းချခြင်းဖြင့် ရရှိသည့် နိုင်ငံခြားငွေဖြင့် ဖြစ်စေ ၊ အခြား တရားဝင်ရရှိပြီး သတ်မှတ်သည့် အခွန်အခများ ပေးဆောင်ပြီးသည့်ငွေဖြင့် ဖြစ်စေ၊ နယ်စပ်ကုန်သွယ်မှုအတွက် နယ်စပ်စခန်းတိုင်းတွင် သတ်မှတ်ထားသည့် ငွေကြေးအမျိုးအစားဖြင့် ဖြစ်စေ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ သွင်းကုန်များ တင်သွင်းခွင့်ရှိသည်။

(ဃ) ပြည်ပမှ တင်သွင်းသောပစ္စည်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ သီးခြားကန့်သတ်ထားသော ကုန်ပစ္စည်းများအား သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး ကျန်ပစ္စည်းများကို ပြည်တွင်း၌ ကြိုက်နှစ်သက်ရာ အစီအစဉ် ဖြင့် ဖြန့်ဖြူးရောင်းချခွင့်ရှိသည်။

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် (၄) ရပ်**

၅။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် (၄) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မှတ်ပုံတင်အသစ်လျှောက်ထားခြင်း။

(ခ) သက်တမ်းတိုးလျှောက်ထားခြင်း။

(ဂ) ပြင်ဆင်ချက်လျှောက်ထားခြင်း။

(ဃ) မိတ္တူမှန်လျှောက်ထားခြင်း။

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခွင့်လျှောက်ထားနိုင်သောနေရာများ**

၆။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်များအား အောက်ဖော်ပြပါနေရာများတွင် လာရောက်လျှောက်ထားနိုင်ပါသည် -

(က) နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊

(ခ) ရန်ကုန်မြို့၊ ကမ်းနားလမ်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးရုံးခွဲ၊

(ဂ) ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းအဖွဲ့ရုံး (One Stop Services) (MIC ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီများသာ)

(ဃ) ရန်ကုန်မြို့၊ သီလဝါအထူးစီးပွားရေးဇုန် (One Stop Service Center) (သီလဝါအထူးစီးပွားရေးဇုန်တွင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်သောကုမ္ပဏီ များသာ)


**Online ဝန်ဆောင်မှုအတွက် ကုန်ကျစရိတ်များ**

၇။ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) Online ကြေးပေးသွင်းခြင်း | ၂၅၀၀ | ကျပ် |
| (ခ) မှတ်ပုံတင်ကတ်ပြားဘိုးငွေပေးသွင်းခြင်း | ၅၀၀ | ကျပ် |
| **စုစုပေါင်း** | ၃၀၀၀ | ကျပ် |

**(ဆက်လက်ဖော်ပြပါမည်)**


CHANGHONG
We Create, You Feel ...
SMART TV
အမှတ် 59/ဘီ၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်။
Tel : 09977197780,0973044792 email : hww.changhong@gmail.com


MPC
Myanma Pivot
မြန်မာ့မဏ္ဍိုင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
MYANMA PIVOT CONSTRUCTION CO., LTD.
No.1104,Bo Myat Tun Tower,
MahaBandoola Road,
Botahtaung Township,
Yangon,Myanmar.
Ph : 951-296227
Mobile : 095016608
E-mail : myanmapivot2010@gmail.com


မြန်မာပြည့်စုံအောင်
ရောင်းဝယ်ရေး
ဟိုတယ်သုံး၊ အိမ်သုံး၊ အိပ်ယာခင်းပိတ်အမျိုးမျိုး
မင်္ဂလာခန်းဝင်ပစ္စည်း နှင့် မျက်နှာသုတ်ပါဝါအမျိုးမျိုး
(လက်လီ/လက်ကား)
တိုက်(၁၁)၊အခန်း(၄)၊နှင်းဆီလမ်း၊ယုဇနပလာဇာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
ရွှေမင်္ဂလာဈေး၊မြေညီ98,91,94၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့.
ဆိုင်ဖုန်း-၀၁-၂၀၀၇၄၇၊ လိုင်းခွဲ - ၇၀၁၇
ဖုန်း - ၀၉၅၁၈၅၆၀၃၊ ၀၉၅၁၀၆၁၂၂၊ ၀၉၃၀၁၇၇၁၉၈

# MYANMAR PADAUK TRADING CO., LTD.

မြန်မာနိုင်ငံတဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။

KORYO CABLE — Made in Korea
CONTINENTAL — Made in Korea
CADI-SUN — Made in Vietnam
EMG CABLE & WIRE — Made in Korea
N.I.U ELEC — Made in China
JEWAY — Made in China

IEC Standard နှင့် အညီ ထုတ်လုပ်ထားသော 99.9 Pure Coppeer (LT/HT) ဝါယာကြိုးများ၊ 99.9 Pure Aluminium Isulated ဝါယာကြိုးများနှင့် 400V Material & 6.6kV/11kV/33kV (Line Accessories) များအား နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိထားသော မှန်ကန်သည့် အရည်အသွေးပြည့် ပစ္စည်းများကိုသာ မြန်မာနိုင်ငံ တဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။



**Available Items**

- Building Wire
- Underground Cable
- Overhead Cable
- High Quality & Long Term Quality Control
- Resonable Price for Customer
- International Standard & Certified for Safety
- We Can Support Low Voltage, Medium Voltage, High Voltage Copper Conductor & Aluminium Conductor

Head Office : No.12/ Da Dwe, Inya Avenue St., Ka Ba Aye Pagoda Rd, Mayangone Tsp. Tel : 01 657781, 657782, 657783, 657784
Showroom ( Yangon) : No. (H3-46), Thiriyadanar Wholesale/Retail Compound, North Okalapa Tsp.,Yangon.. Tel : 01 578538, 09 400309366
Showroom ( Dawei) : No.(117), Tike Thit Kyaung Road, Kanyone Yet, Dawei Tsp., Tanintharyi Division.Tel : 09 457366663, 09 457366664
Showroom (Taunggyi) : No.33, Oakaw Street, Nyaung Shwe Hawkone Yet, Taunggyi, Shan State. Tel : 09 445578001, 09 445578002
Showroom ( Monywa) : No.103, Bogyoke Aung San Street, Kwaegyi Ward, Monywa Tsp. Sagaing Division. Tel : 09 427 8888 71, 09 427 8888 72

Email : epshowroom@myanmarpadauk.com Website : www.myanmarpadauk.com



# Universal Cold Store (Yangon) Industrial Company Limited.

UIC


## EXPORTER & IMPORTER




Head Office : No.(224-226), 6th Floor, Room (601), Bo Aung Kyaw Tower, Bo Aung Kyaw Street, Botahtaung Township, Yangon, Myanmar.
Tel : 01 256599, 01 398213, Fax : 01 391293
Hot Line : 09 5124039, 09 420034981, 09 977766676
E-mail : universalcoldstoreygn@gmail.com.Skype: universalzia

Factory : No. 38, 3rd Street, Ngwe Pin Lae Marine Product Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Tel : 01 613622, 09 420221038, 09 5124039



















ဆက်ရန်

# ဦးစားပေးကုန်ပစ္စည်းများစာရင်း ထုတ်ပြန်လိုက်ခြင်းသည် လက်လီလက်ကား ရောင်းဝယ်ရေးကဏ္ဍကိုတစ်ခေတ်ဆန်းလိုက်ခြင်းဖြစ်သည်

**မောင်လွင်ပြင်**

လက်လီလက်ကား ရောင်းချခွင့်မှတ်ပုံတင်အရ နိုင်ငံခြားကုမ္ပဏီ၊ နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစပ်ဆောင်ရွက်နေသည့် ကုမ္ပဏီများအား ဦးစားပေးကုန်ပစ္စည်းအုပ်စုစာရင်း ၂၄ မျိုးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေး ဦးစီးဌာနကထုတ်ပြန်ထားသည်။ နိုင်ငံခြားကုမ္ပဏီ၊ နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစပ်ဆောင်ရွက်သည့် ကုမ္ပဏီများသာ လက်လီလက်ကား ရောင်းချခွင့်ရှိသည့် ကုန်ပစ္စည်း အမျိုးအမည်များကိုလည်း အများပြည်သူများ သိရှိထားသင့်ပါသည်။ ယင်းအတွက် လေ့လာတင်ပြပါမည်။ အမှန်တော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် နိုင်ငံခြားကုမ္ပဏီ၊ နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်း၌ လက်လီလက်ကား ရောင်းချခွင့်ပြုကြောင်း၊ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်း သတ်မှတ်ချက်များကို ၂၀၁၈ ခုနှစ် မေ ၉ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် ၂၅/ ၂၀၁၈ အရ အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

နိုင်ငံခြားကုမ္ပဏီ၊ နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား လက်လီလက်ကား ရောင်းချခွင့်ပြုထားသည့် ဦးစားပေး ကုန်ပစ္စည်းစာရင်းတွင် အဝတ်အထည်၊ နာရီ၊ အလှကုန်ပစ္စည်းများ၊ လူသုံးကုန် ပစ္စည်းများ၊ ကြွေထည်၊ မြေ ထည်၊ ဖန်နှင့် ဖန်ထည်ပစ္စည်းများ ပါဝင်သည်။ ထို့ပြင် စားသောက်ကုန်များတွင် နိုင်ငံတော်၏ လိုအပ်ချက်အရ တင်သွင်းရောင်းချခွင့် မပြုသော ပစ္စည်းများမှအပ လယ်ယာထွက်ကုန် ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန် ထွက်ကုန်ပစ္စည်းများ၊ အသင့်သုံး စားသောက်ကုန်ပစ္စည်းများ၊ အချိုရည်အမျိုးမျိုး၊ ပြည်တွင်းထုတ် ယမကာများ ပါဝင်သည်။ ထို့ပြင် မီးဖိုချောင်သုံး ကုန်ပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ဆေးရုံသုံး ကိရိယာများ၊ တိရစ္ဆာန်အစာနှင့် တိရစ္ဆာန်ဆေးဝါးများ၊ စာရေးကိရိယာများ၊ ပရိဘောဂပစ္စည်းများ၊ အားကစားပစ္စည်းများ၊ ကင်မရာ၊ ဖုန်းအပါအဝင် ဆက်သွယ်ရေးပစ္စည်းများ၊ အီလက်ထရွန်းနစ်ပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် ကိရိယာများ၊ လျှပ်စစ်ပစ္စည်းများ၊ စက်မှုကုန်ထုတ်လုပ်ငန်းသုံး ဓာတုပစ္စည်းများ၊ မျိုးစေ့၊ စိုက်ပျိုးရေး သွင်းအားစုများနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လယ်ယာလုပ်ငန်းသုံး စက် ကိရိယာများ၊ စက်ပစ္စည်းအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ ပါဝင်သည်။


ထို့ပြင် စက်ဘီးအမျိုးမျိုး၊ မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ ကလေးကစားစရာပစ္စည်းများ၊ ပန်းနှင့် အပင်များအပါအဝင် အိမ်အလှဆင်ပစ္စည်းများ၊ အမှတ်တရလက်ဆောင်ပစ္စည်းနှင့် လက်မှုပစ္စည်းအမျိုးမျိုး၊ အနုပညာပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ(ရှေးဟောင်းပစ္စည်းများ မပါဝင်) စသည်တို့ဖြစ်သည်။

လက်လီလက်ကား ရောင်းချခွင့်မှတ်ပုံတင်ဖြင့် ဖော်ပြပါပစ္စည်းများ ရောင်းချရာတွင် ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့် ပြုပြင်ထုတ်လုပ်၍ ဦးစားပေး ရောင်းချရမည်ဟု ကုန်သွယ်ရေးဦးစီး ဌာနက ညွှန်ကြားထုတ်ပြန်ထားသည်။ ထို့ပြင် ပြည်ပမှတင်သွင်းရောင်းချရာတွင် ကုန်ပစ္စည်းအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။ ဦးစားပေး ရောင်းချခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စု စာရင်းများနှင့်ပတ်သက်၍ နိုင်ငံတော် ၏ လိုအပ်ချက်နှင့်အညီ ပြင်ဆင်သတ်မှတ် ထုတ်ပြန်သွားမည်လည်းဖြစ်သည်ဟု ကုန်သွယ်ရေးဦးစီးဌာနက ညွှန်ကြားထုတ်ပြန်ထားသည်။ ယင်းသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန က နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံသားနှင့်နိုင်ငံခြားသား ပူးပေါင်းဖက်စပ်တည်ထောင်ထားသည့် ကုမ္ပဏီများအား ပြည်တွင်း၌ လက်လီလက်ကား ရောင်းချခွင့်ပြုခြင်းနှင့် လက်လီလက်ကား ရောင်းချခွင့်ပြုသည့် ဦးစားပေးကုန်ပစ္စည်းအုပ်စုစာရင်း ထုတ်ပြန်လိုက်ခြင်းသည် ဖြုန်းစားကြီးကြည့်မည်ဆိုပါက ပြည်တွင်း လက်လီလက်ကား ရောင်းဝယ်သူ လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် ရောင်းချနေသူ စတိုးဆိုင်၊ ကုန်စုံဆိုင်လေးများအား ထိုးနှက်လိုက်ခြင်းဖြစ်မည်ဟု ထင်စရာရှိသည်။ သို့သော် နိုင်ငံတော်သည် ထိုသို့မရည်ရွယ်ပါ။ လက်လီလက်ကား ရောင်းဝယ်မှု ပြုရာတွင် အားကောင်းသော ဈေးကွက်စီးပွားရေး စနစ်ကို ပုံဖော်ခြင်းသာ ဖြစ်ပါသည်။

ထို့ပြင် ပြည်တွင်း၌ လက်လီလက်ကား ရောင်းဝယ်ရေး ကဏ္ဍတွင် နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားနှင့် ပြည်တွင်းဖက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးထွန်းကားလာစေခြင်းကို ရည်ရွယ်ခြင်းဖြစ်သည်။ လက်လီလက်ကား ရောင်းဝယ်ခြင်းတွင် နိုင်ငံခြားကုမ္ပဏီများ ဝင်ရောက်ရင်းနှီးမြှုပ်နှံလာရေး ဖိတ်ခေါ်လိုက်ခြင်းလည်းဖြစ်သည်။ လက်လီလက်ကားရောင်းဝယ်ရေးတွင် နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားနှင့် ပြည်တွင်းဖက်စပ်ကုမ္ပဏီများ၊ လုပ်ငန်းများအား လက်လီလက်ကား ရောင်းချခွင့် ပြုခဲ့သည်။ ကုန်ပစ္စည်းအုပ်စု ၂၄ မျိုးကို ၂၀၁၈ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါသည်။ ယင်းသို့ထုတ်ပြန်လိုက်ခြင်းမှာ ပြည်ပကုမ္ပဏီများ၊ ဝင်ရောက်ရင်းနှီးလုပ်ကိုင်ရန် ဖိတ်ခေါ်ခြင်းနှင့်အတူ ဝန်ဆောင်မှုလုပ်ငန်းသစ်များ ပေါ်ပေါက်လာရေးကိုလည်း ရည်ရွယ်ခြင်းဖြစ်သည်။ ထို့ပြင် မြန်မာလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေခြင်း၊ မြန်မာလူငယ်စွန့်ဦးတီထွင် လုပ်ကိုင်ချင်သူများအား တွန်းအားပေးခြင်းတို့ ဖြစ်ပေါ်စေရေးအတွက်လည်း ရည်ရွယ်သည်။ အဓိကအရေးကြီး အချက်တစ်ချက်မှာ ပြည်တွင်း လက်လီလက်ကား ရောင်းဝယ်ရေးဈေးကွက်တွင် စားသုံးသူပြည်သူလူထုအား တာဝန်ယူမှု တာဝန်ခံမှုရှိသော ဈေးရောင်းချခြင်း ဝန်ဆောင်မှုများ ပေါ်ပေါက်လာစေရေး ဟူသောအချက်ဖြစ် သည်။ မြန်မာစားသုံးသူ ပြည်သူများ တာဝန်ယူမှု တာဝန်ခံမှုရှိသော လက်လီလက်ကားရောင်းချခြင်း ဝန်ဆောင်မှုနှင့်အတူ ဘေးအန္တရာယ်ကင်းရှင်းသော ကုန်ပစ္စည်း၊ စားသောက်ကုန်များကို စိတ်ချယုံကြည်စွာ ဝယ်ယူသုံးစွဲနိုင်ရေးသည်လည်း ရည်ရွယ်ရင်း တစ်ခု ဖြစ်ပါသေးသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေသစ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။ ယင်း ဥပဒေသည် ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်တွင် စတင်အသက်ဝင်ပြီဖြစ်သည်။ ယင်း ကုမ္ပဏီများ ဥပဒေသစ်ကို ပြဋ္ဌာန်းလိုက်ခြင်းသည် မြန်မာ့စီးပွားရေး တိုးတက်မှုအရှိန်ကို မြှင့်တင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ယင်းဥပဒေသစ်က နိုင်ငံတကာလုပ်ငန်းများ၊ ကုမ္ပဏီများနှင့် ပြည်တွင်းရှိ လုပ်ငန်းများ၊ ကုမ္ပဏီများ ပူးပေါင်းဖက်စပ်ဆောင်ရွက်ရေးကို အားပေးထားသည်။ လမ်းဖွင့်ပေးထားသည်။ ပူးပေါင်းဆောင်ရွက်မှု လွယ်ကူစေရေး လမ်းကြောင်းများ ပြသထားသည်။ လက်လီလက်ကားရောင်းဝယ်ရေးတွင် ဦးစားပေး ကုန်ပစ္စည်းအုပ်စု ၂၄ မျိုးကို ထုတ်ပြန်ပေးထားခြင်းသည် နိုင်ငံတကာ ကုမ္ပဏီများနှင့် ပြည်တွင်း ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ရောင်းဝယ်ဖောက်ကားနိုင်ရန် ပထမဦးဆုံး လမ်းခင်းပေးထားခြင်းဖြစ်သည်။

ပြည်တွင်း လုပ်ငန်းရှင်များ၊ ကုမ္ပဏီများသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိက လိုအပ်နေသည်မှာ အရင်းအနှီးဖြစ်သည်။ ပြီးလျှင် နည်းပညာအသစ်ဖြစ်သည်။ နည်းပညာအသစ်ဖြင့် စီစဉ်ထုတ်လုပ်ဆောင်ရွက်နိုင်မှ ဈေးကွက်ရရှိမည်။ ရရှိထားသောဈေးကွက်ကိုထိန်းထားနိုင်မည်၊ သို့မဟုတ်ထပ်မံတိုးချဲ့နိုင်မည်။ ဈေးကွက်ရရှိရေး ဆက်လက်ထိန်းထားနိုင်ရေးနှင့် ချဲ့ထွင်နိုင်ရေးတို့အတွက် စီမံခန့်ခွဲမှုပညာသည်လည်း လိုအပ်ပြန်သည်။ မြန်မာကုမ္ပဏီများ၊ လုပ်ငန်းအုပ်စုများသည် ယင်းသို့သော အချက်၊ အရည်အချင်းများ ပြည့်စုံပါမှ နိုင်ငံတကာ ကုမ္ပဏီများက ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ မပြည့်စုံသော၊ အားပျော့လျော့ရဲသော ကုမ္ပဏီများကို နိုင်ငံတကာ ကုမ္ပဏီများက ဖြိုလှဲဝါးမျိုသွားမည် ဖြစ်သည်။ ဝါးမျိုခြင်း မခံရခင်ကတည်းက ပြည်တွင်းကုမ္ပဏီအချို့သည် နိုင်ငံတကာ ကုမ္ပဏီများနှင့် ဦးစွာ ပူးပေါင်းဖက်စပ်ထားဖို့လိုသည်။ ယင်းသို့ ပူးပေါင်းဖက်စပ်ထားလျှင် သူတို့ဆီက နည်းပညာများ၊ အရင်းအနှီးလိုအပ်ချက်များ၊ စီမံခန့်ခွဲမှု နည်းနာအသစ်များ ရရှိမည် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ လက်လီလက်ကား ရောင်းဝယ်ရေးတွင် ဦးစားပေးကုန်ပစ္စည်းအုပ်စု ၂၄ မျိုးထုတ်ပြန်ပြီး လုပ်ကိုင်ခွင့်ပြု လိုက်ခြင်းသည် ပြည်တွင်းကုမ္ပဏီနှင့် လုပ်ငန်းများအဖို့ ဈေးကွက် စီးပွားရေး စစ်စစ်နယ်ပယ်အတွင်းသို့ တွန်းပို့လိုက်ခြင်းဟု မှတ်ယူပြီး ရဲဝံ့စွာ ယှဉ်ပြိုင်နိုင်ရေးကိုသာ အာရုံစိုက်ကြဖို့ လိုပါတော့မည်ဟု လေ့လာရေးသားတင်ပြလိုက်ရပါသည်။

**Commerce ကာတွန်း**




## တရုတ်နိုင်ငံ၏ ပထမဆုံး သွင်းကုန်ပြပွဲအတွက် ဝယ်ယူသူပေါင်း ၁၆၀၀၀၀ ကျော်မှတ်ပုံတင်ထား

ပထမဆုံး တရုတ် နိုင်ငံတကာသွင်းကုန်ပြပွဲ (CIIE) သို့ တက်ရောက်ရန် ဩဂုတ် ၇ ရက်အထိ ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီ ၈၀၀၀၀ မှဝယ်ယူသူ ၁၆၀၀၀၀ ကျော် မှတ်ပုံတင်ထားကြောင်း ပြပွဲဖြစ်မြောက်ရေး စီစဉ်သူက ဩဂုတ် ၉ ရက်တွင် ပြောကြားလိုက်သည်။

တရုတ်နိုင်ငံတကာ သွင်းကုန်ပြပွဲ ဗျူရိုအဆိုအရ ဝယ်ယူသူ ၁၅၀၀၀၀ ဦးတက်ရောက်ရန် မျှော်မှန်းထားကြောင်း၊ သို့သော် မှတ်ပုံတင်အရေအတွက်မှာ မျှော်မှန်းထားသည်ထက် ကျော်လွန်သွားခဲ့ကြောင်း သိရသည်။

အမေရိကန်၊ ပြင်သစ်၊ ဂျာမနီနှင့် ဂျပန်အပါအဝင် နိုင်ငံများမှ ကုမ္ပဏီ ၄၀ ကျော်က ဒုတိယအကြိမ်မြောက် CIIE တွင် ပြခန်းနေရာများအတွက် ကြိုတင်မှာထားခဲ့ကြောင်း ဗျူရိုကပြောကြားခဲ့သည်။

CIIE ကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။ CIIE တွင် ပါဝင်ရန် နိုင်ငံနှင့် ဒေသပေါင်း ၁၃၀ ကျော်နှင့် ကုမ္ပဏီပေါင်း ၂၈၀၀ ကျော် ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **စိုင်းလှိုင်သူ(ပျဉ်းမနား)**

Vol: 18, No.33 Monday August 20 2018

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ(၂)တွင် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ စားသုံးသူရေးရာ ဦးစီးဌာနအစည်းအဝေးခန်းမ(၂)တွင် ဩဂုတ် ၉ ရက်က အကြိမ်(၃၀)မြောက် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေး ကျင်းပ ပြုလုပ်ရာ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်၊ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်၊ ဒုတိယတိုင်းဦးစီးမှူးနှင့် ဌာနခွဲမှူးများ၊ အဖွဲ့ဝင်၊ တိုင်းအဆင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ စားသုံးသူကိုယ်စားလှယ်၊ စီးပွားရေးကိုယ်စားလှယ်၊ ဥပဒေပညာရှင်၊ ကျွမ်းကျင်ပညာ ရှင်၊ ဖိတ်ကြားထားသော တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ARCCI ကိုယ်စားလှယ်များ စုစုပေါင်း ၂၈ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးကြည်အောင်က တိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် တိုင်းအငြင်းပွား မှုဖြေရှင်းရေးအစည်းအဝေးများကို ယခုလို လစဉ် မပျက်မကွက် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်မှ (၂၉) ကြိမ်မြောက် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီး မှုအခြေအနေများ နှင့် ယခုအစည်းအဝေးတွင် ဆွေးနွေးမည့် အချက်များကို ရှင်းလင်း ပြောကြားခဲ့ပြီး တက်ရောက်လာသူများမှ ဝိုင်းဝန်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး(ပုသိမ်)**

## မန္တလေး-ညောင်ဦး ဧရာဝတီမြစ်ရေလမ်းမှ ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ၂၄ နာရီ အသုံးပြုသွားလာနိုင်ရေး ရေကြောင်းပြအမှတ်အသားများ တပ်ဆင်ရန် ဆွေးနွေး

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသော ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်း၊ စီမံကိန်း လုပ်ငန်းစဉ် (၃)ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ရန် ရည်ရွယ်လျက် ဧရာဝတီမြစ် ရေကြောင်းသွားလာမှု ဖွံ့ဖြိုးတိုးတက်စေရန် အတွက် မန္တလေး-ညောင်ဦး ရေလမ်းတွင် ဆောင်ရွက်လျက် ရှိသည်။ ရေယာဉ်များ ဘေးအန္တရာယ် ကင်းစွာနှင့် ရေလမ်းအား ၂၄ နာရီ အသုံးပြု သွားလာနိုင်စေရန်ရည်ရွယ်လျက် မန္တလေး-ညောင်ဦး ရေလမ်းကြောင်းတွင် ရေကြောင်းပြ အမှတ်အသားများ (Aidsto Navigation)များ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်း အစီအစဉ်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်၁၃ ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆လမ်းရှိ အောင်မြင်ခြင်း ဟိုတယ်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရေအရင်းအမြစ် နှင့်မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က စီမံကိန်းလုပ်ငန်းများအား ရှင်းလင်း တင်ပြသည်။ ထို့နောက် ဧရာဝတီမြစ်ဝှမ်းဘက်စုံ စီမံခန့်ခွဲမှု စီမံကိန်း ဒါရိုက်တာMr.Lieven Geerick က ဧရာဝတီမြစ်မန္တလေး-ညောင်ဦး ရေလမ်းကြောင်း သွားလာမှုဖွံ့ဖြိုး တိုးတက်ရေး ရေကြောင်းပြ အမှတ်အသားများ အရေးပါပုံကို ရှင်းလင်း တင်ပြပြီး မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအောင်မျိုးခိုင်က ရေကြောင်းသွားလာမှုဖွံ့ဖြိုးရေး ရေကြောင်းပြ အမှတ်အသားသစ် စနစ်များအား ရှင်းလင်း တင်ပြသည်။ ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ မန္တလေး-ညောင်ဦး ရေလမ်းတွင် ခေတ်မီ ရေကြောင်းပြ အမှတ်အသားများ တပ်ဆင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## နိုင်ငံခြား ငွေဈေးမြင့်လာ၍ ပြည်တွင်းတပ်ဆင်ကားများသာ လှုပ်ကိုင်ကြိုက်များနေ

ရန်ကုန်မြို့ ကားဈေးကွက်၏ ဩဂုတ်လ နှောင်းပိုင်း အခြေအနေမှာ ယခင်ကားဈေးကွက် ပုံမှန်အေးနေရာမှ ယခုကာလအတွင်း နိုင်ငံခြားငွေ အတက်ကာလနှင့်ပါ ကြုံကြိုက်နေသဖြင့် ဈေးနှုန်းအတက်ကြမ်းကာ အခွန်ဆောင်ရမည့် ပမာဏ များပြားလာကာ အထူးသဖြင့် အသစ်သွင်းကားများ ဈေးကွက်အဝယ်မရှိသလောက် ရပ်တန့်သွားကြောင်း သိရ သည်။

ဇူလိုင်လကုန်ပိုင်းမှ စတင်၍ တဖြည်းဖြည်း တက်သထက် တက်လာသော နိုင်ငံခြားငွေ ဒေါ်လာဈေးကွက်ကြောင့် ကားအရောင်းစင်တာများနှင့် တကွ တစ်ပိုင်တစ်နိုင် ကားသွင်းသူများ အပါအဝင် ကားတန်ဖိုး မြင့်တက်လာ မှုနှင့် ထမ်းဆောင်ရမည့် သတ်မှတ် အခွန်ငွေပါ များပြားလာခြင်းအား တွက်ဆ၍ ကားတင်သွင်းမှုများ ရပ်တန့်သလောက်ဖြစ်သွားပြီး ဈေးကွက်ထဲရှိ နံပါတ်ထွက်ပြီး ယာဉ်ဟောင်းများနှင့် ပြည်တွင်းထုတ် အစိတ်အပိုင်း တပ်ဆင်ကားများသာ ဈေးကွက်ထဲတွင် ထိပ်ဆုံးမှရှိနေကြောင်း၊ ရန်ကုန် ကိုတာခွဲတမ်း(ရန်ကုန်လိုင်စင်)အား မျှော်လင့်နေကြသော်လည်း ယခုအချိန်အထိ ထုတ်ပြန်ပေးခြင်း မရှိ၍လည်း တစ်ကြောင်းဖြစ်ကြောင်း၊ အဆိုပါ တပ်ဆင်ကားများထဲတွင်လည်း ဆူဇူကီး၊ နီဆန်း စသော ကားများသာ ရှေ့ဆုံးမှဦးဆောင်နေပြီး ဈေးကွက်ထဲတွင်လည်း ရောင်းလွယ် ဝယ်လွယ်ရှိကြောင်း၊ နံပါတ်အနိမ့်များ ပြန်လည်ရောင်းချရာတွင်လည်း ဈေးသိပ်မကွာ၍ ဖြစ်ကြောင်း၊ ယခုကာလတွင် စတိနံပါတ်ကားများမှာ ဈေးမြင့် ရောင်းချရသဖြင့် ဈေးကွက်အတွင်း အမေးပင်နည်းကာ ကားဈေးအမြင့်ဖြင့် ဈေးကွက်အေးလာကြောင်း စသည်ဖြင့် လက်ရှိ ရန်ကုန်ကားဈေးကွက် အနေအထားအား ဝါရင့် ယာဉ်ဝယ်ရောင်းများမှ သုံးသပ်ပြသည်။

လတ်တလော ရန်ကုန်ဈေးကွက်သာမက မန္တလေးဈေးကွက်နှင့် အခြား နယ်ကားဈေးကွက်များမှာ နံပါတ်ထွက်ရှိပြီး ကားဟောင်းများသာ အရောင်းအဝယ်ရှိကြပြီး ရန်ကုန်တွင် ပြည်တွင်း တပ်ဆင်ကားများ အထူးရောင်းအားကောင်းကာ ဈေးကွက်မြှင့်တင်ရေးများပါ ပြုလုပ်၍ ရောင်းချလာကြောင်း၊ ဒေသအသီးသီးနေရာအတော်များများ ရေလွှမ်း၊ ရေကျော်မှုများ ဖြစ်ပေါ်နေ၍ ပါဂျဲရိုး၊ ကလူဂျာ၊ ဒဗယ်ကက်ကဲ့သို့ ဖိုးဝှီးလ်များ နယ်အမှာအဝယ်အချို့ရှိကြောင်း သိရသည်။

**SN**



## ပေါင်းတည်မြို့ အကျဉ်းဦးစီးဌာနတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြော

ပြည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးမြင့်နှင့် ဒုတိယဦးစီးမှူး ဦးနိုင်လင်းထွန်း၊ ပေါင်းတည်မြို့နယ်တာဝန်ခံ ဦးနိုင်ဝင်းသိန်းတို့သည် ပေါင်းတည်မြို့နယ် အကျဉ်းဦးစီးဌာနတွင် ဩဂုတ် ၁၅ ရက်က စားသုံးသူအကာ အကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ရာ အကျဉ်းထောင်မှ တာဝန်ခံ အရာရှိနှင့် အရာထမ်း၊ အမှုထမ်း များ၊ အကျဉ်းသားဦးရေ ၃၀၁ ဦးရှိသည့်အနက် အကျဉ်းသား ကိုယ်စားလှယ် ၁၅၀ ဦး တက်ရောက်ခဲ့ပါတယ်။ ဟောပြောပွဲတွင် ပြည်ခရိုင်ဦးစီးမှူး ဦးဌေးမြင့်က စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံ၊ WCRD ပေါ်ပေါက်လာပုံ၊ စားသုံးသူ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်ပါက ဥပဒေပုဒ်မ ၁၉ အရ အရေးယူပိုင်ခွင့်နှင့် အကာအကွယ်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူရေးရာဌာနစိတ်မှ ဒုတိယ ဦးစီးမှူး ဦးနိုင်လင်းထွန်းက စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ထုတ်ကုန်လုံခြုံစိတ်ချ ရမှုရှိစေရေး ဆောင်ရွက်မှုများနှင့် ဈေးကွက်အတွင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်နေမှုများ၊ ထိခိုက် နစ်နာမှုရှိလာပါက စားသုံးသူရေးရာဦးစီးဌာန CICC သို့ တိုင်ကြားခြင်းဖြင့် အဆင့်အဆင့် ဆောင်ရွက်မှုများ၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သော စားသောက်ကုန်၊ လူသုံးကုန်နှင့် ဆေးဝါးများအကြောင်း၊ ရက်လွန်အစားအစာနှင့် ဓာတုဆေးများ အကြောင်းစသည်ဖြင့် စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာ အသိပညာဗဟုသုတများကို အသေးစိတ် ဟောပြောဆွေးနွေးကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါတယ်။ **ဝင်းလှဲ့ဝါ (ပြည်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၂) | ယာယီ | ၂၃၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဟိုက်အေ့(စ်)(၂၀၀၇) | L | ၃၉၅ သိန်း | 2.4ဒီဇယ်ဆီ |
| ၃။ | ကလူဂျာ(၂၀၀၃) | G | ၃၆၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | တိုယိုတာခရောင်း(၂၀၀၃) | L | ၃၃၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဘယ်လ်တာ(၂၀၁၁) | K | ၂၁၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | တိုယိုတာဗစ်(၂၀၁၂) | ယာယီ | ၁၇၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ပရီမီယို (၂၀၁၁) | ယာယီ | ၄၂၅ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | အက်စီယို(၂၀၁၃) | ယာယီ | ၂၉၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (၂၀) နှစ် | - | ၁၂၀ သိန်း | |

# Ovaltine မှ ဒုတိယအကြိမ်မြောက် တစ်နိုင်ငံလုံးဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲ ကျင်းပပြုလုပ်မည်

ကျောင်းသူ၊ ကျောင်းသားများ၏ အနာဂတ်အောင်မြင်မှုများကို စိတ်ကူးပုံဖော်နိုင်စေရန် ovaltine Myanmar ၏ပထမအကြိမ်မြောက် တစ်နိုင်ငံလုံးဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲကြီးကိုမြန်မာနိုင်ငံတစ်ဝှမ်းရှိ စာသင်ကျောင်းပေါင်း ၃၆၅၀ ကျောင်းမှ ကျောင်းသူကျောင်းသား ၁၆၄၈၈၅ ဦးဖြင့် ၂၀၁၇ခုနှစ်က အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။ ပိုမိုများပြားသော ကျောင်းသားကျောင်းသူများကို မိမိတို့၏အနာဂတ်ဘဝရည်မှန်းချက်အား ရယူနိုင်ကြစေရန် တွန်းအားပေးလိုသောဆန္ဒဖြင့် ယခုနှစ်တွင်လည်း ကလေးပန်းချီပြိုင်ပွဲကြီးကို ဒုတိယအကြိမ်မြောက်ထပ်မံပြုလုပ်သွားမည်ဟု ဩဂုတ်လ(၁၄) ရက် Melia Hotel တွင် ကျင်းပပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားမှ သိရသည်။ ယခုနှစ်ပြိုင်ပွဲကို 'အနာဂတ်အောင်မြင်မှုများဆီသို့ Ovaltine နှင့် အတူ စိတ်ကူးပုံဖော်ကြပါစို့' ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကျောင်းသူကျောင်းသား နှစ်သိန်းကျော်ခန့် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်သွားမည်ဟု သိရသည်။ ယခုကျင်းပပြုလုပ်မည့် တစ်နိုင်ငံလုံးဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲသည် ပညာရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံတွင် ကျင်းပသည့် ကလေးပန်းချီပြိုင်ပွဲများအနက် အကြီးမားဆုံးပြိုင်ပွဲတစ်ခုဖြစ်ပြီး အဆိုပါ ပြိုင်ပွဲကြီးမှတစ်ဆင့် ကျောင်းသူကျောင်းသားများ မိမိတို့ဘဝတွင် အောင်မြင်ပြိုင်ဆိုင်လိုသည့် အနာဂတ်ရည်မှန်းချက်အား စိတ်ကူးပုံဖော်ကာ ဆန်းစစ်ဖန်တီးမှုကောင်းကောင်းဖြင့် ရေးဆွဲယှဉ်ပြိုင်ကြရန် Ovaltine မှ ရည်ရွယ်တယ်လို့ သိရပါတယ်။ အဆိုပါ ကလေးပန်းချီပြိုင်ပွဲကြီးကို ကျောင်းသူကျောင်းသားများအနေဖြင့် ဩဂုတ်လ ၁၅ ရက်မှ အောက်တိုဘာလ ၁၅ ရက်နေ့အတွင်း နှစ်လခန့်ကြာမြင့်မည်ဖြစ်ပြီး မိမိတို့ တက်ရောက်နေသည့် ကျောင်းအသီးသီးမှ တစ်ဆင့် ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါသည်။ Ovaltine ကလေးပန်းချီပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော ကျောင်းသူကျောင်းသားများအနေဖြင့် မိမိတို့ကျောင်းများမှ ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာများကို တောင်းယူရန်နှင့် သက်ဆိုင်ရာကျောင်းများမှ ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာ မရရှိပါကလည်း ရိုးရိုး A4 စာရွက်ဖြင့် Ovaltine Logo ကပ်ပြီး ရေးဆွဲပေးပို့နိုင်ပါသည်။ ပြိုင်ပွဲဝင်ပန်းချီနှင့်တကွ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို မိမိတို့ကျောင်းရှိ ဆရာဆရာမထံသို့ဖြစ်စေ ပြိုင်ပွဲကျင်းပရေးကော်မတီ အမှတ် ၁၂/ဃ ၊ နှင်းဆီလမ်း၊ (၈)ရပ်ကွက်၊ ပါရမီ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့သို့ ဖြစ်စေ အပ်နှံရမည်ဖြစ်သည်။ အဆိုပါ လျှောက်လွှာများကို အောက်တိုဘာ ၁၅ ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ပန်းချီကားများအားလုံးကို ဝါရင့်ပန်းချီဆရာကြီးများနှင့် ကာတွန်းဆရာကြီးများမှ စိစစ်အကဲဖြတ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဆု ရရှိသူများအားလုံးကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ကြေညာပေးမည်ဖြစ်ပြီး Ovaltine Myanmar အကြောင်းကို အသေးစိတ် သိရှိလိုပါက www.facebook.com/ovaltine.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိပါသည်။

**ခင်မိုးသူ**

# ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းအမှတ်စဉ်(၆/၂၀၁၈)ကို ဩဂုတ်လ ၆ ရက်မှ ၁၈ ရက်နေ့ထိ ၁၃ ရက်ကြာ မုံရွာမြို့၊ မုံရွေးကျေးရွာ ရွှေကျောင်းကြီးဘုန်တော်ကြီးကျောင်း၌ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/သူ ၁၇ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။

စားသောက်ကုန်ထုတ်လုပ်သည့် မိသားစုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မိသားဝင်ငွေတိုးတက်စေရန်၊ သဘာဝသစ်သီးဝလံများကို အခြေခံ၍ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ကုန်များထုတ်လုပ်နိုင်စေရန်၊ စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ ဥပဒေညွှန်ကြားချက်များကို သိရှိနိုင်စေရန်နှင့် အသေးစားစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းသစ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။

သင်တန်းတွင် သစ်သီးဝလံများ ပျက်စီးစေသည့် အကြောင်းရင်းများ၊ သစ်သီးဝလံများ တာရှည်ခံအောင် ပြုလုပ်နည်း၊ သစ်သီးယိုစုံ၊ သစ်သီးဖျော်ရည်၊ သစ်သီးဂျယ်လီ ပြုလုပ်နည်းများ၊ ဆန်/ဂျုံဖြင့် ပန်းသီးကိတ်၊ Chiffon ကိတ်၊ Creep ကိတ်၊ Cream Puff များ၊ cookies များ ပြုလုပ်နည်း၊ ပဲစင်းငုံဖြင့် ပြုလုပ်သော ပဲကိတ် လိပ်ပူးတင်း၊ ပဲရွှေကြည်ဆန္ဓင်းမကင်း၊ ပဲချောင်းအစိမ့် စသည် မုန့်အမျိုးမျိုး၊ ဆော့ ပြုလုပ်နည်းတို့ကို စာတွေ့/လက်တွေ့သင်ကြားပို့ချကြောင်း သိရှိရပါတယ်။

အဆိုပါသင်တန်းတွင် စားသုံးသူရေးရာဦးစီးဌာနအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများအကြောင်း သင်တန်းတစ်ချိန်ပို့ချပေးရန် ညှိနှိုင်းလာသဖြင့် စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင်ရုံးမှ ဦးစီးမှူး ဒေါ်သန်းသန်းတင်က စားသုံးသူရေးရာဦးစီးဌာန ဖြစ်ပေါ်လာပုံအဆင့်ဆင့်၊ စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်တာဝန်များ၊ စားသုံးသူ/စားသုံးသူအကာအကွယ်ပေးရေး အဓိပ္ပာယ် ဖွင့်ဆိုချက်၊ စားသုံးရပိုင်ခွင့် ပဋိညာဉ်စာတမ်းပါ စားသုံးသူအခွင့်အရေးများအကြောင်း၊ စားသုံးတို့၏ တာဝန်များ၊ စားသုံးသူများ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းမပြုမီ သတိပြုရမည့်အချက်များ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက မိမိတို့ဌာနသို့လာရောက်တိုင်ကြားနိုင်ရန် စားသုံးသူသတင်းပြန်ကြားရေးနှင့်တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာန (CICC)နှင့် မုံရွာခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားပါကြောင်း၊ ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့်အရေးယူပိုင်ခွင့်များ၊ မိမိတို့ဌာန၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင်(မုံရွာ)**

# ကုန်သွယ်ရေးစခန်းများမှ ရော်ဘာပိုမိုတင်ပို့

ဩဂုတ် ၄ ရက်မှ ၁၀ ရက်ထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၁၆ သန်း တန်ဖိုးရှိ ရော်ဘာမျိုးစုံ ၁၄၈၃ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS-1 အမျိုးအစား ၆၅ တန်ခန့်၊ RSS-3 အမျိုးအစားတန် ၇၀၀၊ RSS-5 အမျိုးအစား တန် ၁၅၀ နဲ့ MSR-20 အမျိုးအစား တန် ၂၂၀ ၊ ချင်းရွှေ ဟော် ကုန်သွယ်ရေးစခန်းမှ RSS-5 အမျိုးအစား ၂၆၃ တန်၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ MSR-50 အမျိုး အစား ၈၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန်ချိန် ၄၁၀ ပိုမို တင်ပို့နိုင်ကြောင်း သိရပါတယ်။ ယခု တစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS-3 အမျိုးအစား တစ် တန်လျှင် ကျပ် ၁၆ ဒသမ ၃၇၉ သိန်း ရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန် ကို ၁၇၄၂၄ကျပ် ဈေးကျကြောင်း သိရပါတယ်။ ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၃၅ သန်း တန်ဖိုးရှိရော်ဘာ ၈၅၅ တန်ကျော်ကို တင်ပို့ခဲ့ရာ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၉၈ တန်၊ ကိုရီးယားနိုင်ငံသို့ MSR-20 အမျိုးအစား ၂၄၉ တန်ကျော်၊ တရုတ်နိုင်ငံသို့ Synthetic Rubber ၂၀၂ တန် ခန့်၊ မလေးရှားနိုင်ငံသို့ MSR-20 အမျိုး အစား ၁၀၅ တန်နဲ့ အိန္ဒိယနိုင်ငံသို့ MSR-10 အမျိုးအစား ၂၀၁ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်ရော်ဘာတင်ပို့မှု ၁၉၄ တန်ကျော် လျော့ကျခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေးနှုန်းအတက်အကျအနည်းငယ်သာရှိပြီး ပြည်ပပို့အမယ် မြန်မာ့ရော်ဘာ FOB ဈေးမှာလည်း ပြောင်းလဲမှု မရှိကြောင်း မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေဝီလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၂၀-၈-၂၀၁၈ မှ ၂၆-၈-၂၀၁၈ ရက်နေ့ထိ


ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လက်တွေ့လုပ်ကိုင်၍သော အတတ်ပညာဖြင့် မည်သည့်အရပ်ဒေသတွင်မဆို လုပ်ကိုင်ဆောင်ရွက်လျှင် အောင်မြင်မှု ရတတ်သည်။ နိုင်ငံခြားဆေးနှင့် တိုင်းရင်းဆေးဝါးများ ရောင်းဝယ်ပါက အကျိုးပေးသည်။ ပညာရေးတွင် လုပ်ငန်းခွင်ပညာကို ပို၍စိတ်ဝင်စားတတ်သည်။ အချစ်ရေးတွင် ကိုယ်ချစ်ကို မရှာဘဲ သူချစ်ကိုရှာ၍ အိမ်ထောင်ပြုရန် ရည်ရွယ်လာတတ်သည်။ ကျန်းမာရေး ချူချာတတ်သည့်အတွက် ဂရုစိုက်မှုပြုရတတ်ပါသည်။ **ယတြာ။ ။ အောင်စည်အောင်မောင်းတီးပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ရေထွက်ပစ္စည်းထွက်ကုန်များ အကျိုးပေးခိုင်မာလိမ့်မည်။ ဝင်ငွေကောင်းမည်။ ပညာဉာဏ်အထူးကောင်းမွန်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သဟဇာတညီမျှမှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် သွေးနှင့်ပတ်သက်သောဝေဒနာခံစားရတတ်သည်ကို သတိပြုသင့်ပါသည်။ **ယတြာ။ ။ ငွေပန်းဘုရားလှူပါ။**



**အင်္ဂါသားသမီးများအတွက်** နိဗ္ဗာန်ကုန်များရောင်းဝယ် လုပ်ကိုင်သောစီးပွားရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းမှုရှိနေမည်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုရှိနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်ဝင်စားမှုအားနည်းနေတတ်သော သဘောရှိနေ လိမ့်မည်။ ကျန်းမာရေးအနေဖြင့် အပူကြောင့်ဖြစ်သော ဝေဒနာအကြိတ်အဖုတို့ ဖြစ်ထွန်းနိုင်သည်။ ခွဲစိတ်ကုသမှုများ ပြုရတတ်သည်။
**ယတြာ။ ။ ခရေပန်းပွင့် ဘုရားမှာ သက်စေ့လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖြစ်ထွန်းမှုအားကောင်းလိမ့်မည်။ ပညာရေးတိုးတက်မှုရှိနေပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အခက်အခဲများကို ကျော်လွှားနိုင်စွမ်းရှိနေမည်။ စိတ်ပျော်ရွှင်လွတ်လပ်မှုမရရှိဖြစ်နေမည်။ ကျန်းမာရေးအနေဖြင့် ခန္ဓာကိုယ်ကျန်းမာနေသော်လည်း စိတ်ပင်ပန်းမှုများနေတတ်ပါသည်။ **ယတြာ။ ။ ဇလပ်ပန်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် မိသားစုအခက်အခဲပြဿနာရှိသော်လည်း မိမိကအောင်မြင်မှုရနေမည်ဖြစ်သည်။ လယ်ယာ၊ ဥယျာဉ်ခြံမြေနှင့် ပတ်သက်သော လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းများ အကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေးတွင် ဝီရိယအားစိုက် ကြိုးစားနေရမည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေမည်။ စိတ်တိုင်းကျဆက်ဆံနေရတတ်သည်။ ကျန်းမာရေးအနေဖြင့် ကျောက်ကပ်ဝေဒနာဖြစ်နိုင်သောကြောင့် သတိဝီရိယရှိနေသင့်ပါသည်။
**ယတြာ။ ။ မိမိအိမ်မှဘုရားတွင် ပဲပင်ပေါက်ကြော်၍ ဆွမ်းကပ်ပါ။**



**သောကြာသားသမီးများအတွက်** လက်ဝတ်ရတနာပစ္စည်းများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ပါက အောင်မြင်မှုရရှိမည်။ ပညာရေးတွင် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာပျော်ရွှင်မှုများ ရရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အစာမကြေရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ ရာသီအလိုက်ဖြစ်တတ်သော ဝမ်းရောဂါတို့ကို ဂရုပြုစောင့်ရှောက်နေသင့်ပါသည်။ **ယတြာ။ ။ ဘုရားတွင် သစ္စာပန်းလှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ကိုင်ရာတွင် ရေနံထွက်ပစ္စည်းလုပ်ငန်း၊ ဓာတုဗေဒလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်သောကြောင့် အကျိုးပေးပါသည်။ ပညာရေး ကံကောင်းနေမည်။ စီးပွားရေးကံသင့်တင့်တိုးတက်လာမည်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးများ သင့်တင့်နေမည်။ **ယတြာ။ ။ ဘုရားတွင် ကြာပန်းလှူပါ။**

# ပြည်ပသို့ နွားတင်ပို့မှုကြောင့် အညာဒေသတွင် နွားဈေးခုန်တက် နွားမွေးသူများတွက်ခြေကိုက်နေ



ကျောက်ပန်းတောင်းမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တွင်နွားဈေးအေးနေခဲ့ရာက ယခုတစ်ပတ်(ဩဂုတ်၁၀ရက်ကနေ၁၆ရက်အထိ)နွားဈေးမြင့်တက်နေကြောင်း နွားမွေးသူနှင့် နွားဝယ်ရောင်းလုပ်သူများ လိုင်စင်လုပ်ငန်းများထံက သိရသည်။

ရေနံချောင်းမြို့နယ်မှ နွားမွေးမြူရေးလုပ်ကိုင်သူတစ်ဦးကတော့ "ယခင်က နွားပွဲစားတွေကုန်သည်တွေ တစ်ဦးစ၊ နှစ်ဦးစ ကျွန်တော်တို့ရွာကိုလာပြီး နွားတစ်ကောင် ခန့်မှန်းပိဿာ ၁၀၀ ကျော်ကို ကျပ် ၇ သိန်း ပေးဝယ်တယ်။ ဈေးမကောင်းဘူး ငွေလိုသူပဲရောင်းကြတာပါ။ ယခု ဩဂုတ် ၁၄ ရက်ကနေ ဩဂုတ် ၁၆ ရက်အထိကတော့ ပွဲစားတွေ၊ ကုန်သည်တွေ ခြေချင်းလိမ်အောင်လာဝယ်တာပါ။ နွားတစ်ကောင် ပိဿာ ၁၀၀ ကို ကျပ် ၉ သိန်းကျော် ရောင်းရတယ်။ ဈေးမြင့်တယ်" ဟုပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်က နွားမွေးမြူရေးလုပ်ကိုင်သူတစ်ဦးက "ယခင်လက နွားတစ်ကောင်ကို အနိမ့်ဆုံး ကျပ် ၇ သိန်းမှ ၉ သိန်းအထိရှိတယ်။ ယခုတော့ နွားတစ်ကောင်ကိုကျပ်၉ သိန်းကနေ ကျပ်၁၀ သိန်းကျော်ပေးဝယ်တော့ နွားမွေးမြူရေးလုပ်ငန်းအတွက် တွက်ခြေကိုက်တာပေါ့" ဟုပြောသည်။

ရေနံချောင်းမြို့နယ်နှင့် ကျောက်ပန်းတောင်း မြို့နယ်က နွားများကို တရုတ်နိုင်ငံသို့ တင်ပို့သည့်ကုန်သည်များနှင့် ပွဲစားများက ကျေးရွာများသို့ လိုက်လံဝယ်ယူမှုများကြောင့် နွားဈေးမှာ အသားကတ္တားချိန် တစ်ပိဿာကျပ် ၇၀၀၀ ကနေ ကျပ် ၉၀၀၀ အထိ ဈေးမြင့်တက်ကာ အကောင်လိုက်မှာလည်းနွားတစ်ကောင် ကျပ်၇ သိန်းကနေ ၉ သိန်းအထိ ဈေးတက်လာကြောင်း သိရသည်။

ရေနံချောင်းမှ နွားသားသတ်လိုင်စင်လုပ်ကိုင်သူနှင့် နီးစပ်သူတစ်ဦးက "နွားကို ယခုပြည်ပပို့တဲ့သူကဝယ်တယ်။ ချောက်မြို့နယ်စမ်းစုနွားပွဲဈေးနဲ့ နွာမွေးတဲ့သူတွေဆီမှာ ရွာအထိ လိုက်ဝယ်တယ်။ ဒီတော့ဈေးမြင့်လာတယ်။ ယခင်က အသား တစ်ပိဿာ ကျပ် ၇၀၀၀ ရှိတယ်။ ယခုတစ်ပိဿာ ကျပ် ၉၀၀၀ နဲ့ဝယ်ရတယ်။ ဈေးမြင့်တာ။တကယ်တော့ လိုင်စင်မှာ လက်ရှိရောင်းဈေးအသားဈေး ကျပ် ၁၀၀၀၀ ကျော် ရှိတာပါ။ စားသုံးသူအတွက်ဈေးမတက်အောင် နွားကရှာဝယ်ရတယ်။ နွားရှားလာတယ်။ စားသုံးသူနဲ့ ကုန်သည် ရောင်းနိုင်မယ့် အသားဈေးဖြစ်ဖို့ပါ"ဟု ပြောသည်။

အညာဒေသတွင် နွားကို တစ်ပိုင်တစ်နိုင်အဖြစ် မွေးမြူကြသည့်အပြင် စီးပွားဖြစ် နွားကောင်ရေ ၃၀ ကနေ ၅၀ အထိ မွေးမြူကြကာ လယ်ယာလုပ်ငန်းခွင်၌ နွားကိုအသုံးပြုကြကြောင်း၊ အသားအဖြစ်လည်း သားသတ်လိုင်စင်လုပ်ငန်းများထံရောင်းချခဲ့ရာက ယခုနွားကိုပြည်ပတင်ပို့မှုကြောင့် နွား မွေးသူများဝင်ငွေရနေကြောင်း သိရသည်။ **ဆန်းညွန့်(ရေနံချောင်း)**

# ဟင်္သာတမြို့တွင် လက်ရှိဖြစ်ပေါ်နေသော ပဲဈေးကွက်အခြေအနေနှင့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးရေး၊ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ ရွာသစ်မြောက်ကျေးရွာ အမကကျောင်းတွင် ဩဂုတ် ၁၀ ရက်က လက်ရှိဖြစ်ပေါ်နေသော ပဲဈေးကွက် အခြေအနေနှင့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးရေး၊ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။

ဟောပြောပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်မှ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ စားသုံးသူ၏နစ်နာမှုများကို တိုင်ကြားနိုင်ကြောင်းတို့အား ရှင်းလင်း ပြောကြားခဲ့ပါသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သည့်ဒေသဖြစ်ပြီး အထူးသဖြင့် ဟင်္သာတခရိုင်သည် မတ်ပဲကို သီးထပ်အဖြစ် အဓိက စိုက်ပျိုးသည့် ဒေသဖြစ်သည့်အတွက် မတ်ပဲ စိုက်ပျိုး ထုတ်လုပ်မှု တင်ပို့ရောင်းချမှုများကို ရှင်းလင်းဆွေးနွေးပြီး၊ လက်ရှိမတ်ပဲဈေးကွက်အခြေအနေ များကို ယခင်နှစ်ကာလတူဈေးကွက်နှင့် ပြည်ပသို့တင်ပို့နိုင်မှုများ၊ ဈေးနှုန်းမတည်ငြိမ်မှုများနှင့် တောင်သူတို့ အကျိုးအမြတ်ရရှိနိုင်မှု အခြေအနေများ၊ မတ်ပဲနှင့် စိုက်ပျိုးမှုပုံစံ တူညီသည့် ပဲတီစိမ်းစိုက်ပျိုးထွက်ရှိမှု၊ တင်ပို့မှုနှင့် ဈေးကွက်အခြေအနေတို့ကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်၍ တောင်သူများ ရွေးချယ်စိုက်ပျိုးနိုင်ရန်နှင့် ဈေးကွက်ဝင် သီးနှံများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဒု-တိုင်းဦးစီးမှူး ဦးစိန်မောင်မြင့်မှ တောင်သူများအနေဖြင့် စီးပွားရေးတွက်ခြေကိုက်စေရန်အတွက် ရွေးချယ်စိုက်ပျိုးရန်လိုအပ်ပြီး၊ ဈေးကွက်ဝင် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ကောင်းမွန်သော စိုက်ပျိုးမှု အလေ့အကျင့်ကောင်းများ (GAP) အကြောင်း သိကောင်းစရာများ၊ အဆိုပါနည်းစနစ်ဖြင့် ထုတ်လုပ်ပါက ဈေးနှုန်းရရှိမှု အခြေအနေများနှင့် သွင်းအားစုများကို စနစ်တကျ သုံးစွဲနိုင်ရေး၊ ပေါင်းသတ်ဆေးများ အလွန်အကျွံမသုံးစွဲရေးတို့ကို ဆွေးနွေးခဲ့ပါသည်။ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစန်းဝင်းမှလည်း (GAP) စနစ်ကို ကျင့်သုံးမည် ဆိုပါက မိမိတို့ဌာနအနေဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး တောင်သူများမှာလည်း အဆိုပါနည်းစနစ်အတိုင်း စိုက်ပျိုးထုတ်လုပ်သင့်ကြောင်း ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး ပဲနှမ်းအသင်း ဥက္ကဋ္ဌ ဦးမြင့်သိန်းဦးမှ ဟင်္သာတကုန်စည်ဒိုင်တွင် လက်ရှိဖြစ်ပေါ်နေသော မတ်ပဲဈေးနှုန်း၊ ရောင်းဝယ်မှုအခြေအနေနှင့် မတ်ပဲထက် ဈေးကွက်ပိုရှိသော ပဲတီစိမ်းကို ပိုမိုစိုက်ပျိုးသင့်ကြောင်း၊ ထို့ပြင် သီးထပ်အဖြစ် နှမ်းစပါးကိုလည်း စိုက်ပျိုးသင့်ကြောင်း၊ မိမိတို့ ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ခိုင်မာသည့် သီးနှံကိုရွေးချယ်စိုက်ပျိုးသင့်ကြောင်း ဆွေးနွေးခဲ့ပါသည်။ တောင်သူ ဦးစိုးမြင့်၊ ဦးကြည်ရွှေတို့မှလည်း သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ထို့ပြင် တက်ရောက်လာသူများအား လက်ရှိဖြစ်ပေါ်နေသော ပဲလောက၏ ဈေးကွက်အခြေအနေကို တောင်သူများ သိရှိနိုင်စေရန်အတွက် ပဲတို့၏ မာယာဆောင်းပါး ပါရှိသော ကောမတ်စ်ဂျာနယ်အား ဖြန့်ဝေပေးခဲ့ပါသည်။ အဆိုပါဟောပြောပွဲသို့ တောင်သူ ၁၇၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။


**မောင်မောင်မြတ်ခိုင်**

# v,f,mxGufukefypönf;rsm;tygt0ifpkdufysKd;a&;xGufukefrsm;&JU jynfywifydkYukefrSKqifjcifukefusqif;EdkifrSKrsm;ESifh....

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးအား ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေရေး အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်နေကြရပေသည်။ အဆိုပါ ကဏ္ဍအသီးသီးအောင်မြင်တိုးတက်ဖို့ဆိုလျှင် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဟာ အခြေခံကျတဲ့ ကိစ္စတစ်ရပ်ပင် ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟုဆိုရာ၌ ပြည်ပပို့ကုန်တင်ပို့နိုင်မှုမှာ အဓိကအခန်းကဏ္ဍတွင်ပါဝင်နေသဖြင့် အထူးအလေးထားဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ပြည်ပပို့ကုန်များ ပိုမိုတင်ပို့နိုင်မှသာလျှင် စီးပွားရေးဖြစ်ထွန်းမှု အားကောင်းလာမည်ဖြစ်ပေသည်။ စာရေးသူတို့၏ မြန်မာပြည်သည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်သူလူထု၏ ၇၀ ရာခိုင်နှုန်းကျော်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်ဆောင်ရွက်လျက် ရှိကြပေသည်။ ပြည်ပတင်ပို့မှုတွင်လည်း စိုက်ပျိုးရေးထွက်ကုန်များကို အဓိကထားနေရပြီး ပြည်ပဝင်ငွေအများအပြားရရှိကာ တောင်သူများအတွက်အကျိုးရလဒ်များစွာဖြစ်ထွန်းစေသောလုပ်ငန်းပင်ဖြစ်ပေသည်။ ထို့ပြင် နှစ်စဉ်ပြည်ပ တင်ပို့မှုကို ကြည့်မည်ဆိုပါက စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုပမာဏမှာ အများဆုံးပင်ဖြစ်ပါသည်။ သို့သော်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်မူ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့နိုင်မှုသည် ကာလတူ ယခင်ဘဏ္ဍာနှစ်များထက် လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရပေသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် မိုးလေဝသ ရာသီဥတုအခြေအနေ၊ စိုက်ပျိုးရေးအလေ့အကျင့် စသည့်အချက်များပေါ်တွင် များစွာမူတည်နေသဖြင့် အထူးဂရုပြုရသောလုပ်ငန်းပင် ဖြစ်ပါသည်။ ပို့ကုန်တင်ပို့မှုတွင် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုအခြေအနေအား ဘဏ္ဍာနှစ်အလိုက် ကာလတူနှိုင်းယှဉ်ချက်အား အောက်ပါအတိုင်းတွေ့ရှိရပေသည်-

| ပြည်ပပို့ကုန်တင်ပို့မှုတွင် နှစ်အလိုက်ကာလတူ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုအခြေအနေ | | | | |
|---|---|---|---|---|
| စဉ် | ဘဏ္ဍာနှစ် (ကာလတူ) | ရေတွက်ပုံ | တန်ဖိုး | နှိုင်းယှဉ်ချက် |
| ၁။ | ၂၀၁၆-၂၀၁၇ (ဩဂုတ်လ ၁၀ ရက်နေ့ထိ) | ဒေါ်လာသန်း | ၁၁၅၇.၁၇၂ | |
| ၂။ | ၂၀၁၇-၂၀၁၈ (ဩဂုတ်လ ၁၀ ရက်နေ့ထိ) | ဒေါ်လာသန်း | ၁၁၄၆.၄၂၈ | - ၁၀.၇၄၄ |
| ၃။ | ၂၀၁၈-၂၀၁၉ (ဩဂုတ်လ ၁၀ ရက်နေ့ထိ) | ဒေါ်လာသန်း | ၉၉၂.၄၃၄ | - ၁၅၃.၉၉၄ |


## DOCA( Domestic)




**ရင်းမြစ်-Customs**

အထက်ပါဇယားအရ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှာ ကျဆင်းလာလျက်ရှိပြီး အဓိကမှာ ပဲ(၃) မျိုးဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း စသည့်သီးနှံများကြောင့်ပင်ဖြစ်ပါသည်။ ရာသီဥတုအခြေအနေနှင့် စိုက်ပျိုးမှု အလေ့အကျင့်ကောင်းများ အားနည်းခြင်းတို့ကြောင့် အထွက်နှုန်းလျော့ကျခြင်းနှင့် အဓိကတင်ပို့သည့် အိန္ဒိယနိုင်ငံ၏ တင်သွင်းမှု ကန့်သတ်ခြင်းများကြောင့် လယ်ယာထွက်ကုန်တင်ပို့မှုအခြေအနေများ ကျဆင်းလာရခြင်းပင်ဖြစ်ပေသည်။ လယ်ယာထွက်ကုန်ပစ္စည်းဖြစ်သည့် ဆန်စပါးကဏ္ဍမှာ ပြည်ပတင်ပို့မှု၌ တိုးတက်ကောင်းမွန်သော်လည်း ပဲမျိုးစုံ(အဓိက ပဲ (၃) မျိုး ) ကဏ္ဍမှာ လျော့နည်းကျဆင်းလာပြီး စိုက်ပျိုးရေးထွက်ကုန်အားလုံး တင်ပို့မှုကို ခြုံကြည့်ပါက လျော့နည်းလာသည်ကို တွေ့ရှိရပေသည်။ ထိုသို့ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုကျဆင်းလာမှုများကို ပြန်လည်ကုစားရန်အထူးလိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ကုစားရာတွင် တင်ပို့မှုကျဆင်းလာသည့် လယ်ယာထွက်ကုန်များအစား အခြားတင်ပို့မှုအလားအလာကောင်းသော ဈေးကွက်ဝင်သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်းနှင့်အတူ အခြားသောအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများကိုလည်း ဦးစားပေး၍ အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် အခြားပြည်ပတင်ပို့မှု အလားအလာကောင်းသော ထုတ်ကုန်ကဏ္ဍများကို လေ့လာသုံးသပ်၍ ပိုမိုတိုးတက်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူအများစုသည် အဓိကလုပ်ကိုင်ဆောင်ရွက်သော စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားကျွမ်းကျင်သော လုပ်ငန်းကဏ္ဍမှာ မွေးမြူရေးလုပ်ငန်းပင်ဖြစ်လေသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့သည် ဆက်စပ်ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်ပြီး တောင်သူများကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်သည့်အပြင် ရေရှည်အကျိုးရလဒ်များသည့် လုပ်ငန်းနယ်ပယ်များပင်ဖြစ်ပေသည်။ ပြည်ပပို့ကုန်တင်ပို့မှုကို လေ့လာကြည့်ပါက မွေးမြူရေးကဏ္ဍမှ တိရစ္ဆာန် ထွက်ပစ္စည်းတင်ပို့မှုအခြေအနေအား အောက်ပါအတိုင်း လေ့လာ တွေ့ရှိရပေသည်-

| ပြည်ပပို့ကုန်တင်ပို့မှုတွင် နှစ်အလိုက်ကာလတူ တိရစ္ဆာန်ထွက်ပစ္စည်း တင်ပို့မှုအခြေအနေ | | | | |
|---|---|---|---|---|
| စဉ် | ဘဏ္ဍာနှစ်(ကာလတူ) | ရေတွက်ပုံ | တန်ဖိုး | နှိုင်းယှဉ်ချက် |
| ၁။ | ၂၀၁၆-၂၀၁၇ ( ဩဂုတ်လ ၁၀ ရက်နေ့ထိ) | ဒေါ်လာသန်း | ၂.၃၇၁ | - |
| ၂။ | ၂၀၁၇-၂၀၁၈ ( ဩဂုတ်လ ၁၀ ရက်နေ့ထိ) | ဒေါ်လာသန်း | ၄.၉၉၉ | + ၂.၆၂၈ |
| ၃။ | ၂၀၁၈-၂၀၁၉ ( ဩဂုတ်လ ၁၀ ရက်နေ့ထိ) | ဒေါ်လာသန်း | ၁၁၆.၈၁၃ | + ၁၁၁.၈၁၄ |




**ရင်းမြစ်-Customs**

အထက်ပါဇယားအရ မွေးမြူရေးလုပ်ငန်းကဏ္ဍမှ တိရစ္ဆာန် ထွက်ပစ္စည်းတင်ပို့မှုသည် သိသိသာသာ တိုးတက်လာကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် တိုးတက်လာစေရန် အားပေးလုပ်ဆောင်ခြင်းနှင့်အတူ ပြည်ပို့ကုန်တင်ပို့နိုင်မှုမြင့်မားလာရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါဦးမည်. . . ။

❑

## တနင်္သာရီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ်တို့၏ (၅/၂၀၁၈)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တနင်္သာရီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ်တို့၏ (၅/၂၀၁၈)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအစည်းအဝေးခန်းမ၌ ဩဂုတ်လ ၁၆ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းနှင့်အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ စုစုပေါင်း ၁၈ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထွန်းမှ (၄/၂၀၁၈) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ၂၀၁၈ ခုနှစ်၊ ဇူလိုင်လအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ရှေ့ဆက်လက်ဆောင်ရွက် သွားမည့်လုပ်ငန်းအစီအမံများအား ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင် ဦးကျော်ကျော်ဦးမှ ဆွေးနွေးပြောကြားရာတွင် ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချနေသော မုန့်များတွင် စားသုံးသူကျောင်းသား/သူများ မသိ နားမလည်သော တရုတ်စာ၊ ထိုင်းစာများဖြင့် ရေးသားထားသောမုန့်များကိုသာ အများဆုံး ရောင်းချနေသည်ကိုတွေ့ရှိရပါကြောင်း၊ ဈေးများတွင်ရောင်းချနေသော ကြက်သွေး၊ ဝက်သွေး၊ ဘဲသွေး၊ အမဲသွေး၊ ပဲသွေးများတွင် တာရှည်ခံဓာတုဆေးများ ပါဝင်မှုရှိ/မရှိကို အဖွဲ့အနေဖြင့် စစ်ဆေးသွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထွန်းမှ ပြန်လည်ဖြေကြားရာတွင် ၂၀၁၄ ခုနှစ်၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေတွင် အခြားနိုင်ငံမှ တင်သွင်းသော လူသုံးကုန်/စားသောက်ကုန်များတွင် စားသုံးသူပြည်သူများ နားလည်သောမြန်မာဘာသာနှင့်အခြားဘာသာ စကားတစ်ခုတွဲ၍ ဖော်ပြရန် နည်းဥပဒေ ထွက်ပေါ်လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ တိုင်းတာဝန်ခံ ဒေါက်တာဟိန်းမင်းထက်အောင်မှ ရှင်းလင်းဆွေးနွေးရာတွင် ထားဝယ်မြို့ပေါ်ရှိ ဈေးများအတွင်း ရောင်းချနေသော ပဲပြားဆိုင်များအား စစ်ဆေးရာတွင်ဖော်မလင် တာရှည်ခံဆေးများ အသုံးပြုထားသည်ကိုတွေ့ရှိရသည့်အတွက် ရောင်းချသည့် ဆိုင်များအား နောက်နောင်ရောင်းချခြင်းမပြုရန် ခံဝန်ကတိ ရေးထိုးစေပြီး ပစ္စည်းများကို အဖွဲ့ဖြင့် သိမ်းဆည်းဖျက်ဆီးခဲ့ပါကြောင်း၊ ဆက်လက်ပြီး မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဈေးများအတွင်း ရောင်းချနေသော ကြက်သွေး၊ ဝက်သွေး၊ ဘဲသွေး၊ အမဲသွေး၊ ပဲသွေးများတွင် တာရှည်ခံ ဓာတုဆေးများ ပါဝင်မှု ရှိ/မရှိကို ဆက်လက်စစ်ဆေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းမှ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီးသည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော တိုင်းတစ်ခုဖြစ်သည့်အတွက် ထိုင်းနိုင်ငံမှ တင်သွင်းလာသော အစားအသောက်၊ သစ်သီးဝလံနှင့် လူသုံးကုန်ပစ္စည်းများကိုသာအဓိကသုံးစွဲရသော တိုင်းတစ်တိုင်းဖြစ်ပြီး၊ တစ်ဖက်နိုင်ငံမှ တင်သွင်းလာသောလူသုံးကုန်/စားသောက်ကုန်ပစ္စည်းများအား စားသုံးသူပြည်သူများအနေဖြင့်ဘေးဥပဒ် အန္တရာယ်ကင်းရှင်းရေးအတွက် အမြဲမပြတ်စစ်ဆေးရန် လိုအပ်ပါကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့်လည်း ရောင်းချသည့် ဆိုင်များကို စဉ်ဆက်မပြတ် စစ်ဆေးသွားရန် လိုအပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

**ရွှေဝယ်သား**

# ယခုနှစ်အတွက် Property Guru Myanmar Property Awards 2018 မှ ချီးမြင့်သည့် ဆု ၅ ဆုကို Naing Group မှ ရရှိ

ယခုနှစ်အတွက် နိုင်ငံ့အကောင်းဆုံး အိမ်ရာလုပ်ငန်းများနှင့် ပရောဂျက်များအား ရွေးချယ်ဆုချီးမြင့်သည့် PropertyGuru Myanmar Property Awards 2018 ဆုပေးပွဲတွင် Naing Group Construction မှ ဆု ၅ ခုရရှိခဲ့ကြောင်း သိရသည်။




အဆိုပါဆုများမှာ Naing Group ကုမ္ပဏီမှဆောက်လုပ်ထားသော Kan Baw Za(KBZ) Tower မှ Best Mixed-Use Development ဆု၊ Best Condo Design ဆုရရှိခဲ့ပြီး Naing Group ဆူးလေတာဝါမှ Best Mixed-Use Development ဆု၊ Best Condo Design ဆုနှင့် Best Condo Interior Design ဆုများ ချီးမြှင့်ခြင်းခံခဲ့ရကြောင်း သိရသည်။

"ဒီကဏ္ဍဖွံ့ဖြိုးဖို့က Naing Group တွေရဲ့ယုံကြည်မှုက အရေးကြီးပါတယ်။ ဒီကဏ္ဍထဲမှာပဲ ရင်းနှီးမြှုပ်နှံသူတွေ၊ ပစ္စည်းသွင်းသူတွေ၊ ဝယ်သူတွေအစ ရှိတာတွေရှိမယ်။ ဒီဆုတစ်ခုကိုရရှိခဲ့ရင် မိမိတို့နဲ့ပတ်သတ်တဲ့သူတွေကို ယုံကြည်မှုတစ်ခုပေးနိုင်တဲ့အတွက် တန်ဖိုးကတော်တော်ကြီးပါတယ်"ဟု Naing Group ၏ Naing Group ဦးထင်အောင်လင်းက ပြောသည်။

အဆိုပါဆုများအတွက် ဆုရွေးချယ် ချီးမြှင့်ပွဲကို ယခုလဒုတိယအပတ်တွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ Property Guru Myanmar Property Awards သည် ၂၀၀၅ ခုနှစ်တွင် စတင်ခဲ့သော ဒေသဆိုင်ရာ PropertyGuru Myanmar Property Awards ပရိုဂရမ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကမ္ဘာ့နံပါတ် (၅) အကြီးဆုံး ဘဏ္ဍာရေးနှင့် စာရင်းအင်းလုပ်ငန်းဖြစ်သည့် BDO ၏ အတွေ့အကြုံရင့် အကဲဖြတ်မှုနှင့်အတူ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆုပေးပွဲသည် တက်သစ်စနှင့် ထိပ်သီးအိမ်ခြံမြေလုပ်ငန်းများမှ အကောင်းဆုံး အိမ်ခြံမြေလုပ်ငန်းရှင်များ၊ စီမံကိန်းများနှင့် ဒီဇိုင်းများအား ရွေးချယ်ဆုချီးမြှင့်သည့် အိမ်ခြံမြေဆုပေးပွဲတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**ချောစု**

# ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဒုတိယအကြိမ် B4B Insights Forum ပြုလုပ်မည်

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဦးဆောင်၍ ပြည်တွင်းစီးပွားရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ကြုံနေရသော အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းအဖြေရှာကာ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား ပေါင်းကူးဆက်သွယ်၍ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စေရန်အတွက် ဒုတိယအကြိမ် B4B Insights Forum ကို ဩဂုတ် ၂၅ ရက်နှင့် ဩဂုတ် ၂၆ ရက်တို့တွင် ရန်ကုန်မြို့၊ မြန်မာနိုင်ငံကုန်သည်စက်မှု အသင်းချုပ်ရုံး၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါဖိုရမ်တွင် ခရီးသွားလုပ်ငန်း၊ ကုန်စည်နှင့်ဝန်ဆောင်မှု လုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ မော်တော်ယာဉ်လုပ်ငန်း၊ စားသောက်ကုန်၊ အထည်ချုပ်လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေး၊ ကျန်းမာရေး၊ သတင်းအချက်အလက် နှင့်နည်းပညာ၊ ကျပ်ငွေလဲလှယ်နှုန်း စသည့် ကဏ္ဍများအပေါ် သဘောထားအမြင်များ၊ လက်ရှိဖြစ်ပေါ်နေသည့် အခက်အခဲများ၊ ရှေ့ဆက်ဆောင်ရွက်လိုသည့်လုပ်ငန်းစဉ်များကို စီးပွားရေး နယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်များမှ ဆွေးနွေးပြောကြားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ လက်ရှိပြဋ္ဌာန်းကျင့်သုံးလျက်ရှိသော ဥပဒေများ၊ နည်းဥပဒေများ၊ ပေါ်လစီမူဝါဒများနှင့်စပ်လျဉ်း၍ ပညာရှင်များမှ အကြံပြု ဆွေးနွေးသုံးသပ်တင်ပြမည် ဖြစ်ပါသည်။

ယခုဖိုရမ်ကို စီးပွားရေး နယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်တွင်း/ပြည်ပစီးပွားရေး မိတ်ဖက်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်လျက်ရှိသော နိုင်ငံခြားကုမ္ပဏီများမှ ပုဂ္ဂိုလ်များ တက်ရောက်နိုင်မည်ဖြစ်ပြီး ကုန်သည်စက်မှုအသင်းချုပ်၊ အသင်းသားရေးရာဌာန၊ ဖုန်း ၀၁-၂၃၁၃၃၄၄-၄၉ လိုင်းခွဲ-၁၁၈၊၁၄၀၊ ၀၉-၄၅၀၂၀၀၃၄၀၊ အီးမေးလ်- ma@umfcci.com.mm သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# နည်းပညာအဆင့်မြင့် ဇိမ်ခံကားများကိုပြသမည့် ကားအရောင်းပြပွဲ ကျင်းပမည်

နည်းပညာအဆင့်မြင့်သည့် ဇိမ်ခံကားကောင်းများကိုပြသမည့် CarsDB LuxuryAutoShow2018 ကားအရောင်းပြပွဲကို ဩဂုတ်လ ၂၅ မှ ၂၆ ရက်အထိ ရန်ကုန်မြို့ရှိ Novotel Hotel တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပွဲကိုပြည်တွင်းကားဈေးကွက် တိုးတက်စေရန်နှင့် တစ်နေရာထဲတွင် လွယ်လွယ်ကူကူ လေ့လာနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"CarsDB က ကားဟောင်းတွေနဲ့ ကားသစ်တွေကို အွန်လိုင်းပလက်ဖောင်းကနေ အရောင်းအဝယ် ပြုလုပ်နိုင်အောင် လုပ်ပေးနေပါတယ်။ ကားတွေကို အပြင်မှာ မျက်မြင်တွေ့ပြီး ရွေးချယ်လို့ရမယ့်ဟာကို ပြီးခဲ့တဲ့နှစ်က ရန်ကုန်နဲ့ မန္တလေးမှာ လုပ်ပြီးပါပြီ။ နှစ်ပွဲပေါင်းကို ကားစီးရေ ရာနဲ့ချီရောင်းရသလို ယူအက်စ်ဒေါ်လာသန်းပေါင်း များစွာ ရရှိခဲ့ပါတယ်။ အခုဇိမ်ခံကားတွေ ပါဝင်တဲ့ ကားပြပွဲကို ကျင်းပပေးရတာက မြန်မာနိုင်ငံရဲ့ ကားနဲ့ပတ်သက်တဲ့ဈေးကွက် တိုးတက်စေချင်သလို တစ်နေရာတည်းမှာ လွယ်လွယ်ကူကူလေ့လာ ကြည့်ရှုနိုင်အောင် ရည်ရွယ်တာပါ။ စိတ်ဝင်စားတဲ့ ကားတွေကိုလည်း စမ်းသပ်မောင်းနှင်လို့ရအောင် အရစ်ကျစနစ်နဲ့ဝယ်ချင်ရင်လည်း ဝယ်လို့ရအောင် စီစဉ်ပေးထားပါတယ်"ဟု CarsDB မှ ကိုဆောင်းဦးကိုကိုက ပြောသည်။

အဆိုပါပွဲကို Luxury ကားကြိုက်သူများ စိတ်ဝင်စားသူများအတွက် ပြုလုပ်ပေးခြင်းဖြစ်ပြီး ပရိမိုးရှင်းအနေဖြင့် Service Charges လျှော့ပေးခြင်းများကို ပါပြုလုပ်သွားရန် စီစဉ်နေကြောင်း၊ Cars DB Luxury Auto Show 2018 ကားအရောင်းပြပွဲတွင် ကမ္ဘာကျော် ဇိမ်ခံကားအမှတ်တံဆိပ်များဖြစ်သည့် Mercedes-Benz, Jaguar, Land Rover, Ford, Volvo နှင့် Peugeot ကားများကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# ကမ္ဘာ့ဂင်းနစ်စံချိန်ချိုးနိုင်ရန်အတွက် သွားနှင့်ခံတွင်း ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကျင်းပ

သွားနှင့်ခံတွင်းကျန်းမာရေးအသိ ပညာတိုးတက်ရေးအတွက် ဆစ်ဂနယ်မှ ကျင်းပသည့် ဂင်းနစ်စံချိန်တင် ကမ္ဘာ့အကြီးဆုံး သွားနှင့်ခံတွင်းကျန်းမာရေးအ သိပညာပေးဟောပြောပွဲကြီးကို ဩ ဂုတ်လ ၁၇ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပခဲ့သည်။

အဆိုပါပွဲကျင်းပရခြင်းမှာ သွားပိုး ပေါက်ကင်းစင်သော အနာဂတ်ဖော် ဆောင်ရာတွင် အထောက်အကူပြုစေ ရန်နှင့် ဂင်းနစ်စံချိန်တင် ကမ္ဘာ့အကြီး ဆုံး သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲမှာ ဂင်းနစ်စံချိန်တင်ဖို့အတွက် အပိုင်းသုံးပိုင်းခွဲပြီးပြောပြတာပါ။ သွားရောဂါနဲ့ပတ်သက်ရင် သွားပိုးစားရောဂါနဲ့ သွားဖုံးရောဂါက လူကြီးရော လူငယ်မှာပါအဖြစ်များကြတယ်။ အဲဒါကြောင့် သွားနှင့်ခံတွင်းကျန်းမာရေးကို ဟောပြောပွဲလာတဲ့ ကလေးတွေသာမက တစ်နိုင်ငံလုံးသိရှိအောင်၊ ကမ္ဘာ့ဂင်း နစ်စံချိုးနိုင်အောင် ဒီပွဲကို ကျင်းပပေးတာပါ။ နောက်ပြီး သွားနဲ့ သွားဖုံးရောဂါရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကို သိရှိပြီး ဆင်ခြင်နိုင်အောင်လုပ်ပေးတာပါ"ဟု Unilever မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံဆိုင်ရာ ဒုတိယဥက္ကဋ္ဌဖြစ်သူ Srikanth Srinivasamadhavan က ပြောသည်။

အဆိုပါဟောပြောပွဲတွင် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းနှင့်အတူ သယ်န်းကျွန်းမြို့နယ်နှင့် တာမွေမြို့နယ်ရှိအခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူပေါင်း (၂၅၀၀) တို့ ပူးပေါင်းပါဝင်ကြသလို တစ်သီးပုဂ္ဂလ မျက်မြင်သက်သေနှစ်ဦး၊ အချိန်စောင့်ကြည့်မှတ်သားသူ နှစ်ဦးအပြင် အားကစားနှင့် ကာယသိပ္ပံဦးစီးဌာနမှ နည်းပြအယောက် ၅၀ တို့မှ ကြီးကြပ်စောင့်ကြည့်သူများအဖြစ် စံချိန်ချိုးပွဲအား ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ချောစု**

# ပြည်တွင်းရှိ လူငယ်များ၌ အသိအမှတ်ပြုလက်မှတ်များ ကိုင်ထားပြီး လုပ်ငန်းခွင်အတွင်း လုပ်ကိုင်နိုင်သူ နည်းပါးနေသေး


ပြည်တွင်းရှိလူငယ်များတွင် အသိအမှတ်ပြုလက်မှတ်များ ကိုင်ဆောင်ထားသော်လည်း လုပ်ငန်းခွင်တွင် လက်တွေ့လုပ်ကိုင်နိုင်သူနည်းပါးနေသေးကြောင်း သိရသည်။

လုပ်ငန်းခွင်အတွင်းရှိလူငယ်များမှာ သင်တန်းတက်၍ Certificate ယူထားသည်များရှိပြီး လက်တွေ့လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နိုင်စွမ်း နည်းပါးနေသေးကြောင်း၊ ထို့အပြင် အသိအမှတ်ပြုလက်မှတ်ကိုင်ထားနိုင်ပါက အလုပ်လျှောက်ရာတွင် ပိုမိုလွယ်ကူသည်ဟု ထင်မြင်နေကြကြောင်း သိရသည်။

"ကျွမ်းကျင်လုပ်သားတွေ မွေးထုတ်တဲ့နေရာမှာ Certificate ကို ပြောတာလား Diploma ကို ပြောတာလားဆိုတာလည်း အရေးကြီးတယ်။ အရေအတွက်အရပြောရရင်အများကြီးပဲ။ အားလုံးက Diploma ဆို သဘောကျကြတယ်။ သူတို့ထင်တာက လုပ်ငန်းခွင် ထဲသွားဖို့အတွက် Diploma လက်မှတ်ကိုင်ထားရင် အလုပ်ရကြမယ်ထင်ကြတယ်။ တကယ်က လုပ်ငန်းရှင်တွေ လိုချင်တာလက်မှတ်မဟုတ်ဘူး။ အသုံးဝင်မှုကို လိုချင်တာ။ လက်ရှိတော့ ကျွန်တော်တို့ဆီက ကလေးတွေ တော်တော်များများမှာ အဲဒီအတွေးက ရှိနေတုန်းပဲ။ လက်မှတ်ရရင် အလုပ်ရမယ်ထင်တာ။ အဲဒါကလည်း အရေအတွက်အရ များတယ်။ တကယ်တမ်း လုပ်ငန်းခွင်ထဲမှာ တန်းသုံးလို့ရတဲ့ Level က နည်းနေသေးတယ်"ဟု Amara Consulting မှ Founder and HR Consultant ကိုရာဇာစိုးက ပြောသည်။

လက်ရှိတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့်သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး တချို့သောလူငယ်များမှာ သင်တန်းဆင်းလက်မှတ်များရရှိပြီးသော်လည်း လုပ်ငန်းခွင်သို့ဝင်ရောက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်နေသလို သင်တန်းဆင်းလက်မှတ်ရှိပြီး လုပ်ငန်းခွင်ဝင်ရောက်ရန် အဆင်သင့်မဖြစ်သေးသူများလည်းရှိကြောင်း၊ တချို့သောလုပ်ငန်းများမှာလည်း ဝန်ထမ်းများခေါ်ယူရာတွင် လုပ်ငန်းတတ်ကျွမ်းနားလည်မှုထက် အသိအမှတ်ပြုလက်မှတ်များ ပါဝင်မှုကို အဓိကထားခေါ်ယူမှုများ ရှိနေကြောင်း သိရသည်။ **ချောစု**

# ကုန်သွယ်မှုဖွံ့ဖြိုးရေး လေ့လာရေးခရီးမှသည်… ကုန်သွယ်မှု သတင်းအချက်အလက်များ မှန်ကန်စွာသိရှိစေဖို့



|မောင်လင်းအောင် (DOCA)|

ဒေသခံပြည်သူများ ကုန်သွယ်မှုသတင်းအချက်များ မှန်ကန်စွာ သိရှိစေရေး ဆွေးနွေးခြင်းနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်စေရေးအတွက် ဩဂုတ် ၁၃ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းသည် မကွေးတိုင်းဒေသကြီးဦးစီးမှူး၊ ပခုက္ကူခရိုင်ဦးစီးမှူး၊ မြိုင်မြို့နယ် လျှော်ဖြူအသင်းမှ အတွင်းရေးမှူး ဦးသန့်စင်နှင့် အဖွဲ့ဝင်များ လိုက်ပါကာ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ စတင်၍ မြိုင်မြို့နယ်၊ ကန်ယာကောင်း ကျေးရွာရှိတောင်သူဦးကျော်လှိုင် စိုက်ပျိုးထားသည့် (၁၃၁) ဧက ကျယ်ဝန်းသော လျှော်ဖြူခြံသို့ သွားရောက်လေ့လာခဲ့ကြပါသည်။ ဒုတိယ ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါ လျှော်ဖြူခြံအတွင်းရှိ နားနေဆောင်တွင် လျှော်ဖြူစိုက်ပျိုးထားရှိသည့် ဒေသခံတောင်သူ ၂၅ ဦးခန့်နှင့် တွေ့ဆုံကာ လျှော်ဖြူစိုက်ပျိုးထားရှိမှုအခြေအနေများ၊ အသင်းဖွဲ့စည်းထားရှိမှုအခြေအနေများအား မေးမြန်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် လျှော်ဖြူကို အပူပိုင်းဇုန်၏ မဟာဗျူဟာသီးနှံအဖြစ် ထည့်သွင်းသတ်မှတ်၍ လျှော်ဖြူကဏ္ဍ အောင်မြင်တိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိပြီး လျှော်ဖြူကဏ္ဍဖွံ့ဖြိုးစေရေးအသင်းအနေဖြင့် လုပ်ဆောင်ရမည့်လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ အသင်းဖွဲ့ပါက အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်နိုင်သူများ ပါဝင်ရမည်ဖြစ်ပြီး ခေါင်းဆောင်လုပ်သူအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဝင်စားမှုရှိကာ ဦးဆောင်နိုင်သူဖြစ်ရမည်ဖြစ်ကြောင်း၊ ထို့နောက် အသင်းအနေဖြင့် ညီနောင်အသင်းများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအား အခက်အခဲများနှင့် သိလိုသည်များ မေးမြန်းဆွေးနွေးစေပြီး လက်ရှိအစေးထုတ်လုပ်လျက်ရှိသည့် လျှော်ဖြူ(၁၀) ဧကစိုက်ခင်းသို့ သွားရောက်ကြည့်ရှုခဲ့ပါသည်။ ထို့နောက် စိုက်ပျိုးထုတ်လုပ်သူ ဦးတင်လှိုင်နှင့် ဦးဇော်လင်းထွဋ်တို့က လျှော်ဖြူစိုက်ပျိုးထုတ်လုပ်မှုနှင့် အစေးထုတ်ယူနေမှု အခြေအနေများနှင့် ပတ်သက်၍ လာရောက်လေ့လာကြသူများအား ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းနှင့် ဝန်ထမ်းများသည် နေ့လယ်(၁း၀၀)တွင် ပခုက္ကူမြို့နယ်၊ ကိုင်းစံပြ ကျေးရွာတွင်ကျင်းပသော ဒေသခံတောင်သူများ ကျွဲ၊ နွားများပြည်ပတင်ပို့မှုနှင့် စပ်လျဉ်း၍ ကုန်သွယ်မှုသတင်းအချက်အလက်များ မှန်ကန်စွာသိရှိနိုင်ရေး အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲ၌ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကျွဲ၊ နွားတင်ပို့မှုနှင့် ဈေးကွက်အခြေအနေအကြောင်း သိကောင်းစရာများ ဆွေးနွေးခဲ့ပြီး၊ စိုက်ပျိုးထုတ်လုပ် မွေးမြူသူများသည် မိမိထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ကောင်းကောင်းရရှိစေရန် အရည်အသွေးကောင်းရန် လိုအပ်ကြောင်း၊ ယခင်က နွားတစ်ကောင်ကိုတရားမဝင် ရောင်းချရာတွင် ကျပ်(၇-၈)သိန်းခန့်သာ ဈေးရရှိပြီး ယခုအခါ တရားဝင်တင်ပို့ ရောင်းချခွင့်ရရှိသည့်အတွက် ကျပ်(၁၂)သိန်းမှ(၁၈)သိန်းအထိ တိုးမြှင့်ရရှိကြောင်း၊ ကျွဲ၊ နွားဈေးကွက်ကောင်းမှသာလျှင် မွေးမြူသူတောင်သူများစွာ အကျိုးရှိဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးသော တောင်သူများသည် မိုးလေဝသကို မျှော်မှန်းစိုက်ပျိုးရသည့်အတွက် စိုက်ပျိုးထွက်ရှိမှုအခြေအနေမှာ ခန့်မှန်း၍မရကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်း၊ နှစ်ရှည်ပင် သီးနှံစိုက်ပျိုးခြင်းလုပ်ငန်းတို့ကိုပါ တွဲဖက်၍ လုပ်ဆောင်သင့်ကြောင်း၊ အကယ်၍ မွေးမြူရေးလုပ်ငန်းများသည် တရားဝင်တင်ပို့ခွင့် ပိတ်သွားမည်ဆိုပါက ကျွဲ၊ နွားမွေးမြူသူများမှာ ဈေးကွက်နိမ့်ကျပြီး နစ်နာဆုံးရှုံးသွားမည်ဖြစ်ကြောင်း၊ တရားဝင်တင်ပို့ခွင့်မရလျှင်လည်း ကျွဲ၊ နွားများကို နယ်စပ်ဒေသများ ( ဥပမာ- မူဆယ်၊ မြဝတီ၊ တာချီလိတ်) စသည့် နယ်စပ်တရားမဝင် လမ်းကြောင်းများမှ မှောင်ခိုလမ်းကြောင်းဖြင့် သွားနေကြောင်း၊ မှောင်ခိုလမ်းကြောင်းများကို တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်၊ ရသင့်ရထိုက်သည့် အခွန်အခများကိုလည်း နိုင်ငံတော်မှရရှိစေရန်၊ မွေးမြူထုတ်လုပ်သူများလည်း ဈေးကောင်းရရှိစေရန်၊ နိုင်ငံတော်မှ တရားမဝင်တင်ပို့မှုကို ၂၀၁၇ ခုနှစ် အောက်တိုဘာလ (၉) ရက်နေ့တွင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ် ကျွဲ၊ နွားများ တင်ပို့မှုသည် ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်သည်ကို တွေ့ရကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် ပခုက္ကူခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးတို့က စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်မှုလုပ်ငန်း များနှင့်ပတ်သတ်၍ ဆွေးနွေးရှင်းလင်းခဲ့ကြပြီး တောင်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းတွင် မုတ်သုံမိုး ဆက်လက်ရွာသွန်းမည်



အပူပိုင်းမုန်တိုင်း နှစ်ခုကြောင့် ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း လူဇုန်ကျွန်းတွင် အနောက်တောင်မုတ်သုံမိုးများ ဆက်လက် ရွာသွန်းခဲ့သည်။ ဩဂုတ်၁၆ ရက်က မိုးသည် အနည်းငယ်မျှသာ ရွာသွန်းရာမှ နိုင်ငံ၏ အချို့နေရာများတွင် တစ်ခါတစ်ရံ သည်းထန်စွာ ရွာသွန်းခဲ့သည်ဟု သိရသည်။

ဩဂုတ် ၁၆ ရက် နံနက် ၄ နာရီ ထုတ်ပြန်ချက်အရ အပူပိုင်း မုန်တိုင်း ဘီဘင်ကာသည် မြောက်ပိုင်း လူဇုန်ကျွန်း၏ မြောက်ပိုင်း ကီလိုမီတာ ၁၂၈၀ အကွာသို့ ရောက်ရှိနေပြီး အပူပိုင်းမုန်တိုင်း ရမ်ဘီယာသည် မြောက်ပိုင်း လူဇုန်ကျွန်း၏ အရှေ့မြောက်မြောက် ကီလိုမီတာ ၁၀၈၅ အကွာသို့ ရောက်ရှိနေကြောင်း ဖိလစ်ပိုင်နိုင်ငံ လေထု၊ ဘူမိရူပနှင့် အာကာသ လုပ်ငန်းအုပ်ချုပ်ရေးအဖွဲ့ (PAGASA) ကပြောသည်။

ဘာဘင်ကာနှင့် ရမ်ဘီယာ မုန်တိုင်းနှစ်ခုစလုံးသည် ဖိလစ်ပိုင်နိုင်ငံ၏ Philippine Area of Responsibility (PAR) ဟု ခေါ်သောနယ်မြေ၏ ပြင်ပတွင်ရှိနေသည်။

ကော်ဒီလာရာ အုပ်ချုပ်ရေးဒေသ၊ အိုင်လိုကော့ ပြည်နယ်၊ ဘာတိန်းနှင့် ဘာဘူယန် ကျွန်းစုတို့တွင် မိုးတိမ်ထူထပ်နေပြီး နေရာအနှံ့ မိုးရွာသွန်းရာမှ အနောက်တောင် မုတ်သုံလေကြောင့် တစ်ခါတစ်ရံ မိုးသက်မုန်တိုင်းများကျမည်ဟု မိုးလေဝသပြန်ရိုက ခန့်မှန်းထားသည်။

ဇီဆာရာ၊ ကရာဂါ၊ ဒါဘာအိုဒေသနှင့် မြောက်ပိုင်း မင်ဒါနာအိုဒေသတို့တွင် တိမ်ထူကာ နေရာအနှံ့ မိုးရွာပြီး လေဖိ အားနည်းရပ်ဝန်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းနိုင်သည်။ မနီလာမြို့တော်နှင့် နိုင်ငံအတွင်းရှိ ကျန်ဒေသများတွင် မိုးတိမ် ထူထပ်ကာ နေရာကျဲကျဲ မိုးရွာသွန်းပြီး နေရာအလိုက် မိုးကြိုး မုန်တိုင်းများ ကျဆင်းနိုင်သည်။

**စံမီအောင်**

# အိန္ဒိယနိုင်ငံတွင် မုတ်သုံရာသီဥတုကြောင့် သေဆုံးသူဦးရေ တစ်ထောင်နီးပါးရှိ

ဇူလိုင် မုတ်သုံရာသီ စတင်ချိန်မှစ၍ အိန္ဒိယနိုင်ငံ ပြည်နယ်ကိုးခုတွင် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများကြောင့် လူ ၉၀၀ သေဆုံးခဲ့ကြောင်း အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောသည်။ အချို့နေရာများတွင် စုစုပေါင်း မိုးရွာသွန်းမှုသည် ပျမ်းမျှမိုးရွာသွန်းမှုထက် ၃၀ ရာခိုင်နှုန်းပိုမိုခဲ့သည်။

မိုးသည်းထန်မှုကြောင့် နိုင်ငံမြောက်ပိုင်းမှ တောင်ပိုင်း အထိ ကျယ်ပြန့်လှသော နယ်မြေအတွင်း၌ ဆုံးရှုံးပျက်စီးမှုများ ဖြစ်ပွားသည့်အပြင် ရေလွှမ်းမိုးမှုနှင့်မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်။ မြောက်ပိုင်းပြည်နယ်ကေရာလတွင် နှစ်ပေါင်း ၉၀ အတွင်း မိုးရွာသွန်းမှုအများဆုံး ဖြစ်ခဲ့ပြီး ဩဂုတ် ၁၅ ရက်အထိ စာရင်းအရ ရေလွှမ်းမိုးမှုကြောင့်လူ ၂၁၇ ဦးသေဆုံးခဲ့သည်။

လေယာဉ်ပြေးလမ်းတွင် ရေလွှမ်းမိုးမှုကြောင့် ကိုချီ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုပိတ်ထားခဲ့ရသည်။ ကေရာလပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် အိမ်ရာပေါင်းများစွာ ပျက်စီးခဲ့ပြီး ဒေသခံ ၁၅၀၀၀၀ခန့်ကို နေရာရွှေ့ပြောင်းပေးခဲ့ရသည်။

ကေရာလနှင့် တောင်ပိုင်းဒေသ အခြားပြည်နယ်များတွင် ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဗဟို အစိုးရက ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များကို စေလွှတ်ခဲ့သည်။ မြောက်ပိုင်းပြည်နယ် ဟီမာချာပရာဒက်ရှ် ရှိ တောင်ထူထပ်ရာ ဒေသများတွင် ဩဂုတ် ၁၄ ရက်ကလူ ၂၀ ဦး သေဆုံးခဲ့သည်။

နောက်ထပ် ရက်သတ္တတစ်ပတ်ခန့်အထိ မိုးသည်း ထန်စွာဆက်လက် ရွာသွန်းဦးမည်ဖြစ်ကြောင်း ရာသီဥတုဆိုင်ရာ တာဝန်ရှိသူတို့က သတိပေးထားသည်။

**စံမီအောင်**

## ပဲခူးမြို့ပေါ်၌ မုန့်မျိုးစုံရောင်းဝယ်လျက်ရှိသော ဈေးဆိုင်များအား ရှောင်တခင်ဝင်ရောက်စစ်ဆေး

ပဲခူးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် စားသုံးသူရေးရာ ဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူးနှင့် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူးတို့မှ ဦးဆောင်၍ ပဲခူးတိုင်း ဒေသကြီးဈေးကွက် စောင့်ကြည့်လေ့လာ စစ်ဆေးရေးအဖွဲ့မှ အဖွဲ့ဝင်များသည် ဩဂုတ် ၁၄ ရက်တွင် ပဲခူးမြို့ပေါ် ရှိမုန့်မျိုးစုံ လက်လီလက်ကားရောင်းဝယ် ဖြန့်ဖြူးနေသော ကုန်စုံဆိုင်ကြီးများအား ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ကြော်ငြာထားသော စားသုံးရန်မသင့်သော အစားအသောက်များ၊ အညွှန်းစာသား မပြည့်စုံသော စီးကရက်ပုံမုန့်များ၊ သက်တမ်းလွန်အစားအသောက်များနှင့် တချို့ကုန်စုံဆိုင်များ၌ နိုင်ငံခြားဆေးများ ရောင်းချခွင့် လိုင်စင်မရှိဘဲ ရောင်းချနေကြောင်း တွေ့ရှိရသဖြင့် အဖွဲ့မှ ရောင်းချနေသော ဆေးများကို သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဆန်းဝင်း(ပဲခူး)**

## ဇူလိုင်လအတွင်း စားသုံးရန်မသင့်သော စားသောက်ကုန်များ ရောင်းချမှုအားကွင်းဆင်းစစ်ဆေးဆောင်ရွက်မှု

ချင်းပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ဟားခါးမြို့၊ မြို့ပေါ် ကုန်စုံဆိုင်၊ ဆေးဆိုင်များကို ဇူလိုင် ၁၁ ရက်တွင် စားသုံးသူရေးရာ ဦးစီးဌာန၊ ချင်းပြည်နယ် ဦးစီးမှူးရုံးမှ ခေတ္တပြည်နယ်ဦးစီးမှူး ဦးသောင်းကြိုင် (ဦးစီးအရာရှိ)ဦးဆောင်ပြီး ဝန်ထမ်း ၃ ဦး အပါအဝင် အခြားဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် အားကစားနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ စားသုံးရန် မသင့်ကြေညာထားသော စားသောက်ကုန်ပစ္စည်းများနှင့်ရက်လွန် စားသောက်ကုန်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိကို ကွင်းဆင်း စစ်ဆေးခြင်း၊ ဇူလိုင် ၂၅ ရက်က မင်းတပ်မြို့နယ်တွင် စားသုံးသူရေးရာ ဝန်ထမ်းများနှင့် အခြားမိတ်ဖက်ဌာနဆိုင်ရာအဖွဲ့များ ပူးပေါင်း၍ မြို့ပေါ် ကုန်စုံဆိုင်၊ ဆေးဆိုင်များ စစ်ဆေးခြင်း၊ ဇူလိုင် ၂၆ ရက်တွင် ပလက်ဝမြို့နယ်တွင် စားသုံးသူရေးရာဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့် ကြေညာထားသော စားသောက်ကုန် ပစ္စည်းများနှင့် ရက်လွန် စားသောက်ကုန်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိကို ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဒါဇလီ**

## မိတ္ထီလာမြို့ ပညာရေး ကောလိပ်ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောပွဲကျင်းပ

မိတ္ထီလာခရိုင် မိတ္ထီလာမြို့ ပညာရေး ကောလိပ်ကျောင်းတွင် ဩဂုတ် ၁၀ ရက်က မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြော ဆွေးနွေးပွဲကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲသို့ မိတ္ထီလာခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ မိတ်ဖက်ဌာန ဖြစ်သည့် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာန (FDA)မှ ဝန်ထမ်းများ၊ ကျောင်းရှိဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ အပါအဝင် အင်အား ၄၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲသို့ စားသုံးသူ ရေးရာဦးစီးဌာန၊ မိတ္ထီလာခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးကျော်မြင့်မှ စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာများ၊ ဥပဒေပါကိစ္စရပ်များ၊ စားသုံးသူ အခွင့်အရေးများ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ လုံခြုံစိတ်ချရမှုရှိသော အစားအစာများကို ရွေးချယ်ဝယ်ယူ စားသုံးသင့်ကြောင်း၊ ကုန်စည်နှင့်ဝန်ဆောင်မှုအပေါ် ဝယ်ယူ သုံးစွဲရာတွင် နစ်နာဆုံးရှုံးမှုများ ရှိပါကတိုင်ကြားနိုင်သည့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ(CICC)ရုံးဖွင့် လှစ်ထားကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ပါသည်။

ဆက်လက်၍ မိတ်ဖက်ဌာန ဖြစ်သည့် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာန (FDA)မှ ဒေါက်တာ ကျော်သန်းရွှေကလည်း စားသုံးသူများအား ဆိုးဆေး အန္တရာယ်ရှိသော စားသောက်ကုန်များ အကြောင်း၊ စပ်ဆေးများအကြောင်းနှင့် အလှကုန်များ အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား ၊ ကျောင်းသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများမှ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **မူမူသန်း(မိတ္ထီလာ)**

## မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ ညောင်ချောင်းကျေးရွာ စိုက်ပျိုးပညာပေးစခန်းတွင် လက်ရှိဖြစ်ပေါ်နေသော ပဲဈေးကွက် အခြေအနေနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ ညောင်ချောင်းကျေးရွာ စိုက်ပျိုးပညာပေးစခန်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှူးကြီးမှူး၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး ပဲ၊ နှမ်းကုန်သည်အသင်းတို့ ပူးပေါင်းကျင်းပသည့် လက်ရှိဖြစ်ပေါ်နေသော ပဲဈေးကွက် အခြေအနေနှင့် ဈေးကွက်ဝင်သီးနှံ စိုက်ပျိုးရေး၊ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောပွဲကို ဩဂုတ် ၁၄ ရက်တွင် အစီအစဉ်(၇)ရပ်ဖြင့် အောင်မြင်စွာ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ တောင်သူ ၂၂၃ ဦး တက်ရောက်ပြီး ဓနုဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးမှ အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်မှ လက်ရှိဖြစ်ပေါ်နေသော မတ်ပဲဈေးကွက် အခြေအနေနှင့် အစားထိုးစိုက်ပျိုးသင့်သော ဈေးကွက်ဝင် ပဲတီစိမ်း၊ မြေပဲ၊ ပဲပုပ်တို့၏ ဈေးကွက်ရရှိမှုနှင့် ဈေးကွက်ခိုင်မာမှုများအပြင် စားသုံးသူရေးရာ အကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒု-တိုင်းဦးစီးမှူး ဦးဌေးလွင်မှ စိုက်ပျိုးရေးနှင့် မြေပြင်အခြေအနေ၊ ဈေးကွက်ဝင်သီးနှံများနှင့် စိုက်ပျိုးသင့်သော သီးနှံများအကြောင်းကို အကျယ်တဝင့် ပြောကြားခဲ့ပြီး တက်ရောက်လာသူများမှ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများကရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း လေ့လာသိရှိရပါသည်။

**CONSUMER - MT**

## ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးရန်မသင့် သိမ်းဆည်းပစ္စည်းများအား ဒုတိယအကြိမ် မီးရှို့ဖျက်ဆီး

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၇/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ ဩဂုတ် ၁၀ ရက်နေ့တွင် ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနရုံးဝင်းအတွင်း စားသုံးရန်မသင့် သိမ်းဆည်းပစ္စည်းများအား ဒုတိယအကြိမ် မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရာ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ NGO၊ မိခင်နှင့်ကလေး အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စည်ပင်ဈေးကော်မတီအဖွဲ့ဝင်များ၊ စားသုံးသူ ပြည်သူများ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ယင်းမာပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနသည် ခရိုင်အတွင်းရှိ ပုလဲမြို့၊ ယင်းမာပင်မြို့၊ ကနီမြို့၊ ဆားလင်းကြီး မြို့နယ်အတွင်း ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ မိတ်ဖက်ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဇူလိုင်လအတွင်း ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးခြင်း၊ ကျောင်းဈေး ရှောင်တခင် စစ်ဆေးခြင်းမှ တွေ့ရှိသည့် သက်တမ်းလွန်၊ မှိုတက် စားသောက်ကုန်ပစ္စည်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့် ကြော်ငြာထားသည့် ပစ္စည်းများအား ရောင်းချနေခြင်း၊ တွေ့ရှိသည်များကို သိမ်းဆည်း၍ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးတွင် တင်ပြပြီး အစည်းအဝေးဆုံးဖြတ်ချက်နှင့်အတူ စားသုံးသူ ပြည်သူများ ဘေးကင်းလုံခြုံစိတ်ချရမှု ရှိစေရန် မီးရှို့ဖျက်ဆီး မြေမြှုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့ (မြင်းမူ)**

## မော်လမြိုင်မြို့ အထက (၈) တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ



မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနနှင့် မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၃ ရက်က မော်လမြိုင်မြို့၊ အထက (၈) ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ဟောပြောပွဲတွင် မော်လမြိုင်မြို့ အ. ထ. က (၈) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးပိုင်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ခေတ္တပြည်နယ် ဦးစီးမှူး ဦးခင်အောင်သွင်မှ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများမှ စားသုံးသူထိခိုက်နစ်နာမှုအတွက် တိုင်ကြားနိုင်သည့်ကိစ္စရပ်များ၊ ဖြေရှင်း ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဌာန၏ website ဖြစ်သော www.doca.gov.mm သို့ ဝင်ရောက်တိုင်ကြားနိုင်မှု ပုံစံအဆင့်ဆင့်တို့အား ရှင်းလင်း ဆွေးနွေးဟောပြောခဲ့ပြီး မွန်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှပြည်နယ် တာဝန်ခံ ဒေါက်တာစိုးနိုင်မှ ‘အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်များ ဘေး အန္တရာယ်ကင်းစွာရွေးချယ် ဝယ်ယူစားသုံးနိုင်သည့် အမှုအကျင့်များ’ ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ပါသည်။ အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ အ. ထ. က (၈) မှ ဆရာမ၊ ကျောင်းသူစုစုပေါင်း ၆၅၇ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (မွန်)**

# မြိတ်မြို့နယ်ရှိ စာသင်ကျောင်း(၂)ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေး

ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဩဂုတ် ၁၄ ရက်တွင် မြိတ်မြို့နယ်၊ မြစ်ငယ်ရပ်ရှိ အခြေခံပညာ မူလတန်းကျောင်းနှင့် ချောင်းကူးငယ်ကျေးရွာရှိအခြေခံပညာမူလတန်းကျောင်းတို့၌ ကျောင်းသူ/သားများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများအသိပညာပေးခြင်းအပြင် ကျောင်းမုန့်ဈေးတန်း ကွင်းဆင်းစစ်ဆေးခြင်း ပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် မြိတ်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများက ဌာနတွင် ဆောင်ရွက်သည့် လက်ရှိ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများ၊ ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် တိုင်တန်းနိုင်သော အချက်အလက်များ၊ သုံးစွဲရန်မသင့်သည့် ဖော့ဘူး၊ ပလတ်စတစ်အိတ်များ၏ ဆိုးကျိုးအကြောင်းကိုလည်းကောင်း၊ ဓာတုဓာတ်ကြွင်းပါရှိသော သစ်သီးဝလံနှင့် ဆန်အကြောင်းများ၊ အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လုပ်ဆောင်ရမည့်အချက်များကိုဆွေးနွေးခဲ့ပါသည်။ အလားတူ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန် မသင့်သည့် ဆိုးဆေးများ၊ သက်တမ်းလွန်ကုန်ဆုံးသည့် စားသောက်ကုန်ပစ္စည်းများ၊ စားသုံးရန်မသင့်သည့် အစားအသောက်များ စသည်တို့ကို ဆွေးနွေးခဲ့ပြီးနောက် ကျောင်းမုန့်ဈေးတန်းများသို့ သွားရောက် စစ်ဆေးခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂၇၈ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **ကျော်ဝင်းနိုင်(မြိတ်)**

# မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများသို့ စားသုံးသူကာကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာ ဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယ ခရိုင်ဦးစီးမှူး၊ ဒေါ်ထားထားလှိုင်နှင့် ဝန်ထမ်းများသည် ဩဂုတ် ၁၇ ရက်တွင် ရွှေပြည်သာမြို့နယ်၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟော ပြောပွဲကို ကျင်းပခဲ့ပါသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး (ကိုယ်စား) တာဝန်ခံဆရာမ ဒေါ်သွင်အေးအေးခိုင်က အဖွင့်အမှာစကား ပြောကြားပြီးနောက် မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံး မှ ဒုတိယခရိုင်ဦးစီးမှူး၊ ဒေါ်ထားထားလှိုင်က ‘စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်’ဟူသော မျှော်မှန်းချက်နှင့်အညီ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေမှု၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ခရိုင်ဦးစီးမှူးရုံး (CICC )သို့ ကုန်စည်/ ဝန်ဆောင်မှုနှင့် ပတ်သက်၍ တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကျောင်းအတွင်း တာဝန်ရှိသူများမှ ကျောင်းမုန့် ဈေးတန်းအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရသည့် အမှတ်တံဆိပ်ပြည့်စုံသည့် မုန့်များကိုသာ ရောင်းချခွင့်ပြုရန်၊ သက်ဆိုင်ရာ ဌာနများမှ တားမြစ်ထားသည့် ဆေးဝါး၊ အစားအသောက်၊ လူသုံးကုန်၊ အသုံးအဆောင်ပစ္စည်းများနှင့် အခါအားလျော်စွာ အမိန့်ထုတ်ပြန်၍ တားမြစ်ထားသည့် ပစ္စည်းများကို ဝယ်ယူသုံးစွဲခြင်း မပြုရန်၊ Online မှရောင်းချသည့် ကုန်ပစ္စည်းများကို သေချာစွာ သတိပြုရွေးချယ်ဝယ်ယူသုံးစွဲရန်တို့ကို အကျယ်တဝင့် ဆွေးနွေးဟောပြောပြီးနောက် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ/ဆရာမများနှင့်အတူ ကျောင်းမုန့်ဈေးတန်းများသို့ သွားရောက်၍ လှည့်လည်ကြည့်ရှုစစ်ဆေး ပညာပေးခဲ့ပါသည်။

အလားတူ ရွှေပြည်သာမြို့နယ်၊ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရပါသည်။

အဆိုပါစားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲသို့ ဆရာ/ဆရာမ၊ ကျောင်းသူ/ကျောင်းသား စုစုပေါင်း ၇၇၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကေခိုင်မျိုးထွန်း (ရန်ကုန်)**

# ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာတွင် လက်ရှိပဲဈေးကွက် အခြေအနေ ဈေးကွက်ဝင် သီးနှံများစိုက်ပျိုးရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်၊ ခရိုင်ဦးစီးမှူး ဦးစိုးဦး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးဇော်နှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်း (ARCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်တို့ လိုက်ပါ၍ လက်ရှိဖြစ်ပေါ်နေသော ပဲဈေးကွက် အခြေအနေ ဈေးကွက်ဝင် သီးနှံများ ပြောင်းလဲစိုက်ပျိုးရေး အသိပညာပေးပွဲနှင့် စားသုံးသူအကာ အကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲကို ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာတွင် ဩဂုတ် ၁၀ ရက်က ကျင်းပပြုလုပ်ရာ ရေကြည်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအေးသိမ်း၊ မြို့နယ် ပဲ၊ နှမ်း အသင်းဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်၊ မြို့နယ်ကြိမ်၊ ဝါး အသင်းဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် ဒေသခံတောင်သူ ၁၀၅ ဦးခန့် တက်ရောက်ခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်က စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ အသိပညာပေး ဟောပြောဆွေးနွေးပြီး ပဲဈေးကွက်နှင့် ပတ်သက်၍လည်း “လက်ရှိမတ်ပဲ ဈေးကွက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းအရ ၂၀၁၇ ခုနှစ်မှစ၍ တောင်သူများ အရှုံးပေါ်နေပြီး ပြည်တွင်းစားသုံးမှုနှင့် ပြည်ပသို့တင်ပို့နေသော ပဲမျိုးစုံ၏ ဈေးနှုန်းဈေးကွက် အခြေအနေများကို တောင်သူများ သိရှိဖို့လိုအပ်ကြောင်း၊ စိုက်ပြီးခံစားခွင့်မရှိလျှင် တောင်သူများ အကျိုးအမြတ်မရနစ်နာသလိုကုန်သည်များလည်း ထိခိုက်မှုရှိ၍ နိုင်ငံတော်မှာလည်း ရသင့်ရထိုက်သော အခွန်အခများ ဆုံးရှုံးနစ်နာမှုရှိပြီး ယခင်အတိုင်း ဆက်စိုက်နေလျှင် နှစ်ခါအရှုံးပေါ်မှာဖြစ်သည့်အတွက် လက်ရှိဖြစ်ပေါ်နေသော မတ်ပဲဈေးကွက်အခြေအနေများကို တောင်သူများ အချိန်မီသိရှိစေရန် ယခုလို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာလာရောက်၍ Information ပေးခြင်းဖြစ်ကြောင်း၊ ၎င်းအပြင်ပဲလောက၏ ဈေးကွက်အခြေအနေအား တောင်သူများ အသေးစိတ်သိရှိစေနိုင်ရန်အတွက် Commerce Journal တွင် ပါရှိသော ပဲတို့၏ မာယာဆောင်းပါးအား ကျေးရွာအုပ်စုလိုက် တက်ရောက်လာသော တောင်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးဇော်က “လက်ရှိပဲဈေးကွက်အခြေအနေ၊ တောင်သူကုန်သည်များ အကျိုးအမြတ်ရရှိမှု ဈေးကွက်အနေအထားပေါ်မူတည်၍ ပြောင်းလဲစိုက်ပျိုးသင့်သည့် အလားအလာရှိသော ပဲအမျိုးအစားများအကြောင်း၊ ဈေးကွက်အခြေအနေအရ ပဲအမျိုးအစားတစ်မျိုးတည်း စိုက်ပျိုးခြင်းထက် ဈေးကွက်ရှိသည့် ပဲအမျိုးအစားများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း မတ်ပဲစိုက်ဧက ၁၀ သိန်းကျော်နှင့် ပဲတီစိမ်းစိုက်ဧက ၂ သိန်း ၃ သောင်းကျော်ရှိပြီး တောင်သူများ အဓိကအားထားလျက်ရှိသည့် မတ်ပဲဈေးကွက် ဈေးနှုန်းကျဆင်းမှုကြောင့် တောင်သူများနစ်နာမှုမရှိရအောင် ဈေးကွက်ဝင်သီးနှံများပြောင်းလဲစိုက်ပျိုးရေး (GAP) စနစ်အကြောင်း သိကောင်းစရာများ အပြင် စိုက်ပျိုးရေးနည်းပညာဗဟုသုတများအားအကျယ်တဝင့်ဟောပြော ဆွေးနွေးခဲ့ပါသည်။ **မင်းမင်းဦး၊ အေးသိမ်း**

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၈/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (၈/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ်လ (၁၄) ရက်၊ နံနက် (၁၀း၀၀) နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေး ခန်းမ (၃)၌ ကျင်းပခဲ့ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် SMEs အစည်းအဝေးတွင် FDA ၏ ထောက်ခံချက်ကိစ္စ ဆွေးနွေးညှိနှိုင်းခဲ့သည် သိရကြောင်း၊ မိမိတို့အဖွဲ့မှ ဝိုင်းဝန်းဆောင်ရွက် ပေးရန်ရှိက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဓာတုဆိုးဆေးရောင်းချသည့်ဆိုင်/လုပ်ငန်းရှင်များကိုခေါ်ယူ အသိပညာပေးမှုဆောင်ရွက်ရန် လိုအပ်ကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်ချို က (၇/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးခဲ့မှု အခြေအနေ၊ ဇူလိုင်လအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲနှင့် ကွင်းဆင်း စစ်ဆေးပညာပေးခြင်းများကို ကျောင်း၊ ဈေး၊ စက်မှုဇုန်လုပ်ငန်း/ နေရာ၊ ပြည်သူလူထု (မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ) တို့တွင် ဆောင်ရွက်ခဲ့သည့်အခြေအနေ၊ ဓာတုပစ္စည်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဒဂုံမြို့သစ် (မြောက်ပိုင်း)စက်မှုဇုန်တွင် ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ ကုန်စည်များပေါ်တွင် သုံးစွဲပုံနှင့် ပတ်သက်သည့်သတင်း၊ အချက်အလက် (သို့မဟုတ်)ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့်တွဲလျက် ဖော်ပြရန် အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ Task Force ပထမအကြိမ် အစည်းအဝေးပြုလုပ်ခဲ့သည့် အခြေအနေ၊ ဌာနအနေဖြင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များမှာ အသိပညာပေးဟောပြောခြင်း၊ ဈေးကွက် စုံစမ်းထောက်လှမ်းခြင်း၊ စားသုံးသူတိုင်ကြားမှုများကို လက်ခံဖြေရှင်း ဆောင်ရွက်ပေးခြင်း၊ အခါအားလျော်စွာ သတိပေးတားမြစ်ချက်များကို ထုတ်ပြန်ကြေညာခြင်းတို့ကိုရှေ့ဆက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။

စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဇူလိုင်လအတွင်း စားသုံးသူများ၏ တိုင်ကြားလာမှုတွင် စားသောက်ကုန်(၂)ခု၊ လူသုံးကုန်(၂)ခု၊ ဝန်ဆောင်မှု(၈)ခုတို့ကို လက်ခံညှိနှိုင်းဖြေရှင်းခဲ့သည့် အခြေအနေ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီအနေဖြင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရန် ခရိုင်အလိုက် ကွင်းဆင်းစစ်ဆေးမှု အခြေအနေ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပူးပေါင်းကွင်းဆင်းစစ်ဆေးခဲ့မှု အခြေအနေ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ကျောင်းမုန့်ဈေးတန်းများ၊ ဆေးဆိုင်များစစ်ဆေးခဲ့သည့်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါတယ်။

**ခင်သီ (စားသုံးသူ) ရန်ကုန်**



# ပေါ့ဂ်ဘာနှင့် ပတ်သက်၍ မန်ယူ ကစားသမားဟောင်း ပေါလ်အင့်ဝေဖန်

မန်ယူအသင်း ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် နည်းပြ မော်ရင်ဟိုနှင့် အဆင်မပြေမှုများစွာရှိနေခြင်းနှင့်ပတ်သက်ပြီး မန်ယူနှင့် အင်္ဂလန် ကစားသမားဟောင်း ပေါလ်အင့်က ပြစ်တင်ဝေဖန်စကား ပြောကြားလိုက်သည်။

ပေါလ်အင့်က မန်ယူအသင်း ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် အရည်အချင်းရှိသည့် ထိပ်တန်းကစားသမားတစ်ဦးဖြစ်သည်ကို မိမိအနေဖြင့် လက်ခံကြောင်း၊ သို့သော် ပေါ့ဂ်ဘာအနေဖြင့် ယခုထက် မာန်မာနများကို လျှော့ချသင့်ကြောင်းနှင့် အချိန်တိုင်းတွင် မိမိကိုယ်ကိုယ် နှိမ့်ချထားသင့်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပေါလ်အင့်က နည်းပြ မော်ရင်ဟိုအနေဖြင့် ယခုအချိန်တွင် အလုပ်သင့်ဆုံးက အသင်းတွင် ဆက်လက်ကစားလိုစိတ်မရှိတော့သည့် ပေါ့ဂ်ဘာကို ထုတ်ရောင်းသင့်ကြောင်း၊ အသင်းအတွက် ကစားပေးလိုစိတ် မရှိသည့် ကစားသမားမျိုးကို အသင်းတွင် ဆက်မထားသင့်ကြောင်း၊ ကစားသမားတစ်ဦး၏ ခြေစွမ်းပြနိုင်ခြင်း၊ မပြနိုင်ခြင်းမှာ ယင်းကစားသမားအနေဖြင့် အသင်းတွင် ပျော်ရွှင်ခြင်း၊ မပျော်ရွှင်ခြင်းနှင့်လည်း သက်ဆိုင်ကြောင်း ထပ်မံပြောဆိုလိုက်ခြင်း ဖြစ်သည်။

ပေါလ်အင့်သည် အင်္ဂလန်လက်ရွေးစင် ကစားသမားတစ်ဦးဖြစ်သလို မန်ယူ၊ လီဗာပူး၊ အင်တာမီလန် စသည့်အသင်းကြီးများတွင် ကစားခဲ့ဖူးပြီး မက္ကလစ်ဖီးလ်၊ အမ်ကေဒွန်း၊ ဘလက်ဘန်း၊ နော့ကောင်တီနှင့် ဘလက်ပူး အသင်းတို့ကို နည်းပြအဖြစ် ကိုင်တွယ်ခဲ့ဖူးသူဖြစ်သည်။

## ဖီဖာကမ္ဘာ့အဆင့် သတ်မှတ်ချက် အင်္ဂလန်အသင်း အဆင့်(၆)အထိ တက်လာ ဂျာမနီအသင်း အဆင့်(၁)မှ အဆင့်(၁၅)အထိ ကျဆင်းသွား

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာ၏ အမျိုးသားဘောလုံးအသင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကို ဩဂုတ် ၁၆ ရက်ကထုတ်ပြန်လိုက်ရာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့် ပြင်သစ်အသင်းမှာ ယခင်ကထက် အဆင့်ခြောက်ဆင့်တက်လာပြီး အဆင့်(၁)တွင် ရပ်တည်လာနိုင်ခဲ့သည်။

ပထမနေရာမှ ပြင်သစ်အသင်း၏နောက်တွင် ဘယ်လ်ဂျီယံ၊ ဘရာဇီး၊ ခရိုအေးရှား၊ ဥရုဂွေး စသည်ဖြင့် အစဉ်အလိုက် အသီးသီး ရပ်တည်နိုင်ခဲ့ကြသည်။ ခရိုအေးရှားအသင်းသည် ယခင်အဆင့်(၁၉)မှ အဆင့်(၄)သို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်ပြီး အဆင့်(၁)နေရာတွင် ကာလအတော်ကြာ ရပ်တည်နိုင်ခဲ့သည့် ဂျာမနီအသင်းမှာမူ ပြီးခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရလဒ်မကောင်းခဲ့ခြင်းကြောင့် အဆင့်(၁၅) အထိ ကျဆင်းသွားခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် ယခင်အဆင့်(၁၂)သာရှိခဲ့သည့် အင်္ဂလန်အသင်းမှာမူအဆင့်(၆) အထိ တက်လာနိုင်ခဲ့သည်။ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ရုရှားအသင်းသည် အဆင့်၂၀ ဆင့်အထိ ခုန်တက်လာပြီး အဆင့်(၄၉)သို့ ရောက်ရှိလာသည်။

**အဆင့်(၁)မှ အဆင့်(၁၅)အသင်းများ**

(၁) ပြင်သစ်
(၂) ဘယ်လ်ဂျီယံ
(၃) ဘရာဇီး
(၄) ခရိုအေးရှား
(၅) ဥရုဂွေး
(၆) အင်္ဂလန်
(၇) ပေါ်တူဂီ
(၈) ဆွစ်ဇာလန်
(၉) စပိန်
(၁၀) ဒိန်းမတ်
(၁၁) အာဂျင်တီးနား
(၁၂) ချီလီ
(၁၃) ဆွီဒင်
(၁၄) ကိုလံဘီယာ
(၁၅) ဂျာမနီ

## ဘောလုံးလောက သတင်းတိုများ

- *အင်တာမီလန် အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား လူကာမိုဒရစ်ကို ခေါ်ယူရန် ချဉ်းကပ်မှုများ ပြုနေကြောင်း ရီးရဲလ်မက်ဒရစ် အသင်းဘက်မှ ထုတ်ဖော်ပြောကြားလိုက်သည်။*
- *ဂျူဗင်တပ်အသင်းသည် ၎င်းတို့၏ ကွင်းလယ်ကစားသမား မာချီစီယိုကို အသင်းမှထွက်ခွာခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။*
- *ဒေ့ါမွန်၊ ရှော်ကေးနှင့် လိုက်ဇစ် အသင်းတို့က ခေါ်ယူလိုနေသည့် တိုက်စစ်မှူး ဒရစ်လာကို ပေါင် ၃၃ ဒသမ ၁ သန်းဖြင့်ရောင်းထုတ်ရန်စဉ်းစားနေကြောင်း ပီအက်စ်ဂျီ အသင်းနည်းပြ သောမတ်စ်တူချယ်က ပြောကြားလိုက်သည်။*

## ဝီလီယံကို နှစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ချယ်လ်ဆီးအသင်းပြင်ဆင်



ချယ်လ်ဆီးအသင်းသည် ၎င်းတို့၏ တောင်ပံကစားသမား ဝီလီယံကို နှစ်နှစ်သက်တမ်းတိုး စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

ချယ်လ်ဆီးအသင်း နည်းပြသစ် ဆာရီသည် ဝီလီယံကို စာချုပ်သက်တမ်းတိုးနိုင်ရေးအတွက် ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုများ ရရှိထားပြီဖြစ်ပြီး ယခုရက်ပိုင်းတွင် တရားဝင် စာချုပ်ချုပ်ဆိုနိုင်တော့မည်ဟု သိရသည်။

ဝီလီယံသည် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်း သုံးနှစ်ကျန်နေသေးရာ ယခုနှစ်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုမည်ဆိုပါက ၎င်းသည် ချယ်လ်ဆီး အသင်းတွင် နောက်ထပ် ငါးနှစ်ဆက်ပြီး ရှိနေတော့မည်ဖြစ်သည်။

ဝီလီယံသည် ယခုချုပ်ဆိုမည့် စာချုပ်သစ်ကြောင့် တစ်ပတ်လုပ်ခ ပေါင် ၁၂၀၀၀၀ ရရှိမည်ဖြစ်လည်းဖြစ်သည်။ ဝီလီယံက ‘ချယ်လ်ဆီးအသင်းမှာ ဆက်နေဖို့ ဆုံးဖြတ်ပြီးချိန်မှာ စာချုပ်သက်တမ်းတိုးဖို့ ကိစ္စကိုလည်း ကျွန်တော် စဉ်းစားထားပြီးသားပါ။ နည်းပြဟောင်း ကွန်တီလက်ထက်မှာ ကျွန်တော်တို့နှစ်ယောက်ကြားက ဆက်ဆံရေးက အဆင်မပြေမှုတွေ ရှိခဲ့ပေမယ့် အသင်းရဲ့ လက်ရှိနည်းပြ ဆာရီလက်ထက်မှာတော့ အဆင်ပြေလာဖို့ရှိနေပါတယ်။ ဆာရီနဲ့ ကျွန်တော့်ကြားက ဆက်ဆံရေးကောင်းတွေကြောင့် အသင်းမှာ အမြဲတမ်း နေရာရဖို့ကိုလည်း မျှော်လင့်ထားပါတယ်’ ဟု ပြောကြားခဲ့သည်။

**ဟန်နေသစ် စုစည်းသည်**



## ဒီဘရိုင်း ဒဏ်ရာရသွားခြင်းမှာ ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဟု ဂွါဒီယိုလာဆို

ကွင်းလယ်ကစားသမား ဒီဘရိုင်း ဒဏ်ရာရသွားခြင်းမှာ အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်ကြောင်း နည်းပြ ဂွါဒီယိုလာက ပြောဆိုလိုက်သည်။ မန်စီးတီးအသင်း၏ အဓိကအားထားရသည့် ကွင်းလယ်ကစားသမား ဒီဘရိုင်းသည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က အသင်းလေ့ကျင့်ရေးကွင်းတွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဒီဘရိုင်းသည် အဆိုပါဒဏ်ရာကြောင့် အနည်းဆုံး သုံးလခန့်အထိ အနားယူရတော့မည်ဖြစ်ကြောင်း အသင်းဆရာဝန်က အတည်ပြုထုတ်ဖော်ပြောဆိုထားသည်။

ဒီဘရိုင်းသည် မန်စီးတီးအသင်း၏ အဓိက မောင်းနှင်အားတစ်ခုဖြစ်သလို ပြီးခဲ့သည့်ရာသီကလည်း မန်စီးတီးအသင်း ပရီးမီးယားလိဂ်ချန်ပီယံဆုဖလားရခဲ့ခြင်းမှာ ဒီဘရိုင်း၏အခန်းကဏ္ဍကထိပ်ဆုံးမှ ပါဝင်ခဲ့သည်။ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက ‘ဒီဘရိုင်းလို ကစားသမားမျိုး ဒဏ်ရာရသွားတာ အသင်းအတွက် အရမ်းပဲ နစ်နာပါတယ်။ ဒါဟာ ကျွန်တော်တို့အတွက် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခုဆိုရင်လည်း မမှားပါဘူး။ သူ့ဒဏ်ရာက သုံးလနားရမယ်ဆိုပေမယ့် ဒီထက်စောပြီး ကစားကွင်းထဲကို သူပြန်လာနိုင်ဖို့ ဆုတောင်းရမှာပဲ’ ဟု ပြောကြားခဲ့သည်။

ဒူးဒဏ်ရာရသွားပြီး သုံးလခန့် အနားယူရတော့မည့် ကွင်းလယ်ကစားသမား ဒီဘရိုင်းကမူ မိမိအနေဖြင့် ရာသီအစမှာပင် ဒဏ်ရာရသွားခြင်းကို များစွာစိတ်မကောင်းဖြစ်ရကြောင်း၊ အမြန်ဆုံးပြန်လည်သက်သာရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းနှင့် ၎င်းမကစားနိုင်သော်လည်း အသင်း အတွက် မစိုးရိမ်ကြောင်း ပြောကြားလိုက်သည်။

## လက်လီ/လက်ကားရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ် (SOP) သတင်းလွှာ (၂/၂၀၁၈) ထုတ်ပြန်

**ယခင်တစ်ပတ်မှအဆက်**

(ဂ) သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်ရှိ မြို့နယ် စည်ပင်သာယာရေး ကော်မတီ၏ထောက်ခံချက်၊

(ဃ) လက်လီ/လက်ကားရောင်းချဖြန့်ဖြူးမည့်ကုန်ပစ္စည်းအုပ်စုစာရင်း၊

(င) လက်လီ/လက်ကားရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းများ၏ အနည်းဆုံး ၅ နှစ်တာအတွက် လုပ်ဆောင်မည့် အောက်ပါအချက်များပါဝင်သည့် လုပ်ငန်းဆောင်ရွက်မှုစီမံ ချက် (Business Plan for 5 years) -

- (၁) ရင်းနှီးမြှုပ်နှံမှုငွေပမာဏ (ကနဦးရင်းနှီးမြှုပ်နှံမှုနှင့် နောက် ၅ နှစ်အတွင်း လုပ်ငန်းလည်ပတ်ရန် ဖြည့်သွင်းမည့်ပမာဏ)
- (၂) ရောင်းချမှု၊ ဖြန့်ဖြူးမှုနှင့် စီမံခန့်ခွဲမှုအစီအစဉ်၊
- (၃) တည်နေရာနှင့်အကျယ်အဝန်း၊
- (၄) လက်လီ/လက်ကားရောင်းချခွင့် အမိန့်ကြော်ငြာစာပါ အလုပ်အကိုင်ဖန်တီးရေး၊ နည်းပညာမြှင့်တင်ရေး၊ စားသုံးသူအတွက် အရည်အသွေးကောင်း၍ ဈေးနှုန်း သက်သာမှုဆိုင်ရာ ရွေးချယ်ခွင့်ရှိရေး၊ ပြည်တွင်းအသေးစား၊ အလတ်စား လုပ်ငန်းများကို မြှင့်တင်ရေး အစရှိသည့် ရည်ရွယ်ချက်များကို ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖော်ပြချက်အကျဉ်း၊

(စ) နောက်ထပ်ဆိုင်သစ်ဖွင့်လှစ်ရန် ရည်ရွယ်ထားသောဆိုင်အရေအတွက်နှင့် တည်နေရာ (နေရာအတိအကျဖော်ပြနိုင်ပါက ဖော်ပြပေးရန်)

(ဆ) ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏကို ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ လွှဲပြောင်း/ ဖြည့်သွင်းပြီးကြောင်း ပြသနိုင်သည့် ယင်းဘဏ်မှ ထုတ်ပေးသည့်အထောက်အထား၊ (အကယ်၍ လာရောက်လျှောက်ထားချိန်တွင် ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏအတွက် ဘဏ်မှ ထုတ်ပေးသည့်အထောက်အထားကို ပြသနိုင်ခြင်း မရှိပါက လက်လီ/ လက်ကားရောင်းချခွင့် ယာယီမှတ်ပုံတင်ကိုသာ ထုတ်ပေးမည်ဖြစ်ပြီး၊ တစ်လအတွင်း ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ ငွေလွှဲပြောင်း/ဖြည့်သွင်းပြီးဖြစ်ကြောင်း အထောက်အထား တင်ပြနိုင်ပြီးမှသာလျှင် လက်လီ/လက်ကားရောင်းချခွင့် မှတ်ပုံတင်ကို ထုတ်ပေးမည်ဖြစ်သည်)

မှတ်ချက်။ လက်လီ/လက်ကားရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် နိုင်ငံသားများကို ဦးစားပေးခန့်ထားရမည်ဖြစ်သည်။

၁၁။ ကုမ္ပဏီအုပ်စု ဃ သည် လက်လီ/ လက်ကားရောင်းချခွင့်မှတ်ပုံတင်အား အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ရက်ပေါင်း ၁၅၀ အတွင်း အောက်ပါအထောက်အထားများနှင့်တကွ တင်ပြ လျှောက်ထားရမည်-

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊

(ခ) လက်လီ/လက်ကားရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ဖော်ပြချက် -

- (၁) လက်လီ/လက်ကား ရောင်းချဖြန့်ဖြူးလျက်ရှိသည့်ကုန်ပစ္စည်းအုပ်စုစာရင်း၊
- (၂) လွန်ခဲ့သည့်တစ်နှစ်အတွင်း လက်လီ/လက်ကားရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းတွင် လည်ပတ် ဆောင်ရွက်လျက်ရှိသည့် ငွေပမာဏ၊
- (၃) ရောင်းချမှု၊ ဖြန့်ဖြူးမှုနှင့် စီမံခန့်ခွဲမှုအစီအစဉ်၊
- (၄) တည်နေရာနှင့်အကျယ်အဝန်း၊

(ဂ) ရောင်းချဖြန့်ဖြူးလျက်ရှိသည့် အခြားဆိုင်များရှိပါက ဆိုင်အရေအတွက်နှင့် အဆိုပါဆိုင်များတွင် ရောင်းချဖြန့်ဖြူးလျက်ရှိသည့် ကုန်ပစ္စည်းအုပ်စုစာရင်း၊ လက်လီ/ လက်ကားရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်မှု အစီအစဉ် ဖော်ပြချက်။

**ဆက်လက်ဖော်ပြပါမည်။**

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

■ ရွှေစင်ဦး ■

**(ယခင်တစ်ပတ်မှအဆက်)**

**နောက်ဆက်တွဲ(က)**

EU GSP/RoO နှင့်ပတ်သက်၍ နောက်ထပ်သိလိုသည့် သတင်းအချက်အလက်များကို DG TRADE’s ၏ ပို့ကုန်ဆိုင်ရာ အကူအညီပေးရေးဌာန http://exporthelp.europa.eu/thdapp/idex.htm တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

ဤဝက်ဆိုဘ်တွင် EU GSP အစီအစဉ်၊ အီးယူ၏ ပင်ရင်းနိုင်ငံစည်းမျဉ်းများ၊ ပင်ရင်းထုတ်ကုန်သက်သေပြချက်နှင့် GSP အကောက်ခွန် နှုန်းထားများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအားလုံးကို ဖော်ပြထားသည်။ ဝက်ဆိုဘ်တွင် GSP ဆိုင်ရာသတင်းအချက်သာမက အီးယူ၏ သွင်းကုန်ဆိုင်ရာ လိုအပ်ချက်များ၊ အကောက်ခွန်နှုန်းထားများ၊ ကိန်းဂဏန်း အချက်အလက်များနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကိုလည်း ဖော်ပြထားသည်။

အီးယူ၏ ပင်ရင်းနိုင်ငံစည်းမျဉ်းများကို ပိုမိုကောင်းမွန်စွာ ရှင်းပြနိုင်ရန် DG TRADE သည် ကုန်ပစ္စည်းတစ်ခုချင်း သို့မဟုတ် ကုန်သွယ်မှု သဘောတူညီချက် တစ်ခုချင်းအတွက် အချက်အလက်စာလွှာများကိုလည်း ထုတ်ပြန်ထားသည်။ ရေထွက်ကုန်ပစ္စည်းများအတွက် EU RoO ကို ရှင်းပြထားသည့် အချက်အလက် စာလွှာနမူနာများကိုလည်း http://exporthelp.europa.eu/doclib/docs/2013/may/tradoc_151173.pdf လိပ်စာတွင် ရယူနိုင်သည်။

အခွန်ကောက်ခြင်းနှင့် အကောက်ခွန်သမဂ္ဂဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရုံး (DG TAXUD,Europen Commission) (on RoO) ဝဘ်ဆိုက်၏ အဖွင့်စာမျက်နှာတွင် ဖော်ပြထားသော သတင်းအချက်အလက်များကို http://ec.europa.eu/taxation_customs/business/calculation-customs-duties/rule-origin/general-aspects-preferential-origin/a-guide-users-gsp-rules-origin_en လိပ်စာတွင် ရယူနိုင်သည်။

ကုန်သွယ်ရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရုံး ဥရောပကော်မရှင်ဝက်ဘ်ဆိုက်၏ အဖွင့်စာမျက်နှာတွင် (EU GSP အစီအစဉ်နှင့်ပတ်သက်၍) ဖော်ပြထားသည့် သတင်းအချက်အလက်များကို http://ec.europa.eu/trade/policy/countries-and-regions/development/generalized-scheme-of- preferences/index_en.htm လိပ်စာတွင် ရယူနိုင်သည်။

အမျိုးအစားသတ်မှတ်ခြင်းအတွက် ရည်ရွယ်ချက်များနှင့် ကုန်ပစ္စည်းများအတွက် အကျုံးဝင်သည့် အခွန်ဆိုင်ရာ အထူး အခွင့်အရေးများအား စစ်ဆေးခြင်း (အွန်လိုင်းဖြင့် TARIC ကို တိုင်ပင်ဆွေးနွေးခြင်း) ကို http:// ec.europa.eu/taxation_customs/dds2/taric/taric_consulation.jsp?Lang=en ဝက်ဘ်ဆိုက်လိပ်စာများတွင် ရရှိနိုင်သည်။

**နောက်ဆက်တွဲ (ခ)**

မှတ်ပုံတင်ပြီးပို့ကုန်တင်ပို့သူတစ်ဦးဖြစ်လာရန် လျှောက်ထားခြင်း

လျှောက်လွှာပုံစံကို GSP အကျိုးခံစားခွင့်ရှိသည့် နိုင်ငံများရှိ ပို့ကုန်တင်ပို့သူများအတွက် ကြိုတင်လျှောက်ထားရမည့် ဝက်ဘ်စာမျက်နှာပေါ်တွင် အွန်လိုင်းဖြည့်သွင်းနိုင်သည်။

http:// customs.ec.europa.eu/rex-pa-ui/

စာရွက်စာတမ်းကို မှတ်သား၊ ပုံနှိပ်ထုတ်ယူကာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

**လျှောက်လွှာပုံစံ ဖြည့်သွင်းနည်းလမ်းညွှန် -**

၁။ တင်ပို့သူ၏ အမည်၊ လိပ်စာ အပြည့်အစုံ၊ နိုင်ငံ၊ EORI သို့မဟုတ် (TIN (2) )

→ ပို့ကုန်တင်ပို့သူအမည်၊အိမ်အမှတ်၊လမ်းအမည်၊စာတိုက်သေတ္တာအမှတ်၊မြို့တော်အမည်နှင့်ကုန်သွယ်သူစိစစ်ရေးသက်သေခံနံပါတ်(TIN)

၂။ တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ် ဖြစ်နိုင်လျှင် အီးမေးလ်လိပ်စာ အပါအဝင် ဆက်သွယ်ရမည့် အချက်အလက်

→ တယ်လီဖုန်းနံပါတ်၊ဖက်စ်နံပါတ်နှင့်(ဖြစ်နိုင်လျှင်)အီးမေးလ်လိပ်စာတို့အပါအဝင်ဆက်သွယ်ရမည့်သူ၏ပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များ

၃။ အဓိကလုပ်ငန်းက ထုတ်လုပ်ရေး သို့မဟုတ် ကုန်စည်ကူးသန်းရောင်းဝယ်မှုဆိုသည်ကို ဖော်ပြရန်

→ အချက်တစ်ခုသို့မဟုတ်နှစ်ခုစလုံးဖြစ်နိုင်သည်။

၄။ Harmonised စနစ်၏ ထိပ်ဆုံးနံပါတ်များ (သို့မဟုတ် Harmonised စနစ်၏ ထိပ်ဆုံးနံပါတ်နှစ်ဆယ်ကျော်အတွင်း ကျရောက်သည့် ကုန်စည်များရှိရာ အခန်းများ)၏ ညွှန်ပြသော စာရင်းအပါအဝင် အထူးအကောက်ခွန်ကင်းလွတ်ခွင့်အတွက် အရည်အချင်းပြည့်မီသည့် ကုန်စည်များ၏ ဖော်ပြချက်

→ ရှေ့ဆုံး HS နံပါတ်များရရိုက်သွင်းပါက။ ဥပမာ - ၆၂၀၁ (အမျိုး သား သို့မဟုတ် ကလေးဝတ်အပေါ်ရုံကုတ်အင်္ကျီရှည်များ (......) ဖော်ပြထားသောစာရင်းဖြစ်သည်။ အကယ်၍အဆိုပါစာရင်းတွင်မပါဝင်သည့်ထုတ်ကုန်တစ်ခုအတွက်ပင်ရင်းဒေသဆိုင်ရာ ဖော်ပြ ချက်တစ်ခုအားဖြည့်သွင်းဆောင်ရွက်ထားမည်ဆိုပါက ထိုအရာသည်ပင်ရင်းဒေသ ဆိုင်ရာ ဖော်ပြချက်အားငြင်းပယ်နိုင်သည့် အကြောင်းပြချက်မဟုတ်ပေ။ သို့သော် အကောက်ခွန် တာဝန်ရှိသူများအတွက်မူ ထိုအရာအားအတည်ပြုမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများစတင်ရန် အကြောင်းပြချက်တစ်ရပ်ဖြစ်ကောင်းဖြစ်နိုင် သည်။

၅။ ပို့ကုန်တင်ပို့သူတစ်ဦးတာဝန်ယူရမည့် အချက်များ အတည်ပြုလက်မှတ်ရေးထိုးလိုက်သည့်အတွက်

- အထက်ဖော်ပြပါအသေးစိတ်အချက်အလက်များသည် မှန်ကန်ကြောင်းကြေညာပါသည်။
- ယခင်က မှတ်ပုံတင်ခြင်းအား ရုပ်သိမ်းပယ်ဖျက်ခဲ့ခြင်း မရှိဟု သက်သေပြုပါသည်။ အပြန်အလှန်အားဖြင့် ယင်းကဲ့သို့ ရုပ်သိမ်းပယ်ဖျက်သည်အထိ ဖြစ်စေသည့် အခြေအနေကို ပြင်ဆင်ကုစားပြီးကြောင်း သက်သေပြုပါသည်။


(ကိုးကား။ ။ ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

**ဆက်လက်ဖော်ပြပါမည်။**

# တရုတ်နိုင်ငံတွင် ဒေသအလိုက် Data Center များ တည်ထောင်ဆောင်ရွက်နေမှု အခြေအနေများ

|လွင်မျိုးဇော်|

**တရုတ်နိုင်ငံ၏** Fiber Network **ကျောရိုးနှင့်** Hyperscale Data Centers **တည်နေရာပြပုံ**




**တရုတ်နိုင်ငံတွင် ဒေသအလိုက်** data center **များ တည်ထောင်ဆောင်ရွက်နေမှု အခြေအနေများ**

၂၀၁၅ ခုနှစ်တွင် အလီဘာဘာ ကုမ္ပဏီ သည် Zhangbei နိုင်ငံတွင် hyper-scale data center တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၂ဒသမ ၈၆ ဘီလီယံရင်းနှီးမြှုပ်နှံခဲ့ပါကြောင်း၊ ယနေ့ အချိန်တွင် အဆိုပါ data center သည် server ပေါင်း ၃၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိပြီး စွမ်းရည် ၆၀၀၀ အထိ တိုးချဲ့ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း၊ အလီဘာဘာ ကုမ္ပဏီသည် ဖော်ပြပါ Zhangbeiနိုင်ငံကို ရွေးချယ်ရသည့် အကြောင်းရင်းမှာ မြေနေရာ ဈေးသက်သာခြင်း၊ ပြန်လည်အသုံးပြုနိုင်သောစွမ်းအင်များရရှိခြင်း(solorနှင့် wind power ရှိခြင်း)၊ ရာသီဥတုအေးမြခြင်း(နှစ်စဉ် ပျမ်းမျှ အပူချိန် ၃ဒသမ၂ ဒီဂရီဆဲလ်စီးရပ်ဆ်ရှိခြင်း)၊ တရုတ်နိုင်ငံ၏ Northwestern Fiber Corridor အား ချိတ်ဆက်ရယူနိုင်ခြင်းနှင့် (တရုတ်နိုင်ငံ မြောက်ပိုင်းတွင် အကြီးမားဆုံး ဈေးကွက်ကို ရယူပိုင်ဆိုင်ထားသည့်) မြို့တော်ပေကျင်းနှင့် ထိကပ်လျက်ရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊

ကွမ်ကျူ း(Guizhou)ဒေသသည် hyper-scale data center များ တည်ထောင် ဆောင်ရွက်ရာတွင် လူကြိုက်များသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ အကြောင်းမှာ ယင်းဒေသရှိ ဂူအမ်း (Gui'an) ခရိုင်သည် အမျိုးသားအဆင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဇုန် (Economic Development Zone-EDZ) တစ်ခုဖြစ်သည့်အပြင် အခြားသော ထောက်ပံ့ပစ္စည်းများ လွယ်ကူစွာ ရရှိနိုင်သည့် အတွက် ရင်းနှီးမြှုပ်နှံသူများကိုဆွဲဆောင်နိုင်သည့် နေရာတစ်ခုအဖြစ် ရပ်တည်နေပါကြောင်း၊

South-Central China ရှိကွမ်ကျိုး (Guizhou) ဒေသတွင်ရှိသောဂူအမ်း(Gui'an)ခရိုင်သည် ရှန်ဟိုင်း-ကူမင်း Fiber Corridor နှင့် ချိတ်ဆက်ဆောင်ရွက်ထားပါကြောင်း၊ ယင်းဒေသတွင် အစိုးရပိုင် ဆက်သွယ်ရေးလုပ်ငန်း (၃) ခုနှင့် Huawei၊ Tencent၊ Foxconnတို့ကဲ့သို့သော ပုဂ္ဂလိကပိုင်း ဆိုင်ရာလုပ်ငန်းများ မှာလည်း Data Center များ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် China Telecom သည် အမေရိကန် ဒေါ်လာ ၁ဒသမ၁၂ ဘီလီယံ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်၊ဇူလိုင်လတွင် Apple ကုမ္ပဏီမှ တရုတ်နိုင်ငံ၊ ဂူအမ်း (Gui'an) ခရိုင်တွင် ၎င်း၏ ပထမဦးဆုံးသော data center ထူထောင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကို ရင်းနှီးမြှုပ်နှံသွားမည်ဟု အသိပေးကြေညာခဲ့ပါကြောင်း၊

**တရုတ်နိုင်ငံတွင်** Foreign Data Center Operations **အပေါ် စည်းမျဉ်း သက်ရောက်မှုများ**

တရုတ်နိုင်ငံတွင် အမိန့်အမှတ် (၅၃) အရပြဋ္ဌာန်း ထားသော Cyber Security Law တွင် ပုဂ္ဂိုလ်ရေးအရနှင့် အခြားသတ်မှတ်ထားသည့် အချက်အလက်များကို အကာအကွယ်ပေးခြင်း (သို့မဟုတ်) အချက်အလက် စုဆောင်းခြင်း စသည့် ကိစ္စရပ်များအား ဆောင်ရွက်လျက် ရှိသည့် ကွန်ရက်ချိတ်ဆက် ဆောင်ရွက်သူများ အတွက် Data Center လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါ ဥပဒေသည် တရုတ်နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြား ကုမ္ပဏီများအတွက် နိုင်ငံပြင်ပသို့ အချက်အလက်များ လွှဲပြောင်း ဆောင်ရွက်ရာတွင် အခက်အခဲရှိနိုင်မည်ဖြစ်ပါကြောင်း၊


**တရုတ်နိုင်ငံ၏** Data Centre **ဝန်ဆောင်မှု ဈေးကွက်**




ပြည်နယ်ကောင်စီ အမိန့်အမှတ် ၆၆၆ (၂၀၁၆) တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆက်သွယ် ရေး လုပ်ငန်းများအတွက် သတ်မှတ်ထားသော စည်းမျဉ်းများအရ နိုင်ငံခြားစီးပွားရေး လုပ်ငန်းရှင်များသည် data center operations လုပ်ငန်းများတွင် ရှယ်ယာ ၅၀ ရာခိုင်နှုန်းထက်ပို၍ ပါဝင် ဆောင်ရွက်ခွင့် မရှိသည်ကို ဖော်ပြထားပါကြောင်း၊ သို့ရာတွင်အဆိုပါ စည်းမျဉ်းသည် တရုတ်ဈေးကွက်သို့ ဝင်ရောက်လာသည့် ကမ္ဘာလုံးဆိုင်ရာ data service providers များကို မတားဆီးနိုင်ပါကြောင်း၊ IBM, Microsoft, KDDI, Amazon နှင့် Equinix တို့သည် ပြည်တွင်း မိတ်ဖက်များမှ တစ်ဆင့် ဈေးကွက်ထဲသို့ ဝင်ရောက်လာသည်ကို တွေ့ရှိရပါကြောင်း၊

တရုတ်နိုင်ငံ၏ (၁၃)ကြိမ်မြောက် (၅)နှစ် စီမံကိန်း စီးပွားရေးဆိုင်ရာ ဦးစားပေး ဆောင်ရွက်မှုများအနက် တစ်ခုအနေဖြင့် နိုင်ငံတော်အစိုးရသည် Hyper-scale data center များ၏ လိုအပ်ချက်များကို မြှင့်တင်နိုင်ရေးအတွက် big data, cloud-computingနှင့် IoT ကဲ့သို့သော applications များ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိချမှတ်ထားသော စည်းမျဉ်းများ အရပြည်တွင်းကုမ္ပဏီများသည် ဈေးကွက်လွှမ်းမိုးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

**တရုတ် နိုင်ငံ၏** Data Center **ပထဝီဝင် အနေအထားအရ ခွဲဝေသတ်မှတ်ခြင်း**




မတ်လ ၂၂ ရက်နေ့တွင် သမ္မတထရမ့်သည် အမေရိကန်သို့ တရုတ်နိုင်ငံမှ တင်သွင်းလာသည့် ကုန်စည်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံ တန်ဖိုးအပေါ်တွင် အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံမည် ဖြစ်ကြောင်း ထုတ်ပြန် ကြေညာ ချက်အရ အမေရိကန် operator များသည် အပြန်အလှန် အခွန်ကောက်ခံမှုနှင့် အကောက်ခွန်ဆိုင်ရာ ကန့်သတ်ချက်များကြောင့် ထပ်ဆောင်းစိန်ခေါ်မှုများနှင့် ကြုံတွေ့ရနိုင်ပါကြောင်း၊ သမ္မတထရမ့်သည် အခွန်ကောက်ခံနှုန်းအသစ်ကို ကြေညာပြီး နောက်ရက်တွင် တရုတ်နိုင်ငံသည် စားသောက်ကုန်၊ သံမဏိနှင့် အလူမီနီယံများ ပါဝင်သည့် အမေရိကန် ပို့ကုန်များအပေါ် အမေရိကန်ဒေါ်လာ ၃ ဘီလီယံပမာဏထက် မနည်းသော တန်ပြန် အခွန်ကောက်ခံခြင်းကို ကြေညာခဲ့ပါကြောင်း၊

**၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၏ မိုဘိုင်း ငွေပေးချေမှုသည် ဘီလီယံထက်ဝက်ကျော်ခဲ့**

တရုတ်နိုင်ငံ၏ ၂၀၁၈ ခုနှစ် အင်တာနက် ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာကို အင်တာနက် အဖွဲ့အစည်းမှ ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါအစီရင်ခံစာ အသစ်တွင် တရုတ်နိုင်ငံ၏ အင်တာနက် အသုံးပြုသူများနှင့် တိုင်းပြည်၏ မိုဘိုင်း ငွေပေးချေမှု ဈေးကွက်နှစ်ခုလုံး ဆက်လက်ကြီးထွားလာမှုကို ဖော်ပြထားကြောင်း၊ ၂၀၁၇ ခုနှစ်နှစ်ကုန်တွင် တရုတ်နိုင်ငံ၏ အင်တာနက် အသုံးပြုသူမှာ ၇၇၂ မီလီယံထိရှိလာပြီး ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၄၀ဒသမ ၇၄ မီလီယံထိ တိုးတက်လာပြီး အင်တာနက် ထိုးဖောက်ဝင်ရောက်မှု မှာလည်း ၅၅ ဒသမ၈ ရာခိုင်နှုန်းထိ ရှိလာပြီဖြစ်ကြောင်း၊ အွန် လိုင်း ငွေပေးချေမှု အသုံးပြုသူများမှာလည်း စုစုပေါင်း ၅၃၁ မီလီယံရှိလာပြီး ၂၀၁၆ ခုနှစ် နှစ်ကုန် နှင့်နှိုင်းယှဉ်လျှင် ၅၆ဒသမ၆၁ ထိတိုးတက်လာကြောင်း၊ မိုဘိုင်း ငွေပေးချေမှု အသုံးပြုသူများမှာ လည်း ၅၂၇ မီလီယံထိတိုးတက်လာပြီး ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၅၇ဒသမ၈၃ မီလီယံထိ တိုးတက်လာကြောင်း၊

အစီရင်ခံစာအရ မိုဘိုင်းအင်တာနက် အသုံးပြုသူ အရေအတွက် သိသိသာသာ တိုးတက် မှုသည်၂၀၁၇ ခုနှစ် နှစ်ကုန်တွင် စုစုပေါင်း တိုးတက်မှုနှုန်း ၇၅၃ မီလီယံထိရှိပြီး တရုတ်နိုင်ငံ၏ အင်တာနက် ထိုးဖောက်ဝင်ရောက်မှုနှုန်း မြင့်မား ခြင်းကို မောင်းနှင်နေကြောင်း၊ ထို့ပြင် fixed broadbank အသုံးပြုသူများ ၃၄၉ ဘီလီယံရှိပြီး ဆက်သွယ်မှု အမြန်နှုန်း ၅၀ Mbps ကိုနှစ်သက်သူ ၇၀ ရာခိုင်နှုန်းနှင့် ၁၀၀ Mbps ကိုနှစ်သက်သူ ၃၈ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း၊ တရုတ်နိုင်ငံ၏ fiber optic cable network ၏ လျင်မြန်သောဖြန့်ကြက်မှုတွင် အင်တာနက် အသုံးပြုသူ စုစုပေါင်း ၂၉၄ မီလီယံထိ (သို့) fixed broadbank အသုံးပြုသူ အရေအတွက်မှာ ၈၄ ဒသမ၃ ရာခိုင်နှုန်းထိ ရောက်ရှိနေကြောင်း၊

**တရုတ်နိုင်ငံကုန်သွယ်ရေးသည် အမေရိကန် ဒေါ်လာ ၂၉ ဘီလီယံအထိ စံချိန်တင် မြင့်မားလာ**

၂၀၁၈ ခုနှစ် အစောပိုင်းမှ နှစ်ဝက်ထိ အမေရိကန်သို့ တင်ပို့သည့် တရုတ်ပို့ကုန်များသည် ၁၃ ဒသမ၆ ရာခိုင်နှုန်းထိ မြင့်တက်လာပြီး တရုတ်သို့ အမေရိကန် သွင်းကုန်မှာ ၁၁ဒသမ၈ ရာခိုင်နှုန်းသာရှိကြောင်း၊ ၂၀၁၈ ခုနှစ် မေလတွင် အမေရိကန် နိုင်ငံသို့ တရုတ်နိုင်ငံ၏ ပို့ကုန်များနှင့်၎င်း၏သွင်းကုန်များကြား ကွာခြားမှုသည် လစဉ် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၆ ဘီလီယံမှ အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံအထိ မြင့်တက်လာခဲ့ပါကြောင်း သိရသည်။

■

## ဥရောပသမဂ္ဂ၊ ကနေဒါ၊ မက္ကဆီကို၊ နော်ဝေနှင့် တူရကီနိုင်ငံတို့၏ အမေရိကန်မှသွင်းကုန်များအပေါ် အကောက်ခွန်များ တိုးမြှင့်ကောက်ခံမှုနှင့်ပတ်သက်၍ အငြင်းပွားမှု ဖြေရှင်းပေးရန် အမေရိကန်ပြည်ထောင်စုမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တင်ပြ

အမေရိကန် ပြည်ထောင်စု၏ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်ဖြင့် သံမဏိ သွင်းကုန်အတွက် အကောက်ခွန် ၂၅ ရာခိုင်နှုန်းနှင့်အလူမီနီယံ သွင်းကုန်အတွက် အကောက်ခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံမှုအပေါ် တန်ပြန်အားဖြင့် ဥရောပသမဂ္ဂ၊ ကနေဒါ၊ မက္ကဆီကို၊ နော်ဝေနှင့် တူရကီတို့သည် ၎င်းတို့၏ အမေရိ ကန်မှ သွင်းကုန်များအပေါ် အကောက်ခွန်များ တိုးမြှင့်ကောက်ခံခဲ့ပါကြောင်း၊ ယင်းသို့ အမေရိကန် သွင်းကုန်များအပေါ် အကောက်ခွန်များတိုးမြှင့် ကောက်ခံမှုမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Agreement on Safeguard နှင့် General Agreement on Tariffs and Trade (GATT) 1994 တို့နှင့် ကိုက်ညီမှုမရှိသဖြင့် အငြင်းပွားမှု ဖြေရှင်းပေးရန် အမေရိကန် ပြည်ထောင်စုမှ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့သို့၂၀၁၈ ခုနှစ်၊ ဇူလိုင် ၁၉ ရက်တွင် တင်ပြထားပြီးဖြစ်ကြောင်း၊ အဆိုပါကိစ္စ နှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Dispute Settlement Body ဥက္ကဋ္ဌထံသို့ ကုန်သွယ်မှု အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ သဘောတူညီချက်၏ Article (4.4) အရ ပထမဆင့် အနေဖြင့် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ ဆွေးနွေး ညှိနှိုင်းမှု(Consultation)ပြုလုပ်ပေးနိုင်ရေး တရားဝင် အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း သိရှိရပါသည်။

**ညီညီအောင်၊ (WTO သံမှူး)**
**မြန်မာသံရုံး၊ ဂျီနီဗာမြို့**

# အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှု၊ တင်ပို့မှုနှင့်ကုန်သွယ်မှုအခြေအနေများ

### အိန္ဒိယနိုင်ငံ၏ သကြားကုန်သွယ်မှု

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ခန့်မှန်းထားသည်ထက် သကြား ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ခြောက်လတွင် သကြားဈေးမှာ ၂၀ ရာခိုင်နှုန်း ကျော် ကျဆင်းခဲ့ပါသည်။ ပုံမှန်ဈေးကွက် အခြေအနေရှိပါက သကြားပိုလျှံ တန်ချိန် ၆ သန်းကို အသုံးပြုသွားရန် သကြားစက်များကို တိုက်တွန်းသွားရမည်ဖြစ်ပြီး အဆိုပါပိုလျှံသကြားများကို မက်လုံးပေးသည့် အစီအစဉ်ဖြင့် ပြည်ပသို့တင်ပို့ရန် ဆောင်ရွက် နိုင်ပါသည်။ လာမည့်နှစ်တွင် သကြားရောင်းလိုအားမှာ ပြည်တွင်းစားသုံးမှု လိုအပ်ချက်ထက် ၃၁ ရာခိုင်နှုန်း ပိုမိုနေမည် ဖြစ် သဖြင့် သကြားကုန်ကြမ်းနှင့် သကြားအဖြူတို့ကို ညီတူညီမျှ တင်ပို့သွားမည် ဖြစ်ပါသည်။

အိန္ဒိယ အစိုးရအနေဖြင့် ပြည်တွင်း၌ သကြားပိုလျှံနေမှုကို ဖြေရှင်းရန်နှင့် သကြားစက်လုပ်ငန်းရှင်များမှ ကြံစိုက် တောင်သူများသို့ ငွေပေးချေနိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်အထိ ပြည်ပသို့သကြားတန်ချိန်နှစ်သန်း တင်ပို့ခွင့်ပြုထားကြောင်းနှင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ သကြားအဖြူ တင်ပို့ခွင့်လည်း ပြုထားကြောင်း သိရှိရပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ သကြားတန်ချိန် ၂ သန်း တင်ပို့မည်ဖြစ်ပြီး တန်ချိန် ၁ သန်းမှာ Advance Authorization Scheme (AAS) အစီအစဉ်အောက်မှ re export နည်းလမ်းဖြင့် တင်ပို့မည် ဖြစ်ပြီး ကျန်သကြားတန်ချိန်၁ သန်းကို ပုံမှန်တင်ပို့ရောင်းချခြင်း ဖြစ်ပါသည်။ မြန်မာ၊ ဆူဒန်၊ ဆိုမာလီးယား၊ ယူအေအီး၊ ကင်ညာ၊ ဆော်ဒီအာရေဗျ နိုင်ငံများမှာ အိန္ဒိယမှ သကြားဝယ်ယူတင်သွင်းသူများ ဖြစ်ပါသည်။

တစ်ပြိုင်နက်တည်းမှာပင် အိန္ဒိယနိုင်ငံသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သကြားတန်ချိန် တစ်သန်းကို Advance Authorization Scheme (AAS)အစီအစဉ် အောက်မှ တင်သွင်းခွင့်ပြုမည် ဖြစ်ကြောင်းနှင့် ကုန်သွယ်မှု အချက်အလက်များအရ အောက်တိုဘာလမှ မတ်လအထိ တန်ချိန် ၅၅၀၀၀၀ အား တင်သွင်းနိုင်ခဲ့ကြောင်း ခန့်မှန်းထားပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့် သကြားကို ဘရာဇီးမှ အဓိကတင်သွင်းပြီး ယူအေ အီး၊ ဂျာမနီ၊ အီတလီ၊ ပြင်သစ်နှင့်အမေရိကန်ပြည်ထောင်စုတို့မှ အနည်းငယ်စီ တင်သွင်းခဲ့ပါသည်။

လွန်ခဲ့သောနှစ်က အိန္ဒိယအနေဖြင့် သကြားတန်ချိန် ၂ဒသမ၇ သန်း တင်သွင်း ခဲ့သည့်အနက် တန်ချိန် သုညဒသမ၂၇၅ သန်းမှာ Open General License (OGL) ဖြင့် တင်သွင်းခဲ့ခြင်းဖြစ်ပြီး ကျန်သကြားများကို AAS အစီအစဉ်အောက်မှ တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ AAS အစီအစဉ်ဖြင့် re export ပြုလုပ်ခဲ့သည့် သန့်စင်ပြီးသကြားမှာ တန်ချိန် ၂ ဒသမ ၁၅ သန်းရှိခဲ့ပါသည်။

**(ကေခိုင်ကျော်၊ နှစ်နိုင်ငံ)**

**အိန္ဒိယနိုင်ငံ၏ သကြား(အခြေခံကုန်ကြမ်းတန်ဖိုး), မက်ထရစ် တန်(ထောင်ပေါင်း)**

| သကြား Centrifugal | ၂၀၁၆/ ၂၀၁၇ | | ၂၀၁၇/ ၂၀၁၈ | | ၂၀၁၈/ ၂၀၁၉ | |
|---|---|---|---|---|---|---|
| ဈေးကွက် စတင်သည့်နှစ် | အောက်တိုဘာ ၂၀၁၆ | | အောက်တိုဘာ ၂၀၁၇ | | အောက်တိုဘာ ၂၀၁၈ | |
| အိန္ဒိယ | USDA Offical | New Post | USDA Offical | New Post | USDA Offical | New Post |
| ယခင်လက်ကျန် | ၉၂၉၄ | ၉၂၉၄ | ၆၆၉၄ | ၆၅၇၀ | ၀ | ၁၁၅၁၅ |
| ကြံသကြားထုတ်လုပ်မှု | ၂၂၂၀၀ | ၂၂၂၀၀ | ၂၇၇၄၀ | ၃၂၄၄၅ | ၀ | ၃၃၀၃၀ |
| သကြားထုတ်လုပ်မှုစုစုပေါင်း | ၂၂၂၀၀ | ၂၂၂၀၀ | ၂၇၇၄၀ | ၃၂၄၄၅ | ၀ | ၃၃၀၃၀ |
| ကုန်ကြမ်းတင်သွင်းမှု | ၂၄၉၉ | ၂၇၀၀ | ၁၅၀၀ | ၁၀၀၀ | ၀ | ၀ |
| သန့်စင်ပြီး သွင်းကုန် | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| စုစုပေါင်း သွင်းကုန်များ | ၂၅၀၀ | ၂၇၀၁ | ၁၅၀၀ | ၁၀၀၀ | ၀ | ၀ |
| စုစုပေါင်းရောင်းလိုအား | ၃၃၉၉၄ | ၃၄၁၉၅ | ၃၅၉၃၄ | ၄၀၀၁၅ | ၀ | ၄၅၃၄၅ |
| ကုန်ကြမ်းတင်ပို့မှု | ၀ | ၀ | ၀ | ၃၀၀ | ၀ | ၃၀၀၀ |
| သန့်စင်ပြီးပို့ကုန် | ၁၀၀၀ | ၂၁၂၅ | ၁၄၀၀ | ၁၇၀၀ | ၀ | ၃၀၀၀ |
| စုစုပေါင်း ပို့ကုန်များ | ၁၀၀၀ | ၂၁၂၅ | ၁၄၀၀ | ၂၀၀၀ | ၀ | ၆၀၀၀ |
| ပြည်တွင်းစားသုံးမှု | ၂၅၅၀၀ | ၂၅၅၀၀ | ၂၆၅၀၀ | ၂၆၅၀၀ | ၀ | ၂၇၅၀၀ |
| စုစုပေါင်း အသုံးပြုမှု | ၂၅၅၀၀ | ၂၅၅၀၀ | ၂၆၅၀၀ | ၂၆၅၀၀ | ၀ | ၂၇၅၀၀ |
| နှစ်ကုန်လက်ကျန် | ၆၆၉၄ | ၆၅၇၀ | ၈၀၃၄ | ၁၁၅၁၅ | ၀ | ၁၁၈၄၅ |
| စုစုပေါင်းဖြန့်ဖြူးမှု | ၃၃၉၉၄ | ၃၄၁၉၅ | ၃၅၉၃၄ | ၄၀၀၁၅ | ၀ | ၄၅၃၄၅ |

ဆက်လက်ဖော်ပြပါမည်

# တောင်ကိုရီးယား၏ ကုန်သွယ်ရေးပိုငွေ Trade Surplus ကျဆင်းနေ

ပို့ကုန်တင်ပို့မှု တိုးတက်နေသော်လည်း သွင်းကုန် တင်သွင်းမှုက ပိုမိုမြင့်တက် နေသည့် အခြေအနေကြောင့် ၂၀၁၈ ခုနှစ်ဇူလိုင်လအတွင်း တောင်ကိုရီးယား သမ္မတနိုင်ငံ၏ ကုန်သွယ်ရေးပိုငွေ (Trade Surplus) (ပို့ကုန်တန်ဖိုးမှ သွင်းကုန် တန်ဖိုးကိုနုတ်ပါက ကျန်ရှိသည့်တန်ဖိုး)သည် အမေရိကန်ဒေါ်လာ ၇ ဘီလီယံသာ ပေါ်ပေါက်ခဲ့ကြောင်း၊ ယခင်နှစ်အလားတူ ကာလတွင် ပေါ်ပေါက်ခဲ့သည့် ကုန်သွယ်ရေးပိုငွေ အမေရိကန် ဒေါ်လာ ၁၀ဒသမ၂ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ၃၁ဒသမ၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ဇူလိုင်လအတွင်း သွင်းကုန်တင်သွင်းမှု အခြေအနေသည် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၉ ဘီလီယံသို့ ရောက်ရှိခဲ့ သည့်အတွက် ယခင်နှစ်အလားတူကာလတွင် တင်သွင်းမှုတန်ဖိုးထက် ၁၆ဒသမ၂ ရာခိုင်နှုန်းထိ တိုးတက်ခဲ့ကြောင်း၊ ထို့ပြင် ဇွန်လတွင် ဖြစ်ပေါ်ခဲ့သည့် တိုးတက်မှုနှုန်း ၁၀ ဒသမ ၈ ရာခိုင်နှုန်းထက်လည်း ပိုမိုခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ်ဇူလိုင်လအတွင်း ပို့ကုန် တင်ပို့မှုအခြေအနေကို လေ့လာပါက အမေရိကန်ဒေါ်လာ ၅၁ဒသမ၉ ဘီလီယံထိ တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တင်ပို့မှုတန်ဖိုးထက် ၆ဒသမ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ဇွန်လတွင်တင်ပို့မှု သုညဒသမ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ ပြန်လည်တိုးမြင့်တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ တင်ပို့သည့်ပို့ကုန်အမယ်များကိုလေ့လာပါက သံမဏိတင်ပို့မှုသည် ၃၄ ရာခိုင်နှုန်း၊ ဆီမီးကွန် ဒက်တာတင်ပို့မှုသည် ၃၁ ဒသမ ၆ ရာခိုင်နှုန်း၊ ရေနံ ဓာတုပစ္စည်းတင်ပို့မှုသည် ၂၄ဒသမ၁ ရာခိုင်နှုန်း၊ မော်တော်ယာဉ် အပိုပစ္စည်းများ တင်ပို့မှုသည် ၇ဒသမ၂ ရာခိုင်နှုန်း အသီးသီးတိုးမြင့် တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ သို့ရာတွင် မော်တော်ယာဉ်များနှင့်သင်္ဘောများ တင်ပို့မှုသည် ၁၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၇၃ ဒသမ ၄ ရာခိုင်နှုန်းထိ အသီးသီးကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ်ဇူလိုင်လအတွင်း တောင်ကိုရီးယား၏ အဓိကကုန်သွယ်ဖက်နိုင်ငံများအနက် ကုန်သွယ်မှုအများဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသို့ တင်ပို့မှုသည် ၂၇ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ memory chip များ တင်ပို့ရောင်းချမှု ခိုင်မာနေသည့် အခြေအနေကြောင့် ၂၁ လ အထိ ဆက်တိုက်တိုးမြင့် တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် အမေရိကန်ပြည်ထောင်စုသို့ ၈ ဒသမ ၈ ရာခိုင်နှုန်းနှင့်ဂျပန်နိုင်ငံသို့ ၁၇ ဒသမ ၆ ရာခိုင်နှုန်းထိ တိုးမြင့်တင်ပို့နိုင်ခဲ့ကြောင်း၊ သို့ရာတွင် အာဆီယံနိုင်ငံများနှင့် အိန္ဒိယနိုင်ငံသို့တင်ပို့မှုသည် ၁ ဒသမ ၆ ရာခိုင်နှုန်းနှင့်၅ဒသမ၄ ရာခိုင်နှုန်းထိ အသီးသီးကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ်ဇန်နဝါရီလမှ ဇူလိုင်လထိ ပထမ ၇ လအတွက် သုံးသပ်ကြည့်ပါက တောင်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်ရေးပိုငွေသည် အမေရိကန်ဒေါ်လာ ၃၉ဒသမ၆၁ ဘီလီယံ ပေါ်ပေါက်ခဲ့ပါကြောင်း၊ သို့သော် ယခင်နှစ်၏ အလားတူကာလတွင် ပေါ်ပေါက်ခဲ့သည့် ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၅၅ဒသမ၂ ဘီလီယံနှင့် နှိုင်းယှဉ်ပါက တောင်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်ရေးပိုငွေကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

သို့ရာတွင် လက်ရှိ တရုတ်နိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုအကြား ကုန်သွယ်ရေး တင်းမာမှု အခြေအနေများကြောင့် ၂၀၁၈ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ၄ ရာခိုင်နှုန်းခန့် မြင့်တက်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**မြတ်သန္တာနွယ်**

# ရုရှားနှင့် ဆွစ်ဇာလန်နိုင်ငံတို့အနေဖြင့် အမေရိကန်ပြည်ထောင်စုမှ သံမဏိနှင့် အလူမီနီယံ သွင်းကုန်အတွက် အကောက်ခွန်များ တိုးမြှင့်ကောက်ခံမှုနှင့်ပတ်သက်၍ အငြင်းပွားမှု ဖြေရှင်းပေးရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တင်ပြ

အမေရိကန်ပြည်ထောင်စုအနေဖြင့် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်ဖြင့် သံမဏိသွင်းကုန်အတွက် အကောက် ခွန် ၂၅ ရာခိုင်နှုန်းနှင့် အလူမီနီယံ သွင်းကုန်အတွက် အကောက်ခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံမှုမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏Agreement on Safeguards နှင့် General Agreement on Tariffs and Trade (GATT)1994 တို့နှင့် ကိုက်ညီမှုမရှိသဖြင့် အငြင်းပွားမှုဖြေရှင်းပေးရန် ရုရှားနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း၌ တင်ပြထားပြီး ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ ရုရှားနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Dispute Settlement Body ဥက္ကဋ္ဌထံသို့ ကုန်သွယ်မှု အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ သဘောတူညီချက် ၏ Article (4.4) အရ ပထမအဆင့်အနေဖြင့် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု (Consultation)ပြုလုပ်ပေးနိုင်ရေး ဇူလိုင်လ ၇ ရက် ရက်စွဲဖြင့်လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံမှ ဇူလိုင်လ၁၂ရက် ရက်စွဲဖြင့်လည်းကောင်း တရားဝင် အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း၊ ထို့ပြင် အမေရိကန် ပြည်ထောင်စု၏ ယင်းလုပ်ရပ်အပေါ် ဥရောပသမဂ္ဂနှင့် ကနေဒါတို့မှ ပူးပေါင်း၍ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု (Consultation)ပြုလုပ်ပေးနိုင်ရေး ဇွန်လ ၆ ရက် ရက်စွဲဖြင့် လည်းကောင်း၊ မက္ကဆီကိုနိုင်ငံမှ ဇွန်လ ၇ ရက် ရက်စွဲဖြင့်လည်းကောင်း၊ နော်ဝေနိုင်ငံမှ ဇွန်လ ၁၉ ရက် ရက်စွဲဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံမှ မေလ ၂၃ ရက် ရက်စွဲဖြင့်လည်းကောင်း၊ တရုတ်နိုင်ငံမှ ဧပြီ ၉ ရက် ရက်စွဲဖြင့်လည်းကောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Dispute Settlement Body ဥက္ကဋ္ဌထံသို့ တရားဝင်အကြောင်းကြားစာ ပေးပို့ထားခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

**ညီညီအောင်၊ (WTO သံမှူး)**
**မြန်မာသံရုံး၊ ဂျီနီဗာမြို့**



CB BANK

# INTERNATIONAL TRADE SERVICES
# နိုင်ငံတကာ ကုန်သွယ်ရေး ဝန်ဆောင်မှု

### Import Services
### သွင်းကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း/ ပြင်ဆင်ခြင်း။
- ငွေလွှဲစာတမ်း အတွက် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ရောက်ရှိလာသော သွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။
- ပြည်တွင်း ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း။
- ကုန်ရောင်းငွေလွှဲစာတမ်းပေါ် အခြေခံ၍ ကုန်ဝယ်ငွေလွှဲ စာတမ်းအားပြန်လည်ဖွင့်လှစ်ပေးခြင်း။

### Export Services
### ပို့ကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်း နှင့် ငွေလွှဲစာတမ်းပြင်ဆင်ခြင်းအား အကြောင်းကြားပေးခြင်း။
- ငွေလွှဲစာတမ်းအတွက် ငွေတောင်းခံခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ပေးပို့သော ကုန်ပစ္စည်းများအတွက် ငွေတောင်းခံခြင်း။
- ကြိုတင်ရငွေ / ပို့ကုန်ငွေလွှဲအားထည့်သွင်းပေးခြင်း။
- လွှဲပြောင်းနိုင်သော ငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း။

### Export/Import Financing
### ပို့ကုန် / သွင်းကုန် ငွေကြေးထောက်ပံ့မှု

**ပို့ကုန် ငွေကြေးထောက်ပံ့မှု**
**( Export Financing )**

- ကုန်ပစ္စည်းဝယ်ယူထုတ်လုပ်ရန် ကြိုတင်ငွေ ထုတ်ယူခြင်း။
- ကုန်တန်ဖိုး ငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ယူခြင်း။
- ဆိုင်းငံ့ကာလစနစ် ထုတ်ကုန်ငွေလွှဲစာတမ်းပေါ်တွင် သဘောတင်စာရွက်စာတမ်းများ ဝယ်ယူခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

**သွင်းကုန် ငွေကြေးထောက်ပံ့မှု**
**( Import Financing )**

- ယုံကြည်မှုဖြင့် ဝယ်ယူထားသော ကုန်ပစ္စည်းအတွက် အချိန်ပိုင်း ချေးငွေထုတ်ပေးခြင်း။
- သွင်းကုန် ငွေတောင်းခံလွှာ ပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ပေါ် အခြေခံ၍ အချိန်ပိုင်း ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကုန်ရောင်းသူ၏ အကြွေးစနစ်ပေါ်တွင်ငွေလက်ငင်းရရှိရန် ကြားခံဘဏ်များမှ ချေးငွေထုတ်ပေးခြင်း။


### International Remittance
### အပြည်ပြည်ဆိုင်ရာ ငွေလွှဲဝန်ဆောင်မှု

- ပြည်ပမှ ငွေလွှဲများဝင်ရောက်ခြင်း။ **( Inward Remittance )**
- ပြည်ပသို့ ငွေလွှဲများ ပေးပို့ခြင်း။ **( Outward Remittance )**



Call Centre : (+95) **1 231 777 0**

Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm


ALPINE
Purified Drinking Water
PROMISES PURITY

# COMMERCE INTERNATIONAL



# ATM စက်များကို ကမ္ဘာတစ်ဝန်း တိုက်ခိုက်နေရသဖြင့် ထိုင်းဘဏ်တို့အသင့်ပြင်

ဆိုင်ဘာ ရာဇဝတ်မှု ကျူးလွန်သူတို့က အေတီအမ် ငွေထုတ်စက်များကို ကမ္ဘာ့အတိုင်းအတာဖြင့် တိုက်ခိုက်ရန် စီစဉ်နေကြောင်း သတင်းများထွက်ပေါ်နေသဖြင့် ငွေထုတ်စက်များအား ခွင့်ပြုချက်မဲ့ ချဉ်းနင်းဝင်ရောက်မှုကို ကာကွယ်ရန် ထိုင်းနိုင်ငံအတွင်းရှိ ကူးသန်းရောင်းဝယ်ရေး ဘဏ်များက လုံခြုံရေးအစီအမံများကို မြှင့်တင်လျက်ရှိသည်။

လာမည့်ရက်များအတွင်း ကမ္ဘာနှင့်ချီ၍ အေတီအမ်စက်များကို တိုက်လိမ့်မည်ဟူသည့် အတည်မပြုနိုင်သေးသောသတင်းကို အမေရိကန်နိုင်ငံ၏ ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးအဖွဲ့က လက်ခံရရှိထားကြောင်း The Star သတင်းစာတွင် ဖော်ပြသည်။

တိုက်ခိုက်မှု သတိပေးချက်မှာ ဆိုင်ဘာ လုံခြုံရေးနှင့် ပတ်သက်သော အခမ်းအနားတစ်ခုမှ ထွက်ပေါ်လာသည်ဟု ယုံကြည်ရသော်လည်း ယခုအဆင့်မှာပင် ထိုင်းဘဏ်များက ကောင်းမွန်စွာ အသင့်ပြင်ထားသည်ကို သူ သတိထားမိကြောင်း ထိုင်းဘဏ်ဆိုင်ရာ ကွန်ပျူတာ အရေးပေါ်တုံ့ပြန်ရေး အဖွဲ့ဥက္ကဋ္ဌ ကစ်တီကိုဆာဗစ်ဆုက ပြောသည်။

ခွင့်ပြုချက်မရှိသော ကွန်ပျူတာ အစီအစဉ်များ အမျိုးသား အေတီအမ်ကွန်ရက်အတွင်းသို့ မဝင်ရောက်နိုင်ရေးအတွက် ထိုင်းဘဏ်များက ထိန်းချုပ်မှုစနစ်များအား တင်းကျပ်စွာ ထိန်းသိမ်းထားသည့်အတွက် ဘဏ်စနစ်အတွင်းသို့ ဟက်ကာများ ဝင်ရောက်ရန် ခက်ခဲမည်ဖြစ်ကြောင်း သူက ပြောသည်။

ထိုင်းဘဏ် အများအပြားသည် သန်းပေါင်းများစွာသော ဖောက်သည်များကို အွန်လိုင်းနှင့် မိုဘိုင်းပလက်ဖောင်းများသို့ ပြောင်းရွှေ့ထားပြီးဖြစ်သည်။ ဥပမာအားဖြင့် ယခုအခါ ကာစီကွန်ဘဏ်၏ ဖောက်သည် ကိုးသန်းခန့်သည် မိုဘိုင်း အပလီကေးရှင်းများကို အသုံးပြုလျက်ရှိသည်။ သို့သော်လည်း ဖောက်သည်အများစုမှာ ငွေထုတ်ခြင်းနှင့် အခြားငွေကြေး လုပ်ဆောင်ချက်များအတွက် အေတီအမ်စက်များကို အသုံးပြုနေဆဲဖြစ်သည်။

စောစောပိုင်း ထိခိုက်ခံရသည့် အထဲတွင် အသေးစားမှ အလတ်စားအထိ ငွေကြေးအဖွဲ့အစည်းများ ပါဝင်ပြီး ယင်းသို့ဖြစ်ရသည်မှာ ဆိုင်ဘာ လုံခြုံရေးထိန်းချုပ်မှုများကို ထိထိရောက်ရောက် အကောင်အထည်ဖော်မှု မရှိသောကြောင့်ဖြစ်နိုင်ကြောင်း The Star သတင်းတွင် ပါရှိသည်။

"ဒီဆောင်ရွက်မှုတွေက ဆက်လက်ဖြစ်ပွားနေမယ် သို့မဟုတ် အနာဂတ်ကာလမှာ ပိုမိုဖြစ်ပွားလာနိုင်တယ်လို့ အက်ဖ်ဘီအိုင်က ခန့်မှန်းထားပါတယ်။ ဆိုင်ဘာရာဇဝတ်မှု ကျူးလွန်သူတွေက ကတ်နဲ့ပတ်သက်ပြီး ခိုးယူထားတဲ့ဒေတာ အချက်အလက်တွေကို သူတို့နဲ့ ကြံရာပါတွေဆီကို ပို့ပေးပါတယ်။ ကြံရာပါတွေက စတိုးဆိုင်တွေက လက်ဆောင်ကတ်တွေလို သံလိုက်ကတ်တွေမှာ ဒေတာအချက်အလက်တွေ ပြန်တင်ပြီး တရားဝင်ကတ်တွေကို အတုလုပ်ပါတယ်"ဟု သတိပေးချက်မှာ ဖော်ပြထားပါတယ်။

"ကြိုတင် သတ်မှတ်ထားတဲ့ အချိန်မှာ ကြံရာပါတွေက ဒီကတ်တွေကို အသုံးပြုပြီး အေတီအမ်စက်တွေကနေငွေတွေကို ထုတ်ယူပါတယ် "ဟု အက်ဖ်ဘီအိုင်က ပြောသည်။

**If you can't reuse it,refuse it**
**ပြန်လည်သုံးစွဲ၍မရပါက ထိုပစ္စည်းများ သုံးရန်ငြင်းဆန်ကြ။**

# ကာကွယ်ဆေး အရှုပ်တော်ပုံကြောင့် တရုတ်ထိပ်တန်းအရာရှိများ ထုတ်ပယ်ခံရ

ကလေးများအတွက် အဆင့်အတန်းမမီသော ထိုးဆေး သန်းဝက်နီးပါးကို ထုတ်လုပ်ခဲ့သော ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ ချန်ရှန်းဘိုင်အိုတက်ခနော်လော်ဂျီကုမ္ပဏီပိုင်ပစ္စည်းများကို သိမ်းယူရန် တရုတ်အစိုးရက အမိန့်ပေးခဲ့ကြောင်း South China Morning Post သတင်းတွင် ဖော်ပြသည်။

ကမ်းခြေဒေသ မြို့တစ်မြို့ဖြစ်သော ဘေဒိုင်ဟီမြို့တွင် နှစ်အကုန်အလွတ်သဘော တွေ့ဆုံပြီး နောက်ပိုင်း ပထမအကြိမ်အဖြစ် ကျင်းပသော အစည်းအဝေးတွင် ယခင်နှစ်ဧပြီမှစ၍ ပြည်နယ် အစားအစာနှင့် ဆေးဝါးကြီးကြပ်ရေးကို ဆောင်ရွက်ခဲ့သူ ဂျီလင်းဒုတိယအုပ်ချုပ်ရေးမှူး ဂျင်ယုဟွေကို ထုတ်ပယ်ရန် သမ္မတရှီကျင့်ဖျင် ခေါင်းဆောင်သည့် ကွန်မြူနစ်ပါတီဝင် ခုနစ်ဦးပါဝင်သော ပေါလစ်ဗျူရို အမြဲတမ်းကော်မတီက အမိန့်ပေးခဲ့သည်။

ရာထူးမှထုတ်ပယ်ခံရသော အခြားထိပ်တန်းအရာရှိများမှာ ဂျီလင်းပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံအဖွဲ့ ဥက္ကဋ္ဌနှင့် ပြည်နယ် အစားအစာနှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့ အကြီးအကဲဟောင်း လီဂျင်ရှီ၊ ချန်ချွန်မြို့တော်ဝန် လျူချောင်လောင်းနှင့် ပါတီအတွင်းရေးမှူးနှင့် နိုင်ငံတော် ဈေးကွက်ကြီးကြပ်မှု အုပ်ချုပ်မှုအဖွဲ့ ညွှန်ကြားရေးမှူး ဘီဂျင်းကွမ်တို့ဖြစ်သည်။

တရုတ်အစိုးရက ဂျီလင်းမှ ပါတီထိပ်တန်းအရာရှိ ကျန်ဇီယင်းနှင့် တရုတ်နိုင်ငံ၏ အမျိုးသားဆေးဝါးကြီးကြပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချောင်ဟောင်တို့အား မိမိကိုယ်မိမိ လေးလေးနက်နက် ဝေဖန်မှုပြုရန် အမိန့်ချမှတ်ကာ ကျန်အရာရှိ ၃၅ ဦးကို ပြစ်ဒဏ်များ အသီးသီးသတ်မှတ်ခဲ့သည်။

# ရူပြားတန်ဖိုးမြင့်တက်အောင် အထောက်အကူပေးကြဖို့ ပို့ကုန်လုပ်ငန်းရှင်များကို အင်ဒိုနီးရှား အစိုးရပန်ကြား



တူရကီ ဘဏ္ဍာရေး အကျပ်အတည်းက အင်ဒိုနီးရှားဈေးကွက်သို့ ပျံ့နှံ့လာမည်ကို စိုးရိမ်မှုကြောင့် တန်ဖိုးကျဆင်းနေသော နိုင်ငံသုံးငွေကြေး ရူပြားတန်ဖိုး ပြန်လည်မြင့်တက်လာစေရန်အတွက် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်ပို့ကုန်မှ ရရှိသော နိုင်ငံခြားရငွေများကို ပြန်လည်လဲလှယ်ကြရန် ပို့ကုန်လုပ်ငန်းရှင်များအား အင်ဒိုနီးရှားအစိုးရက ထပ်မံပန်ကြားလိုက်ကြောင်း thestar.com သတင်းတွင် ဖော်ပြသည်။

အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရူပြားတန်ဖိုးသည် ဩဂုတ် ၁၆ ရက်က သုညဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာ ကို ၁၄၆၂၅ ရူပြားနှုန်းရှိခဲ့သည်။ ငွေကြေးအပေါ် ကျရောက်နေသော ဖိအားများကို သက်သာစေရန် ယခုနှစ်အတွင်း စတုတ္ထအကြိမ်မြောက်အဖြစ် ဩဂုတ် ၁၅ ရက်က ဗဟိုဘဏ်မှ တိုးပေးလိုက်သောနှုန်းမှ ရုတ်တရက် ထိုးဆင်းလာခြင်း ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းများက သူတို့ဒေါ်လာ ငွေကြေးများကို ဖလှယ်ရေးသည် အဓိကဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း အင်ဒိုနီးရှား ကုန်သည်ကြီးများနှင့်စက်မှုလုပ်ငန်းရှင်များအသင်းက ပြုလုပ်သော အခမ်းအနားတစ်ခုတွင် စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီး ဒါမင်းနာဆုရှင်းက ပြောသည်။

"အခု ကျွန်တော်တို့ လုပ်နေတာကတော့ စီးပွားရေးလုပ်ငန်း အသိုက်အဝန်းနဲ့ ဆွေးနွေးပွဲတွေ ပိုမိုဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံ စီးပွားရေးအတွက် နိုင်ငံခြားငွေ တကယ်တမ်း လိုအပ်နေတယ်ဆိုတာကို နားလည်မှုရရှိအောင် တည်ဆောက်ဖို့ဖြစ်ပါတယ်။ တကယ်တမ်းပြောရရင်တော့ ရူပြားငွေကြေးကို ဖလှယ်ဖို့ပါပဲ "ဟု ဩဂုတ် ၁၅ ရက်က အသင်းတွင် ပြုလုပ်သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် နာဆုရှင်းကပြောသည်။

အစိုးရက ငွေကြေးထိန်းချုပ်မှုများကို ဆောင်ရွက်မည်မဟုတ်ကြောင်း နာဆုရှင်းက အခိုင်အမာ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်များက ပို့ကုန်မှ ရငွေများကို ပြည်တွင်းဘဏ်များမှတစ်ဆင့် ရယူရန်လိုအပ်လျက်ရှိသည်။ ဤသို့ရရှိသော ဝင်ငွေများအနက် ၉၀ ရာခိုင်နှုန်းမှာ ပြည်တွင်းဘဏ်များမှ ရယူခြင်းဖြစ်သော်လည်း ၁၅ ရာခိုင်နှုန်းကိုသာ ပြည်တွင်းငွေကြေးဖြင့် လဲလှယ်ကြောင်း ဗဟိုဘဏ်စာရင်းများအရ သိရသည်။

စံမီအောင် စုစည်းသည်